

# ပျိုကညာ

ဆကာကြီးထိပ်တင်

## ဆကာကြီးထိပ်တင် [၁၉၁၂–၁၉၄၃]

ဧရာဝတီတိုင်းဒေသကြီး ဆကာကြီးမြို့၌ အဖ ဆကာကြီးမြို့ အလယ်တန်းကျောင်းအုပ်ဆရာကြီး ဦးဘတူ၊ အမိ ဒေါ်ဖွား (ဒေါ်ဒေါ်ဘွား) တို့က ၁၀ ဖေဖော်ဝါရီ ၁၉၁၂ စနေနေ့ နံနက် ၆ နာရီတွင် မွေးဖွားသည်။ မွေးချင်းလေးယောက်တွင် အကြီးဆုံး၊ အမည်ရင်း မောင်သန်း (မောင်သန်းမောင်) ဖြစ်သည်။

ခြောက်နှစ်အရွယ်တွင် ဖခင်ကြီး၏ ကျောင်းမှာ စတင် ပညာသင်ယူသည်။ ၁၂ နှစ်တွင် ဆဋ္ဌမတန်းကို မနုဖြူမြို့နယ် တစ်ခုလုံး၌ အသက်အငယ်ဆုံးနှင့် အထူးချွန်ဆုံး အောင်မြင်သောကြောင့် စကောလားရှစ် ချီးမြှင့်ခံရကာ၊ မနုဖြူမြို့ အေဘီအမ် ခရစ်ယာန်ကျောင်းသို့ ပြောင်းရွှေ့သင်ယူသည်။ ၁၆ နှစ်တွင် ၇ တန်း အောင်သည်။ ထို့နောက် ညောင်တုန်း ဆရာဖြစ်သင်တန်းသို့ အစိုးရ အထောက်အပံ့ဖြင့် တက်ရောက်သည်။ ၁၉ နှစ်သားတွင် ဖခင်၏ ကျောင်းမှာ လက်ထောက်ကျောင်းဆရာအဖြစ် အမှုထမ်းသည်။

စတုတ္ထတန်း ကျောင်းသားဘဝတွင်ပင် ဝပ်ဆင်တိုက်ထုတ် ကောဇာသစ် မဂ္ဂဇင်း (၁၉၂၄ ခုနှစ်) တွင် ပါရှိသော 'ထားဝယ်သူ မပြုံးကြည်' မေးသည့် ပဟေဠိ စကားထာပုစ္ဆာကို "မောင်သန်း၊ လေးတန်း၊ မနုဖြူ၊ အေဘီအမ် ကျောင်း" အမည်နှင့် ဖြေဆိုနိုင်ခဲ့သည်။ ထိုအချိန်မှ စ၍ သက်စောင့်နှင့် ကောဇာသစ် မဂ္ဂဇင်းများတွင် ကနူကြီးရွာ ဆရာတင်ကြီးထံ တပည့်ခံ၍ ကဗျာများ စတင်ရေးသားခဲ့သည်။ ဆရာဖြစ်သင် အောင်ပြီးနောက် အလုပ်မဝင်မီ ဗန္ဓုလဂျာနယ်တွင် ပါသည့် "ဝါကျွတ်မှ ယူမယ်" သည် ပထမဆုံး ဝတ္ထုတို ဖြစ်သည်။ တိုင်းလုံးကျော်တိုက်မှ ထုတ်ဝေသော **နှင်းငွေ့ရည်** သည် ပထမဆုံး လုံးချင်းဝတ္ထု ဖြစ်သည်။ ထိုခေတ် စာနယ်ဇင်းများတွင် ဝတ္ထုတို၊ ဝတ္ထုရှည်၊ လုံးချင်းဝတ္ထု၊ လူမှုရေး၊ နိုင်ငံရေး၊ ပညာရေး ဆောင်းပါးများနှင့် ကဗျာများ အပါအဝင် ၁၅၀ ကျော် ရေးသားခဲ့သည်။

ထုတ်ဝေခဲ့သော စာအုပ်အချို့မှာ **ဘီးဖြူရှင်၊ ဝန်းနှစ်ပွင့်၊ ချစ်ဝတ်မှုန်၊ လောကီငွေ့** [အစိုးရက 'ညစ်ညမ်းသည်' ဟု တရားစွဲကာ ဒဏ်ငွေ ၆၀ ကျပ် တပ်ရိုက်ခံရသည်။ ] (၁၉၃၉–၄၀)၊ **ခန်းပွင့်သူ၊ ကဝ်ကျော်မ၊ လှသူစာ၊ သွေးသောက်၊ စံပယ်ဖြူ၊ မလုံ့တလုံ၊ ချို့ကာမပိုင်** စသည်တို့ ဖြစ်ကြသည်။ ၁၃ ဒီဇင်ဘာ ၁၉၄၃ တွင် ဆကာကြီးမြို့မှာ နလုံးရောဂါဖြင့် ကွယ်လွန်ခဲ့သည်။

**၂၀၁၇–၂၀၂၀ ထုတ်
ရာပြည့်စာအုပ်များ**

၄၅၉။ ဆရာဇော်ဂျီ ၏ ပုသိမ်ရာဇဝင်
၄၆၀။ လယ်တီပဏ္ဍိတ ဦးမောင်ကြီး ၏ သုတ္တန္တနီတိကျမ်း
၉၉(၃)။ မောင်ထင် ၏ ဝတ္ထုတိုပေါင်းချုပ် [ဖြည့်စွက် ထုတ်ဝေခြင်း]
၄၆၁။ ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ) ၏ မြန်မာမင်းလက်ထက်တော် စာတမ်းများ
၄၆၂။ ဦးအောင်မွန် (မြတ်ဆုမွန်) ၏ မြတ်စွာဘုရားရှင်တို့၏ ခရီးဒေသစာ
၄၆၃။ သခ်ါ ၏ သူတော်ကောင်းကြီး
၄၆၄။ တောင်သာမာဒင် ၏ ပန်းခိုးမှုနှင့် ကျေးရွာတရားရုံး စုံထောက်မှုများ
၄၆၅။ ရွှေကိုင်းသား ၏ သမိုင်းထဲက စစ်ကိုင်း
၄၆၆။ မောင်ခင်မင် (ဓနုဖြူ) ၏ ဘာသာစာပေ သုတေသန စာတမ်းများ
၄၆၇။ စိန်စိန် ၏ ချစ်ငြိုးချစ်မာန်
၄၆၈။ ထွန်းသစ် ၏ တိုက်ပွဲ ၁၀၀၊ အောင်ပွဲ ၁၀၀ [ဒုတိယအုပ်]
၄၆၉။ ဆရာမာဃ ၏ နိဗ္ဗာန်ဝါဒသမိုင်း
၄၇၀။ လယ်တီပဏ္ဍိတ ဦးမောင်ကြီး ၏ သူရဿတီနီတိ [ပေါင်းချုပ်]
၄၇၁။ မောင်ပေါ်ထွန်း နှင့် ချစ်ဝင်းညွန့် (မြန်မာပြန်) ၏ ပါရီ မီးလောင်ပြီလား
၄၇၂။ မှော်ဘီဆရာသိန်း ၏ စကားပဒေသာ
၁၀၉(၃)။ ကျော်အောင် (မြန်မာပြန်) ၏ အကောင်းမြင်သမား (Candide by Voltaire)
၄၇၃။ သခင်ဘသောင်း (မြန်မာပြန်) ၏ ဗုဒ္ဓ၏ စကြဝဠာတရား
၄၇၄။ မောင်ရွှေကြည် ၏ ကျားဆိုသော ကျား
၄၇၅။ ဓာတာတော်ပုံ ရာဇဝင်
၄၇၆။ ပြည့်စုံ ၏ ပန်းရုံ
၄၇၇။ ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ) ၏ မြန်မာ ပြဇာတ်စာပေသမိုင်း
၄၇၈။ နေဦးဝေ (မြန်မာပြန်) ၏ သမိုင်းကို ပြောင်းလဲစေသော ကမ္ဘာကျော် အမှား ၁၀၀
၄၇၉။ သစ်ဦးဇင် (မြန်မာပြန်) ၏ မဟာကရုဏာသခင်၊ မီးအိမ်ရှင် ဖလောရင့် နိုက်တင်ဂေးလ်
၄၈၀။ ငွေလင်း ၏ ဝါးကြီးအိုင်သူပုန်
၄၈၁။ ဒေါက်တာတိုးလှ ၏ ပင်းယ–အင်းဝခေတ်မှ သမိုင်းဝင် စေတီပုထိုးများ [၆၇၂–၁၂၄၇]
၄၈၂။ ကျော်အောင် ၏ ဝတ္ထုတိုများ
၄၈၃။ ဟန်ဝင်းအောင် ၏ မတ်လ ၂၇
၄၈၄။ အရှင်အာဒိစ္စဝံသမထေရ် (မြန်မာပြန်) ၏ အသောကမင်းတရားကြီး၏ ကျောက်စာတော်
၄၈၅။ သိန်းသန်းထွန်း ၏ မိုးတချွေနှင့် မဂ္ဂဇင်းဝတ္ထု ပေါင်းချုပ်
၄၈၆။ တင်မောင်မြင့် ၏ သတို့သားနှင့် အခြား ဝတ္ထုတိုများ
[ The Bridegroom Stories by Ha Jin ]
၄၈၇။ မောင်ခင်မင် (ဓနုဖြူ) ၏ ကလောင်တစ်ချောင်း၏ အတ္ထုပ္ပတ္တိ
၄၈၈။ မာဃ ၏ မင်းမြတ်သာလွန် [အတ္ထုပ္ပတ္တိ]
၄၈၉။ မောင်ရဲခိုင် ၏ ကောင်းကင်စားကျက် [The Pastures of Heaven by John Steinbeck ]
၄၉၀။ သိပ္ပံမောင်ဝ ပြဇာတ်ပေါင်းချုပ်
၄၉၁။ ညိုမြ ၏ နယ်နိမိတ်မဲ့ ကမ္ဘာ [ World Without Borders by Lester R.Brown]

**၂၀၂၀ ခုနှစ်တွင် ထုတ်ဝေမည့် စာအုပ်များ**

၄၉၃။ သစ်ဦးဇင် (မြန်မာပြန်) ၏ အပြောင်းအလဲ
၄၉၄။ ငွေလင်း ၏ သည်မိုးနှင့်သည်မြေ အညာဓလေ့ ဝတ္ထုတိုများ
၄၉၅။ ဦးတင်မောင်ရင် ၏ ရှေးခေတ်ဟောင်း ကမ္ဘာ့သမိုင်း [သုံးတွဲ၊ ပေါင်းချုပ်]
၄၉၆။ တင့်ဇော် (မြန်မာပြန်) ၏ အာဖရိက ဝတ္ထုတိုများ [African Stories]
၄၉၇။ တက္ကသိုလ်ဝင်းမွန် ၏ အမျိုးသားပညာဝန် ဦးဖိုးကျား၏ ဘဝနှင့်စာပေ

ရာပြည့်စာအုပ် ၄၉၂

# ဆကာကြီးထိပ်တင်

# ပျို့ကာရဏာ

ရာပြည့်စာအုပ်တိုက်
www.yarpyae.com
တစ်ပြည်လုံးဖြန့်ချိရေး-ရာပြည့်စာအုပ်ဆိုင်
ပန်းဆိုးတန်း (ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် အနော်ရထာလမ်း အကြား)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း။ ၀၉၇၃ ၂၄၅ ၂၈၉ (ဆိုင်)၊ ၀၁-၃၇၅၉၃၂ (နယ်/ဖြန့်ချိရေး)

**ပုံနှိပ်ခြင်း**
ပထမအကြိမ် – (၁၉၄၀) [ ? ]
ဒုတိယအကြိမ် – (၁၉၄၈) အောင်ပုံနှိပ်တိုက်
တတိယအကြိမ်– (၂၀၂၀) ရာပြည့်စာအုပ်တိုက်
(ဧပြီ ၂၀၂၀)
အုပ်ရေ [၈၀၀]

❏

**ထုတ်ဝေသူ**
ဒေါ်ခင်အေးမြင့်၊ ရာပြည့်စာပေ [၀၀၆၆၀]
၂၀၆၊ ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

❏

**ပုံနှိပ်သူ**
ဦးလပြည့်ဆေး၊ လပြည့်လင်းပုံနှိပ်တိုက် [၀၁၃၆၉]
အမှတ် ၁၁ အိပ်ချ်၊ ၅၅လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

❏

**မျက်နှာဖုံး ပန်းချီ နှင့် ဒီဇိုင်း**
ဦးကိုလေး နှင့် လင်းဝဏ္ဏ

❏

**တန်ဖိုး**
၂၀၀၀ ကျပ်

**သတိပေးပါသည်**

ဤစာအုပ် ထုတ်လုပ်ဖွဲ့စည်းမှု ပုံစံသည် ရာပြည့်စာအုပ်တိုက်၏ မူပိုင် ဖြစ်သည်။ စာအုပ်အညွှန်း၊ စာအုပ်ဝေဖန်ချက် ရေးခြင်းမှ လွဲ၍ ယခု ပုံစံအတိုင်း စာတစ်အုပ်လုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကို ဖြစ်စေ အခြားသော မည်သည့်ပုံစံသို့မျှ ပြုပြင် ပြောင်းလဲ သုံးစွဲခွင့် မပြု။

## ပဏာမ

ဤ "ပျို့ကရဏာ" ဝတ္ထုသည် ဆရာ ဆကာကြီးထိပ်တင်၏ လွန်ခဲ့သော ၁၀ နှစ်က ကလောင်သံ ဖြစ်၍ ယခုခေတ် မြန်မာဝတ္ထု အဆင့်အတန်းနှင့် နှိုင်းယှဉ်ကာ ဝေဖန် ဖတ်ရှုနိုင်ရန် ဒုတိယ အကြိမ်မြောက် ထုတ်ဝေရပါကြောင်း။

၄င်းစာမူများကို ဆကာကြီးမြို့ မိတ္ထီလာကျောင်း "ဆကာ ကြီးထိပ်တင် စာကြည့် ပိဋကတ်တိုက်"မှ ရှာဖွေပေး၍ ဝတ္ထုရေး ဝါသနာပါသူများအဖို့ အထောက်အပံ့ ရစေရန် ထုတ်ဝေခွင့်ပြု ပါသည်။ ဤဆောင်းပါးမှာ ၁၃၀၅ ခု သီတင်းကျွတ် လပြည့်နေ့ ရေးသည်။ ၄င်း ၁၃၀၅ ခု ပြာသိုလဆုတ် ၂ ရက်နေ့တွင် နှလုံး ရောဂါဖြင့် ကွယ်လွန်အနိစ္စ ရောက်ခဲ့သည်မှာ ၅ နှစ်ပြည့်ခါ နီးလေပြီ။ ဆရာ၏ ရည်ရွယ်ချက်သည် "စာကြည့်သော လူမျိုး သည် ကြီးပွားရမည်"ဟူ၏။ တိုင်းပြည်မှာ စာဖတ်သူ များများ ပေါ်အောင် ဝတ္ထု၊ ဆောင်းပါးများဖြင့် ကြိုးစား ဆောင်ရွက် ရုံတွင်မက စာရေးသူ တိုးတက်အောင် ဤဆောင်းပါးဖြင့် သွေး ထိုးပေးခဲ့လေသည်။ ပုံနှိပ်စက်မတင်ရသေးသည့် ဝတ္ထုတို၊ ဆောင်းပါး စာမူများ ကျန်ရှိနေသေးသဖြင့် အခါအခွင့်လျော်စွာ ထုတ်ဝေရန် ရည်ရွယ်ပါကြောင်း။

**ဆကာကြီး ထိပ်တင်နွယ်**

## နိဒါန်း

"ပျို့ကရုဏာ" အမည်နှင့် ၈ ပဲတန် စပါယ်ရှယ် ဝတ္ထုတစ်ပုဒ် ရေးပေးပါ။ အထူး နှစ်ပတ်လည်အဖြစ် အခုံစား ထုတ်ဝေလိုပါသည်။ ဆရာ ကြိုက်သမျှ အဖိုးအခကိုလည်း မငြင်းဆန်ပါ"ဟူသော အပြည့်အစုံ ကျွန်ုပ် လိုလားချက်ကို ဖော်ပြသည့် စာတစ်စောင် ရောက်လာရကား ကျွန်ုပ်မှာ မရှောင်မလွှဲသာတော့ပါ။

ကျွန်ုပ်မှာ အသက် ၁၆ နှစ် အရွယ်မှစ၍ မဂ္ဂဇင်း၊ သတင်းစာ၊ ဂျာနယ် များတွင် ကလောင်ကျက်စားခဲ့သည် မှန်သော်လည်း ဤသို့ စာအုပ်သီးခြားအဖြစ် ရေးထုတ်ခဲ့ခြင်းကား အရေအတွက်အားဖြင့် မများသေးပေ။

သို့ကြောင့်လည်း စာဖတ်သူတို့ အကြိုက်၊ ထုတ်ဝေသူဖို့ အကြိုက်၊ ကျွန်ုပ်၏ ရည်ရွယ်ချက်ဝါဒ အကြောင်းသုံးပါး ဆုံစည်းမိစေရန် သွေးတိုးစမ်းသော သဘောဖြင့် အဆင့်အတန်း မမြင့်လွန်း မနိမ့်လွန်းသော ဝတ္ထုစာမျိုး၊ အဆင့်အတန်း မြင့်လွန်းသော ဝတ္ထုစာမျိုး၊ ယောကျ်ားကြိုက်၊ မိန်းမကြိုက် စသည်ဖြင့် အမျိုးမျိုး ရှိကြသည်ကို ကျွန်ုပ်မှာ တစ်အုပ်လျှင် တစ်မျိုးစီ မြေစမ်း၍ ခရမ်းပျိုးလိုက်ရပေ၏။

ဖော်ပြခဲ့ပြီးသော အကြောင်းသုံးပါးကို ကျွန်ုပ် ဖတ်မိသော အခါတွင်ကား ကျွန်ုပ်တွင် ကျွန်ုပ်၏ အလိုကို ဖြည့်စွမ်းပေးသော ဤစာအုပ်တိုက်နှင့် ဆက်လက်၍ ထူးထူးခြားခြားကြီး ခရီးသွားရပေတော့မည် ဟူ၍လည်း နှစ်ထောင်းအားရ ဝမ်းသာ ခြင်း ဖြစ်ခဲ့ရလေတော့၏။

ဝတ္ထုအရသာ အမျိုးမျိုး ရှိကြရာတွင် ဝတ္ထုတစ်ပုဒ်လုံးကို အရသာတစ်ခု သာ ပေါ်အောင် ရေးခြင်း၊ ဝတ္ထုတစ်ပုဒ်လုံးတွင် အရသာအမျိုးမျိုး ပေါ်အောင်

ရေးခြင်း စသည်ဖြင့် နည်းနှစ်မျိုးရှိရာ ဤဝတ္ထုရှည်များမှာ အများအားဖြင့် ဒုတိယ နည်းကိုသာ ယခုအခါ လိုက်နာ ရေးသားကြသည် ဖြစ်သဖြင့်လည်း တစ်ခုတည်း သော အရသာ ပေါ်ထွက်အောင် နှက်ရမည့် အရေးမှာ တွေးသလောက် မလွယ်ကူ ချေ။

အချဉ်ကို တောင့်တသူအတွက် အချိုမှာ အရာမရောက်သည့်နည်းတူ အဖြူကြိုက်သူ အတွက်လည်း အမည်းမှာ ကျေးဇူးမများနိုင်ပေ။ သို့ကြောင့်လည်း လူတိုင်းကြိုက် ဟူသော ရာနှုန်းပြည့် အကြိုက်မျိုးကိုမူကား ရယူရန် မုချ ခဲယဉ်း ပေလိမ့်မည်။

ထိုမှတစ်ဖြာ ဥပမာအားဖြင့် တစ်ခုတည်း၊ တစ်ခွက်တည်း၊ တစ်ဖလား တည်းမှာ အချို၊ အချဉ်၊ အဖန်၊ အငန်၊ အခါး စသည့် ရသာခြောက်ပါးစလုံး ကို စုပေါင်း၍ ထည့်ထားသုံးဆောင်က အရသာမှာ မည်မည်ရရ ဘာကိုမျှ တိတိ ကျကျ ထူးခြားမည် မဟုတ်ပေ။ ဗလုံးဗထွေးနှင့် ရှိမည်သာမက တစ်ရံတစ်ခါ ထိုရောပြွမ်းသော အရသာကြောင့်ဝင်လျှင် ဩဇာဓာတ် ပေါ့ပြက်ပြက်နှင့် အော် ဂလီဆန်ပြီး လေချဉ်တက်လာတတ်သည်ကိုလည်း တွေ့ခဲ့ဖူးလေ၏။

သို့ကြောင့်လည်း ကျွန်ုပ် သွေးတိုးစမ်းလိုက်သော ဤဝတ္ထုနှင့် စာဖတ်သူ တို့၏ သဘောကို နှိုင်းချိန်ရန် အခါအခွင့်ကိုကား မကြာမီ တွေ့ရတော့မည်ဟု မျှော်လင့်ပါသတည်း။

**ဆကာကြီးထိပ်တင်**

# ပျို့ကာရဏာ

## အခန်း (၁)

*“သံသရာ စက်မှာကွယ်... အငတ် မပြတ်တော့တယ်၊ ကြုံရ ဆုံရပေတယ်... ငတ်ပြီးရင်းလဲ ငတ်မယ်၊ ငတ်ပြီးရင်းလဲ ငတ်မယ်၊ မောင်က ငတ်စနိုး အရွယ်...”* ဟူ၍ ထွန်းဖေမှာ “ချစ်စနိုး”အလိုက် သီချင်းကို လေးလေးကြီး သီဆိုလျက် ဝင်လာလေ၏။

စားပွဲတွင် ငုံ့ကာ စာရေးနေသော သာကျော်ကား စိတ်ကူးပျက်သကဲ့သို့ ‘တယ်... ဆူတာကိုးကွ’ဟု ပြန်မကြည့်ဘဲ တစ်ချက်မျှ ကြိမ်းမောင်းလိုက်ရင်း စာရေးမြဲ ရေးနေလေ၏။ အိပ်ရာပေါ်တွင် ဖင်ပေါ်ခေါင်းပေါ်ဖြင့် ခစောင်ကြီးကို ဖိုသီဖတ်သီခြုံကာ နံနက် ၉ နာရီထိအောင် ခိမ်ယူအိပ်နေသော ခအောင်သင်းမှာကား မျက်လုံးကို မဖွင့်သေးဘဲ ဝါးခနဲ သမ်းလိုက်ရာက ရှပ်အကျီအောက်စကို ရင်ဘတ်ပေါ်သို့ ဆွဲလှန် လှန်ရင်း လက်နှစ်ဖက်နှင့် ခမျောက်ကုတ်သလို ကုတ်ရာက–

‘အင်း... မနက်စောစော ဒီလို သုတိသြဘာ မင်္ဂလာနဲ့ပြည့်စုံတဲ့ သီချင်းများ ကြားရတော့ ကြာရင် ခွေးများတောင် အစာမဝလို့ တို့များ ၊င်ကို သပိတ်မှောက်ကြမဲ့ကိန်း ဆိုက်နေပါကလား မောင်မင်းရယ်’ ဟု ၊င်းသားညည်း ညည်းလိုက်လေ၏။

'ဟော့—ကောင်၊ မင်း အခုထက်ထိ အလုပ်မသွားသေးဘူးလား၊ ထ ကွာ'

ဟု ထွန်းဖေက စောင်ကြီးကို အတင်း ဆွဲယူလိုက်သည့်အတွက် အောင်သင်းမှာ ကပျာကယာ ထကာ စောင်ကို အတင်းဆွဲလုရင်း–

'ဟေ့... ဟေ့... အရမ်း မလုပ်ပါနဲ့ကွ။ ဒီကောင် လောကနီတိလဲ မသင်ဖူးဘူး ထင်ပါရဲ့။ မနက်စောစောဆိုတာ မင်းလဲ အသိသားနဲ့။ ဒီမှာ ပုဆိုးပျောက်နေသေးတယ်၊ မြင်မကောင်း ရှုမကောင်းနဲ့ ဖြစ်နေပါဦးမယ် မောင်ရာ'

ဟု ပြောရင်း လုံချည်ကို ရှာဖွေ၀တ်ကာ နေရာမှ ထပြီးမှ 'ဘာများ ကျန်ကြသေးသတုံး'ဟု ဗိုက်ကိုပွတ်ကာ သာကျော် စာရေးနေသော စားပွဲ ပေါ်ရှိ ဒန်ခြင်းကလေးနှင့် တောင်ငူငှက်ပျောသီး နှစ်လုံးကို မျက်စောင်းထိုး ရင်း သွားသည့်အတွက်–

'ဟေး... ဟေး မျက်နှာသစ်ဦး။ အာပုပ်ကြီးနဲ့ ဒီကို မလာနဲ့။ ဒီမှာ စိတ်ကူးပျက်တယ်ကွ'

ဟု သာကျော်က ဂေါ်ရာစာသင် လက်ပြသလို လက်ကြီး တခါခါ နှင့် ပြနေသည့်အတွက် အောင်သင်းမှာ လက်နှစ်ဖက်ကို ခေါင်းပေါ်မြှောက် ကာ အပျင်းဆန့်လိုက်ရင်း–

'ငါ့နရှိုး—ကြိမ်းလှချည်ကလားကွာ။ ဆင်းရဲလည်း အတူ၊ ငတ်မူလည်း မကွာ၊ ဖြစ်လေရာတွင်၊ နွားဖြစ်စေခါမူ၊ တစ်လှည်းတည်း ရုန်းကြရပါလို၏ ဆိုပြီးတော့ အခု မင်းတို့က ငါ့ကို မသဒ္ဓါတော့ဘူးပေါ့လေ'

'အောင်မယ် ဖင်ခေါင်း...'ဟု သာကျော်က တိုတိုတုတ်တုတ် ပြန် ပြောလိုက်သည့်အတွက် အောင်သင်းမှာ ပြုံးရင်း နောက်ဖေးဘက်သို့ ထွက် ကာ မျက်နှာသစ် ရေချိုးလေ၏။

၎င်းတို့သုံးဦးမှာ မအူပင်နယ် မြို့တစ်မြို့က ဖြစ်လျက်၊ သာကျော် နှင့် ထွန်းဖေမှာ ရန်ကုန်သို့ အတူတူ ရောက်လာကြလျက် အလုပ်အတူတူ အတွင်းဝန်ကြီးများ ရုံးတွင် ရကြသဖြင့် ကျောက်မြောင်းရပ် လမ်းနံပါတ် ၁၀၀ ကျော် လမ်းတစ်လမ်းတွင် အခန်းတစ်ခန်းငှားကာ နေကြလေရာ၊

ပိုက်ဆံယူသွားကွာ၊ ဆိုင်မှာ သွားသောက်ချည်'ဟု ပဲစေ့တစ်စေ့ ထုတ်ပေးလေမှပင်–

အောင်သင်းမှာ ကပျာကယာ ပဲစေ့ကလေးကို ပြေး၍ ကောက်ယူကာ 'အင်း... ပဲစေ့များ မမြင်ရတာ ကြာလို့ ဂျော့ဘုရင်ခေါင်းတောင် အရှေ့ဘက် လှည့်သလား၊ အနောက်ဘက် လှည့်သလား မသိတော့ဘူး။ မှန်းစမ်းဟ... ဘယ်ဘက် လှည့်သလဲ'ဟု လက်ဝါးပေါ်တွင် တင်ကြည့်နေသည့်အတွက် ထွန်းဖေမှာ အနီးသို့ ကပ်လာရင်း– 'တော်–ကျွတ်–မှန်း–အင်း–ရှေ့၊ နတ်–ပြာ–တွဲ–တောင် ဆိုတော့ ဒီလ သီတင်းကျွတ်လပဲ။ ဂျော့ဘုရင်ခေါင်း အရှေ့ဘက် လှည့်မှာပေါ့ကွ၊ မှန်းစမ်း'ဟု ယူမည့်ဟန် ပြုသဖြင့် 'ဟေး...ဟေး၊ ဒါ မင်းယောက္ခမသေလို့ ပိုက်ဆံစွန့်တာ မဟုတ်ဘူး။ မသာကူငွေကွ'ဟု ပြောရင်း စားပွဲပေါ်မှ တောင်ငူ ငှက်ပျောသီးနှစ်လုံးကို ကုတ်အင်္ကျီအိတ်ထဲသို့ ထည့်ကာ အိမ်ရှေ့သို့ ကော့ကော့ ဆင်းသွားသည့်အတွက် ထွန်းဖေလည်း နောက်မှ ပြေးလိုက်ကာ 'ဆရာ... ဆရာ၊ ကျွန်တော် လိုက်ရဦးမလား။ လန်ချားနဲ့ သွားပါလား။ ဟေး... လန်ချား အောင်း...အောင်း'ဟု လမ်းထိပ်တွင် ရပ်နေသောလန်ချားကို လက်ယပ်ခေါ်သဖြင့် လန်ချားကုလားမှာလည်း ဝမ်းသာအားရစွာ ပြေး၍လာလေ၏။

အိမ်ရှေ့အိမ်များမှ လူအချို့၊ မိန်းမပျိုကလေးများပါ ထွက်ကြည့်နေကြသဖြင့် အောင်သင်းမှာ မိမိအား ဤသို့ ထွန်းဖေ ချောက်တွန်းခြင်းကို ထူပူမှုန်တက်ကာ ရှက်မိပြီးမှ၊ ထွန်းဖေဘက်သို့ လှည့်ကာ အံကြိတ်ရင်း မျက်လုံးပြူးပြူလျက် အိမ်ရှေ့အိမ်များက မမြင်အောင် လက်သီးဆုပ်ပြပြီးမှ ထွန်းဖေအား စတိုင်ပါပါနှင့် သူခေါ်သော လန်ချားကို သူ့အား လန်ချားခ ပေးခိုင်းမည်ဟု တွေးကာ–

'လာလကွယ်၊ မင်းပါ လိုက်ခဲ့ပါလား။ လာပါကွဲ့'

'ဟာ... နေပါစေ ဆရာ'ဟု ပြောရင်း လန်ချားကုလားအားလည်း 'ဟေး... ဝိုးဘရားဆပ်၊ ကြဲတောသချိုင်း ဂျာရေးကားဂျတာဟဲ'ဟု ပြောသဖြင့် ကုလားမှာ ပြုံးရတော့မလို၊ ရပ်ရတော့မလို၊ တင်ရတော့မလို ခပ်ပြုံးပြုံးလုပ်နေစဉ် အောင်သင်းမှာလည်း အိမ်ရှေ့အိမ်မှ လူများ ကြည့်နေခြင်းကြောင့်

ဆိုက်တင်းတင်းနှင့်ပင် ရပ်နေသော လန်ချားပေါ်သို့ တက်ထိုင်လိုက်ရသည့် အတွက် လန်ချားကုလားလည်း လမ်းထိပ်သို့ ဆွဲလေရာ ၄၊ ၅၊ ၆ လမ်း လောက် ကုလားပြေးမိလျှင်ပင် လက်ဖက်ရည်ဆိုင်ရှေ့သို့ ရောက်သော ကြောင့် လန်ချားအား ရပ်စေပြီးကာ၊ လက်ဖက်ရည်ဆိုင်ပေါ်သို့ တည်တည် ကြီး လှမ်းတက်သွားသည့်အတွက် ကုလားမှာလည်း ဤတွင်မှ သက်သက် မိမိအား နောက်ပြောင်မှန်း သိကာ၊ သွားတဖြဲဖြဲနှင့် အောင်သင်းအား လှည့် ကြည့် လှည့်ကြည့်လုပ်ကာ ထွက်သွားလေရာ အောင်သင်းမှာကား– 'ကျား ယေ ကပြာလား'ဟု အော်ရင်း ချောင်ကျသောနေရာတွင် ဝင်၍ထိုင်၏။

## အခန်း (၂)

ထိုအချိန် ဆိုင်တွင်းမှာ လူမများလှပေ။ ကုလားမှာ လက်ဖက်ရည်ယူလာ ကာ အောင်သင်းရှေ့တွင် ချလျက်– 'နံပြားစားမလား၊ ယိုသုတ်စားမလား၊ ကိတ်မုန့်စားမလား၊ ဘီစကစ် စားမလား'စသည်ဖြင့် မေးတိုင်း အောင်သင်း မှာ– 'နိမ်း...နိမ်း'ဟု တနိမ်းတည်း နိမ်းနေပြီးမှ ဤသို့ ကထိန်အမေးအဖြေ လုပ်ရသလို ကုလားနှင့် အချေအတင် ပြောရသည်ကို နားငြီးလှသည့် အလျောက်– 'တွံမာရာ–ခွေးမသား...ဟဲ'ဟု ကြိမ်းလိုက်မှ ကုလားလည်း ပြုံးရယ်လှည့်သွားလေရာ၊ ဤတွင်မှ မိမိ ကုတ်အင်္ကျီအိတ်တွင် ဖွက်ယူ လာသော ငှက်ပျောသီးကို အသာထုတ်ကာ သူခိုး လူကြည့်သလို တောင် မြောက် လေးပါးကို ကျီးကန်းမျက်လုံးနှင့်ကြည့်ပြီး စားတော့မည်ပြုခိုက်–

'ဟင်... ကိုကို၊ နေမြင့်လှချည်ကလား'ဟု ဆိုင်ရှေ့မှပြောသံ ကြားရ သည့် အတွက် ကပျာကယာ ပြန်၍ အိတ်ထဲသို့ဖွက်လိုက်ရင်း– 'ဟာ... နုနု.. အင်း'ဟု ကြောင်တက်တက်ကြီး ကြည့်နေမိလေ၏။ နုနု ဆိုသူကလေး မှာ အသက် ၁၂ နှစ်ခန့်၊ ဆံရစ်ဝိုင်းကလေးနှင့် ကျောင်းသူကလေးတစ်ဦး ဖြစ်လေသည်။

နုနုလည်း လက်ဖက်ရည် ချိုင့်ကလေးကို ထုတ်ကာ လက်ဖက်ရည် သုံးခွက်ထည့်ရန် ကုလားအား ပြောပြီးနောက်၊ အောင်သင်း ထိုင်နေသော စားပွဲနားသို့ လာကာ ထိုင်သည့်အတွက် 'နုနု... လက်ဖက်ရည် သောက်ပါ

ဦးလား။ ကိုကို မှာလိုက်မယ်လေ။ ဟော့... ကုလား'ဟု လောကွတ်စကားနှင့် ကုလားကို ခေါ်လိုက်သည်တွင်–

'ဟာ... ကိုကိုကလဲ အားနာစရာကြီး၊ သောက်မှာပေါ့'ဟု ပြောသည့်အတွက်– 'အို... နုနုကလဲ အားနာရမဲ့လူတွေ လိုက်လို့။ ကာကာ... ဆာဒါ တစ်ခွက်'ဟု ပြောလိုက်မှ နုနုလည်း ရယ်မောရင်း–

'ဆာဒါကို နွားနို့နဲ့သကြား မထည့်နဲ့နော်။ သိပ်ချိုချို မသောက်ဘူး' ဟု ပြောရင်း တဟဲဟဲ ရယ်မော သဘောကျနေပြီးမှ 'ဒါကြောင့် ကိုကိုနဲ့ မတွေ့ချင်တာ။ တွေ့ရင် သိပ်ရယ်ရတာပဲ။

'ကိုကို ဒီကနေ့ အလုပ်မသွားဘူးလား'

'သွားမှာပေါ့ နုနုရဲ့။ ဒီကနေ့ တီးလုံးတိုက်စရာပဲ ရှိတယ်။ ဓာတ်ပြား မသွင်းရသေးဘူး။ နုနုတို့ ကျောင်းကရော ကပွဲမလုပ်သေးဘူးလား'

'ဒီလထဲမှာ လုပ်မယ်လို့ ဆရာက ပြောတာပဲ။ လုပ်ဖြစ်ရင် တစ်ခါလို ကိုကိုတို့လဲ ပါရမှာပေါ့နော်'

'ဒီတစ်ခါ ခေါ်မလား၊ မခေါ်ဘူးလား ပြောတတ်သေးဘူး နုနု။ လက်ဖက်ရည်တွေ များလှချည်လား'

'အိမ်မှာ ဧည့်သည်တွေရောက်လို့ ကိုကိုရဲ့။ ရှမ်းပြည်က ရှမ်းသုံးယောက် နုနုတို့ အိမ်ရှေ့က နုနုတို့အိမ်ကြီးကို လာပြီး ငှားတယ်'ဟု ပြောရင်း နုနုအတွက် လက်ဖက်ရည် ပြင်ပြီးသောကြောင့်– 'သွားတော့မယ် ကိုကို၊ အားရင် အိမ်ကိုလဲ လာခဲ့ဦးနော်'ဟု ပြောရင်း ထွက်သွားလေတော့၏။

ဤတွင်မှ အောင်သင်းမှာ တောင်မြောက်လေးပါးသို့ ကြည့်ကာ အိတ်ထဲမှ ငှက်ပျောသီးကို ထုတ်လျက် အခွံခွာပြီးလျှင် ကပျာကယာ မျိုချလေရာ၊ သုံးခါလောက် ကိုက်စားမှ ကုန်လောက်သော ငှက်ပျောသီးမှာ အတွင်းသို့ ချောချောမောမော မဝင်ဘဲ လည်ချောင်းတွင် တစ်ဆို့နေသောကြောင့် ငှက်ကြီးဝန်ပိုကြီးလို လည်ချောင်းကြီးကို ဆန့်ကာ လက်နှစ်ဖက်နှင့် အောက်သို့ ပွတ်ချနေခြင်းကြောင့် ကာကာကုလားလည်း ပြုံးကာ– 'ဘာဖြစ်လို့လဲ'ဟု မေးရာ၊ အောင်သင်းမှာ မျက်လုံးပြူးပြူး၊ မျက်ဆန်ပြူးပြူးနှင့် ကုလားကို လက်ယပ်ခေါ်ပြီး မိမိ လုပ်သလို ကူ၍လုပ်စေရန် လက်ဟန်

ခြေဟာန်နှင့် ပြလေမှ ကုလားလည်း ဝိုင်းဝန်း၍ တွန်းချေသေသည်တွင် ငှက်ပျော သီးမှာ လည်ချောင်းတွင်းသို့ ဆင်းသွားလေ၏။

ထိုအခါမှ အောင်သင်းရော ကုလားပါ မျက်နှာချင်းဆိုင် ထိုင်ကာ တစ်ယောက်ကိုတစ်ယောက် ကြည့်ရင်း ဣန္ဒြေမဆည်နိုင်ကြတော့ဘဲ တဟားဟား နှင့် အားရပါးရ ရယ်ကြလေရာ၊ အောင်သင်းမှာ မိမိအဖြစ်ကို ပျော့ခါးတိုင်း အတောမသတ်နိုင် ရှိလေ၏။ နောက်မှပင် ကျန်နေသေးသော လက်ဖက်ရည် တစ်ဝက်ကို ကျန်ငှက်ပျောသီး တစ်လုံးနှင့် သောက်ချပြီးနောက် စီးကရက် တစ်လိပ်ကို ဝယ်သောက်ကာ ပြန်ခဲ့လေတော့သတည်း။

နုနုနှင့် အောင်သင်းမှာ ကျောင်းကပွဲတွင် သိကြလေ၏။ လမ်းချင်းမှာ လည်း ကျောချင်းကပ် ဖြစ်လေ၏။ နုနုတွင် အဆိုအတီး ဝါသနာ ဝါလေ ရာ၊ အောင်သင်းနှင့် တွေ့လေသော် သာ၍ပင် ရင်းနှီးသော အဖြစ်မျိုးသို့ ရောက်လျက် လူကြီးများကလည်း စိတ်မချစရာအရွယ် မဟုတ်သေးသော သမီးငယ်၏ အလိုကိုလိုက်ကာ အောင်သင်း အားလပ်ချိန်တွင် အိမ်သို့ လာရောက်သင်ပေးသည်ကို ကျေနပ်စွာ ခွင့်ပြုထားလေ၏။

'ဘယ့်နှယ်လဲဆရာ ကြာလှချေကလား' ဟု ထွန်းဖေက အိမ်ဝမှ ဆီး၍ မေးသည့်အတွက်– 'ကြာတာ မပြောနဲ့ဦး ဆရာ။ ဒဏ်ရာလည်း မရှိဘဲနဲ့ အဆန်းသေနေတဲ့ မသာတစ်ခု ဒီနေ့မနက် လက်ဖက်ရည်ဆိုင် တစ်ခုတွင် ဖြစ်ပွားခြင်း ဆိုတဲ့ သတင်းတစ်ခုသာ သတင်းစာထဲ ပါလာရင် မင်းတို့ မျက်လုံးပြူးနေမှာ'

'ဘာဖြစ်လို့လဲကွ'

အောင်သင်းမှာ ငှက်ပျောသီး နင်ပုံကို ပြောပြသည့်အတွက် ထွန်းဖေ မှာလည်း ရယ်မောရာက– 'မသေပါဘဲ မောင်ရာ။ မင်းသေရင် တို့လဲ အစားအသောက် ချောင်မှာ။ မသာအိမ်ဆိုတော့ ဘယ်ပုလိပ်မှ ဖဲဝိုင်းဖမ်း မှာ မဟုတ်ဘူး။ စားလမ်းချောင်ဖို့ ဖြစ်လာရမှာပေါ့။ မသာကို လာကူတဲ့ အထဲကလဲ ဖွက်ကဲ့ထားရင် တစ်လ ကိုးသတင်းတော့ ဖူလုံနေမှာပဲ' ဟု သေရှည်ကြီးနှင့် ပြောနေသည့်အတွက်–

'တော်ပါကွာ၊ ဒါထက် မင်း မနက်က အလုပ်သွားတာ နေရာမကျဘူးလား'

'မကျခဲ့ပါဘူးကွာ၊ တော်တော်နဲ့ ဟန်ဦးမှာ မဟုတ်သေးပါဘူး'

'အဲဒါ ခက်တာပဲကွာ'ဟု ၄င်းတို့တွင် စောစောက ပျော်ရွှင်ခဲ့သလောက် ဤတွင် အခက်ကြီး ခက်သွားသကဲ့သို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း အတော်ကြာ စကားမပြောမိဘဲ နေကြပြီးမှ ထွန်းဖေက–

'အနို့ မင်းအလုပ်ကရော ဒီနေ့ မသွားတော့ဘူးလား'

'ငါကလဲ ပြောမလို့ပဲကွ၊ ခာတ်ပြား ၂၀ သွင်းဖို့ ကုမ္ပဏီနဲ့ စာချုပ်ထားတာ။ အခု ၂၀ ပြည့်သွားပြီ။ နောက်ထပ် စာချုပ်မယ် အလုပ်မှာ အဆိုတော် ကောင်မဟာ တိတ်တိတ် ဗိုက်ကြီးနေလို့။ လင်ကောင် ပေါ်ရင်လည်း ပေါ်၊ မပေါ်နဲ့ဦး။ မွေးရမဲ့ကိစ္စရှိတာနဲ့ စာချုပ်လို့မဖြစ်ဘူးကွ။ ဒါနဲ့ တို့အဖွဲ့ကို ဖျက်လိုက်ရပြီ။ အဲဒါ နောက်အလုပ် ရှာရဦးမှာပေါ့ကွာ'

'ခက်တာပဲကွာ။ မင်းနဲ့ငါ နှစ်ယောက်စလုံး အလုပ်မရှိဘဲနဲ့ တွယ်ကပ်စားနေမယ် ဆိုရင်လည်း သာကျော်ကြီးမှာ ကြာရင် တတ်နိုင်မှာ မဟုတ်ဘူးကွ'

'အေးကွ၊ ငါလဲ ဒါကို တွေးမိတာပဲ။ စားစရိတ်ထဲကိုပဲ ဖြစ်ဖြစ်၊ အိမ်လခထဲကိုပဲ ဖြစ်ဖြစ် နည်းနည်းပါးပါး မထည့်နိုင်ရင် မဟန်ဘူးကွာ'

'အင်း… ငါလဲ ဒီတစ်လတော့ အောင့်အောင့်အည်းအည်းနဲ့ အလုပ်ကြိုးစားပြီး ရှာဦးမယ်ကွာ။ မင်းလဲ ရပေါက်ရလမ်းကလေး ရှာပါဦး' ဟု ပြောရင်း ထွန်းဖေမှာ မီးဖိုချောင်သို့ ဝင်သွားကာ နံနက်စာ ချက်ပြုတ်ရန် အတွက် ပြင်ဆင်နေလေ၏။

ညနေစာမှပင်လျှင် သုံးယောက်အတူ မျက်နှာချင်းဆိုင် ထမင်းစားကြ၍၊ နံနက်စာမူကား သာကျော်မှာ ရုံးအနီးရှိ ဆိုင်တွင်သာ ဝယ်စား၍ အောင်သင်းနှင့် ထွန်းဖေတို့မှာ အိမ်တွင် ချက်ပြုတ် စားသောက်ကြလေ၏။

အောင်သင်းမှာ မရှင်းရသေးသော ကျန်ငွေအတွက် အတီးပိုင်း ဥက္ကဋ္ဌထံတွင် တောင်းရန် အဝတ်အစားလဲကာ အိမ်မှ ထွက်သွားလေ၏။

## အခန်း (၃)

"ဥ--သာ-စိန်-ပန်း၊ ဒန်း-လှ-ကို-ရှာ၊ အိမ်ထောင်ဖက် မှတ်ပါ" ဟူသလို၊ တနင်္ဂနွေနံ ဖြစ်သည့် "ဥ" နှင့် သောကြာနံဖြစ်သည့် "သာ" မှာ တြင်းကျေ၊ နှင်းကျေ၊ သတ္တဗီသကျေသဖြင့် အောင်သင်း၏ မိဘများမှာ မိမိတို့၏ တနင်္ဂနွေသားကလေးကို "အောင်သင်း..." ဟု သတ္တဗီသ ကျေသဖြင့် မှည့်ခေါ်ကြလေသလော၊ သို့မဟုတ် "သူ့ကို နိုင်လို၊ ဆ ကို ခို" ဟူသလို တနင်္ဂနွေ၏ "ဆ ပွတ်" ဖြစ်သော "သောကြာ နံ" ကို အဖျားတွင် တပ်၍ "အောင်သင်း" ဟု မှည့်လေသလော ဟူ၍ကား ပုံသေကားကျ မပြောနိုင်သော်လည်း အောင်သင်း၏ အမည်မှာ မိမိ မူလနေခဲ့သော မြို့ရွာတွင် လက်ဖက်ဖိုး မကုန်၊ ကင်ပွန်းသီးဖိုး မကုန်ဘဲ အရပ်ရှိ ကာလသမီး၊ ကာလသားများက ဝိုင်းဝန်းချီးမြှောက်ကြသည့် "ဆိုက်မင်းသား" ဟူသော နာမပညတ်သာလျှင် အောင်သင်း၏ အထည်ဒြပ်ဖြစ်သော ခန္ဓာကိုယ်ကြီးနှင့် တွဲစပ်ကျော်ကြားလူသိများလာခဲ့လေ၏။

အောင်သင်းမှာ လူချောတစ်ယောက် ဖြစ်၏။ မိဘများမှာလည်း အတော်အသင့် ပစ္စည်းရှိသူများ ဖြစ်ခြင်းကြောင့် အဝတ်အစားမှာလည်း မညိုးဘဲ ဝတ်စားဆင်ယင်နိုင်သူ ဖြစ်လေရာ၊ အဝတ်အစားကို ပြောင်ပြောင်လက်လက် ဝတ်ကာ အမေရိကန် ဆံတောက်ကို ကြော့နေအောင်ဖြီး၍ မိန်းကလေးများ စုစုဝေးဝေးရှိသော နေရာတိုင်းသို့ ရောက်လေ့ရှိသဖြင့် ၎င်း ပြန်လာသောအခါ ခတ်သိ သူငယ်ချင်းများက 'ဘယ့်နှယ့်လဲဟေ့ ဆိုက်မင်းသား၊ ဒီကနေ့ ဘယ်လောက်ဖိုး ဆိုက်ပေးခဲ့သလဲ' ဟု မေးကြလျှင်-

'ဟာ... မပြောနဲ့တော့ကွာ။ ဒီနေ့မနက်တော့ အရမ်းပစ်ပြီး ဆိုက်ပေးခဲ့တာပဲ' ဟု ပြောရင်း သူငယ်ချင်းများ ရှိရာ လက်ဖက်ရည်ဆိုင်သို့ ဝင်လာသည့်အတွက်-

'ကြပ်ကြပ်လဲ ဆိုက်မပေးနဲ့ ကိုယ့်လူ။ တော်ရုံတန်ရုံဟာကျတော့ လျှော့ပေးဦး။ ဆိုက်ပေးလွန်နေလို့ သားရေဖိနပ်ဖြစ်ဖြစ်၊ ခုံဖိနပ်ဖြစ်ဖြစ် ခတ်စာကျနေရင် ခက်နေမှာ'

'အောင်မယ်ကွာ... ဆိုက်ပေးတာ သူတို့ကို ဘာလုပ်တာလိုက်လို့။

ယောကျ်ားကလေး သနားကမား ဆိုရင်လည်း မိန်းကလေးက ဆိုက်ပေးတာ။ မိန်းကလေး သနားကမား ဆိုရင်လည်း ယောကျ်ားကလေးတွေက ဆိုက်ပေးတာတွေဟာ ဖြောင်ပဲပေးပေး၊ တိတ်တိတ်ပုန်းပဲ ပေးပေး လုပ်ငန်းကျတော့ အတူတူချည်းပဲ မဟုတ်လား။ အရင်တုန်းက မိန်းမကလေးကို မြင်ရင် တချို့ မျက်စပစ်ပြတယ်၊ လျှာထုတ်ပြီး မျက်စိမှိတ်ပြတယ်၊ ခေါင်းညိတ်ပြတယ်။ အဲဒီလို နောက်ပိုးအင်္ဂါ ဂုဏ်ခြောက်ဖြာ လုံလောက်စွာ ပိုးလိုက်၊ ကြမ်းပိုးထိုးလိုက်ပြီလား ဆိုမှဖြင့် အပိုးခံ၊ အထိုးခံရသူ ကလေးတွေမှာ ရုတ်တရက် ဣန္ဒြေတွေ၊ ခြေလှမ်းတွေ ပျက်ပြီး အရှက်ကြီး ရှက်သွားတတ်တယ်။

'အခု... ခေတ်ကြီးက ပြောင်းလဲလာပြီကွာ။ ဒီလိုကြမ်းကြမ်း ကြမ်းပိုးထိုးလို့ မရဘူး။ ဘိုင်စကုတ်တွေ ခေတ်စားနေတဲ့ အခါမို့ အက်တင်ကောင်းကောင်းနဲ့ ဘတင့်တို့ ဂိုက်မျိုးလို မပြုံးတပြုံး၊ မျက်စိကလေး ခပ်မှေးမှေးထား၊ ကိုယ်နေကလဲ ကောင်းကောင်းထားပြီး ခပ်စိမ်းစိမ်းကလေးနဲ့ "ကြည့်လို့မဝနိုင်ပါကလား ခင်ရယ်"ဆိုတဲ့ အဓိပ္ပာယ်မျိုး ပေါ်အောင်ပေါ့ကွာ။ အဲဒီလို ဆိုက်ပေးလိုက်ရင် သူတို့မှာလဲ ဣန္ဒြေပျက်လောက်အောင် မဖြစ်ဘူး။ ငါ့ကို ကြည့်လိုက်တာ ဟယ်... စိမ်းလို့၊ ငါ့ကို သူ မျက်စိကျနေပြီ ထင်ပါရဲ့လို့ စိတ်ထဲမှာလည်း ထားသွားမှာကွ။ ဘာမှ ဒေါသဖြစ်စရာ၊ ရှိုက်စရာ၊ ပုတ်စရာ မဟုတ်တော့ဘူး'

'ဒီလိုဆိုရင်တော့ ကောင်းပါရဲ့ မောင်ရာ။ ကိုယ်က ရှေ့ကိုင်ုက်ပြီး ဆိုက်ပေးနေတုန်း သူ့မောင်ဖြစ်ဖြစ်၊ အမျိုးထဲကဖြစ်ဖြစ် နောက်က ပေါက်လာပြီး "မအေ...၊ ဘာဖြစ်လို့ ဒီလို ကြည့်နေရသလဲ၊ ဘာလဲနဲ့"နဲ့ အုပ်လိုက်လို့ "ဆိုက်ကွဲကြီး" ဖြစ်နေမှ ခက်နေမှာ'

စသည်ဖြင့် သူငယ်ချင်းများနှင့် လက်ဆုံကျခြင်း၊ စန္ဒရားတီးခြင်း၊ သီချင်းဆိုခြင်း၊ မနက်တစ်ခေါက်၊ ညနေတစ်ခေါက် လမ်းလျှောက် ဆိုက်ပေးခြင်း၊ လက်ဖက်ရည်ဆိုင် ဆံပင်ညှပ်ဆိုင်တို့မှနေ၍ ဈေးသွား၊ ဈေးပြန်တို့အား ဆိုက်ပေးခြင်းသာလျှင် အောင်သင်း၏ နေ့စဉ်ဝတ္တရား ဖြစ်လေရာ၊ ဤသို့ လူပေါ်ကြော့ အနေဖြင့် အခြားသူများထက် လွတ်လပ်ချောင်ချိ

အားလပ်စွာ ပိုးပန်းနေနိုင်သူတစ်ဦး ဖြစ်ခြင်းကြောင့် ၄င်းအား "ဆိုက်မင်းသား" ဟူသော ဘွဲ့ထူးကို ချီးကျူးကြခြင်း ဖြစ်လေရာ၊ အောင်သင်းနှင့် ဆိုက်မင်းသားမှာ တွဲနေလျက် ခွဲ၍မရသော ပညာတ်နှစ်ခု ဖြစ်ကြလေ၏။

"ဆိုက်"ဟူသော စကားမှာ အင်္ဂလိပ်စကား ဖြစ်လေရာ ဤတွင် ခေတ်အလျောက် မိမိကိုယ်ကို အများမြင်အောင်၊ ကြည့်ချင်အောင် ဟန်လုပ်ပြရာ၌ တွဲစပ်သုံးကြခြင်း ဖြစ်လေရာ၊ ကာလသားများ ပိုးပန်းရန်သွားသည်ကို "ဆိုက်"ပေးသွားသည်။ ပွဲခင်းတွင်လည်းကောင်း၊ မိမိ နှစ်သက်နေသော မိန်းကလေးမြင်အောင် အမျိုးမျိုး ဟန်ဓာတ်ခုတ်ကာ စတိုင်အမျိုးမျိုး လုပ်သည်ကို ပစ်ပြီး "ဆိုက်"ပေးနေသည် ဟူ၍လည်းကောင်း သုံးနှုန်းကြခြင်း ဖြစ်လေ၏။ ဤသို့ ပိုးပန်း ဆိုက်ပေးရာ၌ အချို့မှာ စွံတတ်ကြ၍၊ အချို့မှာ မစွံဘဲ အပူ၊ အဆူ ခံရလျှင် ၎င်းအား "ဆိုက်ကွဲ"ဟူ၍လည်း ခေါ်ကြလေ၏။ "ဆိုက်ပွဲ" ဟူ၍လည်း ခေါ်ကြပြန်သေး၏။

အောင်သင်းမှာ အင်္ဂလိပ်လို ၈ တန်းအထိ ရန်ကုန်ကျောင်းတွင် သင်ခဲ့ဖူးလေ၏။ စာပေတွင် ဆိုက်ပေးခြင်းလောက် အတီးအမှုတ် ဂီတပညာလောက် ဝါသနာ မပါ။ ပါရမီခံ နည်းသည့်အလျောက် ကျောင်းမှ ထွက်ခဲ့ရလေ၏။ ဆိုက်ပေးရာ၌ အောင်သင်းအား မျက်စိကြိုက် ကြိုက်ကြသူ အတော် များခဲ့လေ၏။ သို့ရာတွင် အောင်သင်းမှာ ရွေးချယ်လွန်သဖြင့် တစ်ယောက်တလေမှ စွံခဲ့သည် မရှိချေ။ ယခုအခါ အမည်ကျော်ကြားနေမည်ဖြစ်သော ရုပ်ရှင်မင်းသမီး တစ်ဦးပင်လျှင် ရန်ကုန်တွင် နေထိုင်ခဲ့စဉ်က အောင်သင်း ဆိုက်ပေးသည်ကို "ကျ"ခဲ့ဖူးလေ၏။

ထိုစဉ်အခါက ရုပ်ရှင်မင်းသမီးမှာ ငယ်လည်းငယ်၊ အတန်ငယ် ဆင်းရဲသည့်ပြင် ယခုလောက်လည်း နာမည်မကျော်သေးပေ။ နံနက်တိုင်း အောင်သင်းနေသော အိမ်အနီးမှ ရေဘုံဘိုင်သို့ လာရောက်ကာ ရေသယ်လေ့ရှိရာ၊ အောင်သင်းမှာ ကျကျနနကြီး ဆိုက်ပေးလေရာ နောက်ဆုံးတွင် အောင်မြင်သည့်တိုင်အောင် တစ်နေ့တွင်ကား အောင်သင်း ရမ်းလိုက်၊ ကြမ်းလိုက်ခြင်းကြောင့် ရုပ်ရှင်မင်းသမီးမှာ အတော်လန့်သွားပြီး နောက်ထပ် နီးနီးစပ်စပ် အတွေ့မခံတော့ဘဲ ဆိုက်ကွဲရလေတော့သည်။

အောင်သင်း ကျောင်းက ထွက်ပြီးသော် ရပ်ရွာတွင်သာ ပြန်၍နေထိုင်ကာ ဖော်ပြပြီးခဲ့သည့်အတိုင်း နေထိုင်ခဲ့လေ၏။ မိဘများမှာလည်း ကုန်သည်များ ဖြစ်သဖြင့် အောင်သင်းအား ကျွေးမွေးထားနိုင်ကြပေသည်။ အလုပ်ဟူ၍ ပြောပလောက်အောင် မရှိခဲ့ပေ။

သို့နှင့် တစ်နေ့တွင် အောင်သင်းမှာ အကုသိုလ် ကံကြမ္မာ ဝင်ရောက်လာသကဲ့သို့ ဆိုက်ပေးလွန်သွားသဖြင့် တစ်ညတွင် ချောင်း၍ရိုက်သည်ကို ခံရခြင်းတို့အတွက် ဤတွင် ဇာတ်ပွဲများကဲ့သို့ပင် "ဆိုက်မင်းသား" မှာ နောက်ပိုင်း လွမ်းခန်းများနှင့် တွေ့ကြုံရကား "ဆိုက်အလွမ်းမင်းသားကြီး" ဖြစ်လျက် မျက်နှာမပြဝံ့အောင် ရှက်လည်း ရှက်၊ မိဘများကလည်း ဆူပူ ကြိမ်းမောင်းကြသည့်အလျောက် တစ်လခန့် ဆိုက်ပုံနေပြီးမှ မိမိပညာကို အသုံးချရန်တစ်ကြောင်း၊ မိမိ နောင်ရေးအတွက် အသက်မွေးဝမ်းကျောင်း ပညာကိုရှာယုံအရန် တစ်ကြောင်းဖြင့် ရန်ကုန်မြို့သို့ ထွက်ခွာလာခဲ့ပြီးလျှင် ဖော်ပြပြီးသကဲ့သို့ ထွန်းအေး၊ သာကျော်တို့နှင့် အတူနေထိုင်ခဲ့ရာတွင် စန္ဒရားတီးသော အလုပ်ကို ရသဖြင့် ၃ လခန့် ဝင်ငွေကလေး ရှိသော်လည်း နောက်ဆုံးတွင်ကား အလုပ်လက်မဲ့ ဘဝသို့ ပြန်ရောက်မြဲ ရောက်ရခြင်းပင် ဖြစ်လေတော့သတည်း။

## အခန်း (၄)

'ဘယ့်နှယ်လဲဟေ့... အောင်သင်း၊ ရခဲ့ရဲ့လား'

'မရသေးပါဘူးကွာ၊ မတွေ့ခဲ့ပါဘူး'

'ခက်တာပဲကွာ၊ ဘယ့်နှယ်လုပ်မလဲ'

'မင်း သိတဲ့အတိုင်း ပေါင်စရာတော့ ကုန်နေပြီကွ'

'ဒါဖြင့် မင်းတယောကလေး ပေါင်ကွာ'

'ဟာ... ဒါတော့ မလုပ်ပါနဲ့ကွာ၊ ဒါမရှိရင် လက်ကို ရိုက်ချိုးထားသလို နေမှာပေါ့။ ငါလည်း အိမ်က ထွက်ကတည်းက ငွေတစ်ခါမှ မမှာရသေးဘူး။ အိမ်ကို ငွေမှာမယ် အောက်မေ့တာပဲ'

'အေးကွာ... ဒါပဲ နိပ်တယ်၊ ရှော့ကွာ... ကြာတယ်၊ အခုပဲ ရေးပါ'

ဘု ထွန်းဖေမှာ စာရေးစက္ကူနှင့် ဖောင်တိန်ပါ ထုတ်ပေးပြီး ကုလားထိုင် ကိုပါ နေရာတကျ ရွှေ့ပေးသဖြင့် "ငွေ"ဆိုလျှင် ယခုအခါ မိမိတို့မှာ မိလ္လာ ကျုံးသည့်အလုပ်၊ ထဘီလျှော်သည့်အလုပ်မှ လွဲ၍ ဤသို့ လူမမြင်ကွယ်ရာ ဘွင် ဘာမဆို လုပ်ကြရတော့မည် ဖြစ်သည့်အခါ၌ မိမိက လူရေးသာသော ဘဝသို့ ရောက်နေသည်ကို တွေးမိသည့်အတွက်–

'အောင်မယ်ကွာ ဇက်ထဲက မျက်ခနဲ ရှိလိုက်တာ'ဟု ပြောရင်း ဖျာ ပေါ်တွင် ပက်လက်ကြီး လှန်လိုက်ရကား–

'ခက်တာပဲကွာ၊ ဘယ့်နှယ့်ဖြစ်တာလဲ၊ ငါ နှိပ်ပေးပါ့မယ်'

ဟု ထွန်းဖေမှာ ပျာပျာသလဲ အောင်သင်း၏ ဇက်ကြောများ၊ ပခုံး များကို ဝင်ရောက် နှိပ်ပေးလေရာ၊ အောင်သင်းမှာ မျက်စိမှိတ်ကာ– 'အလယ် အလယ်... အဲဒီနား၊ အဲဒီနား'ဟု နေရာရွှေ့ကာ ထိုင်ရင်း၊ ဝမ်းထဲကမူ ပြုံးလျက် "ငွေတန်ခိုးများ တယ်ဟန်ကျပါကလား"ဟု အောက်မေ့ရင်း– 'ဟင်... ခြေသလုံး ရောက်သွားပြန်ပြီကွ၊ ကြွက်တက်တာ၊ ကြွက်...ကြွက်' ဟု ပြောသောကြောင့် ထွန်းဖေမှာ ခြေသလုံးကို နှိပ်ရပြန်လေ၏။ အတန် ကြာသော်– 'ဟာ... ပေါင်ကွ၊ ပေါင်'ဟု တစ်ဖက်သို့ စောင်းလှိမ့်ရင်း ပေါင် ကို ပုတ်ပြသည့်အတွက် ထွန်းဖေမှာ ဤတွင် ရိပ်မိလာပြီး–

'မင်းအမေ ကရိုး...တာ။ ငါ အဟုတ်မှတ်လို့ လုပ်ပေးလိုက်ရတာ။ ရိုး...ပေါင်။ ရိုး...ပေါင်'

ဟု ပြောရင်း အောင်သင်းအား ဘောလုံးကန်သလို ပေါင်ကို လှိမ့်လှိမ့် ကန်နေမှ အောင်သင်းမှာ အသံထွက်အောင် ရယ်ရင်း–

'ဟေ့ တော်ပါတော့ကွာ။ ငါ့နချီး နာလိုက်တာ။ ရိုးပေါင်လို့ ရရင် မင်းတောင် ငါ ပြောမနေဘူး။ အေး... ဒါပေမဲ့ ဖ လကျော်လို့ မရွေးနိုင်ဘဲ ဆုံးသွားမှာ တစ်ခုတော့ လန့်စရာပဲ'ဟု ပြောသဖြင့်–

'ထပါကွာ၊ ရေးမှာသာ ရေးပါ၊ ရော့...ရော့'ဟု စာရွက်၊ ဖောင်တိန် ပါ အောင်သင်းရှေ့တွင် ချပေးသည့်အတွက် အောင်သင်းမှာ မိမိတို့တွင် ငွေပြတ်နေသည့်အတွက် ငွေ ၅၀ ကျပ်လောက် ပို့လိုက်ပါမည့်အကြောင်း

နောက်ကိုလည်း ပို့ရန် မလိုတော့ပါကြောင်းတို့ကို ရေးလေရကား ထွန်းဖေမှာ ထိုစာကို စာတိုက်သို့ သွားရောက်ထည့်လေ၏။

သို့နှင့်ပင် သုံးလေးရက်အတွင်း ငွေလာမည်ကိုသာ မျှော်လင့်စောင့်စားကာ ထွန်းဖေရော အောင်သင်းပါ ရှေးကကဲ့သို့ပင် အနောက်မပျက်၊ အပြူးမပျက် နေထိုင်ကြသလောက် သာကျော်မှာကား ၎င်းတို့အတွက် စိတ်လေးခဲ့လေရာ၊ ၎င်းတို့၏ မိဘများထံသို့ ထွန်းဖေနှင့် အောင်သင်းကို ပြန်၍ခေါ်ရန် စာရေးပြီးသား ဖြစ်လေ၏။

ထိုနေ့ကား အောင်သင်းမှာ နုနု လာရောက်ခေါ်သဖြင့် နုနုတို့ အိမ်သို့ လိုက်ပါသွားရလေရာ၊ ထွန်းဖေမှာ ထမင်းချက်ရင်း ကျန်ခဲ့လေ၏။ နုနုကား အောင်သင်း ရောက်လျှင်ရောက်ချင်း စန္ဒရားဆီသို့ တိုက်ရိုက်ခေါ်သွားရင်း–

'ကဲ... တီးပါဦး၊ ကိုကို အရင်သင်ပေးတဲ့ "ခန်းတွင်းရိပ်သာကြိုး" ဟာ နုနု အဆက်မေ့နေလို့၊ ဖေဖေက ပြန်ပြီး တက်ရဦးမယ်တဲ့'ဟု ပြောသဖြင့်–

အောင်သင်းမှာ စန္ဒရားတွင် ထိုင်ကာ လက်တွေ့အောင် ငါးပေါက်ကို စမ်းလေရာ စန္ဒရားသံကြောင့် နုနု၏ ဖခင် ဦးကောင်းနှင့် ဒေါ်မြတ်တို့ပါ အိမ်ပေါ်က ဆင်းလာကြပြီး–

'ဟော... မောင်အောင်သင်း ရောက်နေပြီလား၊ မင်းလည်း မလာတာကြာပါပကော'ဟု မေးသည့်အတွက်–

'အလုပ်က မအားလို့ ဦးရဲ့။ နုနု အတင်း ခေါ်တာနဲ့သာ လိုက်လာခဲ့တာ'

'အေးကွယ်... မင်းညီမကလေး သင်တဲ့လက်စနဲ့ ဆက်ပြီး သင်စမ်းပါဦး။ ဒီနှစ် ဂီတသုတေသန ပြိုင်ပွဲမှာ အဝင်ခိုင်းမယ်ကွဲ့။ ပထမ ရရင် မင်းကိုလည်း ဦးက ဆုချပါ့မယ်'ဟု ပြောသဖြင့် အောင်သင်းမှာလည်း ပြုံးကာ– 'နုနု လက်နဲ့တော့ ရမှာပေါ့ ဦးရယ်'ဟု ပြောရင်း၊ ငါးပေါက်ကြိုးခံ တီးလေရာ နုနုမှာလည်း စည်းနှင့်ဝါးကို မှန်မှန်လိုက်ရာက သီချင်းဝင်ရန် အောင်သင်းက ချီးပေးလိုက်သည်နှင့်ပင် နုနုမှာ– "ခန်းတွင်းရိပ်သာ...

*မယ့်အိပ်ရာ...နေလဲ စိတ်မှာ...ညစ်တော့တာ၊ ထွက်ခွာသွားလဲ... ပျော်ပါ ပဲ...*"
ဟု၍ သာယာအေးကြည် ပီသသော အသံကလေးနှင့် ဝင်၍ ဆိုလေရာ၊ ဦးကောင်းနှင့် ဒေါ်မြတ်တို့မှာ ပြုံးပြုံး ပြုံးပြုံးနှင့် အနီးတွင် ဝင်ရောက်ထိုင်ကာ နားထောင်နေကြလေ၏။

အတီးကလည်း မြိုင်လှသည့်ပြင် အဆိုကလည်း ပိုင်လှသည် သာမက တစ်ခါတစ်ရံ ဆိုသူ မေ့နေသည့် နေရာတွင် အတီးမှာ ရှေ့က ကြို၍ တီးသွားသည့်အတွက် ချို့ယွင်းချက်ဟူ၍ မရှိသလောက်ပင် မြိုင်မြိုင် ဆိုင်ဆိုင်ကြီး ဖြစ်နေလေရာ၊ ကြားနေကျ အိမ်နီးချင်းများသာမက နောက်ထပ် ခြောင်းရွေ့လာကြသော အိမ်မှ ရှမ်းပြည်က ဆိုသူများပင်လျှင် ရပ်တန့် နားထောင်နေမိကြလေ၏။

"*စကား ယွင်းတော် မှုခဲ့လေလေ... သနားကင်းတော် မှုခဲ့လေ...*" ဟူသော အပိုဒ်၌ နုနု အသံမှာ ပကတိအသံထက် ပိုမို ကြေကွဲဖွယ်ကောင်းသော ကရုဏာသံ၊ ဗျာပါသံ ပါလွန်းသည့်အတွက် ကြားရသူများမှာ ဤတွင် ဘုံးစံအတိုင်း နှစ်ခါဆိုသွားသည်ကိုပင် အရသာ မပြေနိုင်ဘဲ လေး ငါး ဆယ်ခါလောက် ဤအပိုဒ်ကိုပင် ထပ်၍ဆိုရန် အာသာရှိကြသည့်တိုင်အောင်- "*ကြင်နာ... ကြင်နာ... ကဲပါလို့၊ ဆွဲရစ်ခွေ လေတည့်... ဆွဲရစ်ခွေ*" ဟူသော နောက်ဆုံးအပိုဒ်သို့ ရောက်ခါ တယေ တယာ တယော လှည့်ပြီး သံမှန်သို့ ပြန်ချကာ စန္ဒရားသံလည်း တဖြည်းဖြည်း တစ်လုံးစ၊ နှစ်လုံးစ တို့တီးရာက ရပ်သွားသည့်အတွက် ဝမ်းထဲတွင် အောင့်သက်သက်ကြီးဖြစ်ကာ ကျန်ခဲ့ ကြရလေ၏။

'မကြားရတာလဲ ကြာလို့ ဒီတစ်ခါ ပိုကောင်းသလား မသိပါဘူး။ ဆိုပ်ပြီး နားထောင်လို့ ကောင်းတာပဲကွယ်' ဟု ဒေါ်မြတ်က ချီးမွမ်းရင်း- 'ဟဲ့ဟေ့... နောက်ဖေးမှာ ဘယ်သူရှိသလဲ။ ဆရာ သောက်ဖို့ ကော်ဖီပြင်ခဲ့ ကြ' ဟု ပြောရင်း- 'ကဲ... ဆရာ တစ်လှည့် ဆိုလိမ့်ဦးမယ်။ နုနုက တီးပြ လိုက်ပါဦး'

'ဟင်... နုနုဘာသာ နုနု တီးရင်သာ ကောင်းတာ မေမေရဲ့။ ဆရာ့ အရှိန်နဲ့မို့ အဖက်အစပ်တွေ မမှန်တော့ဘူး'

'အို... နုနုကလဲ သူတစ်မိမ်းဆရာ မှတ်လို့။ အစ်ကိုကြီးလို နေတဲ့ ဥစ္စာပဲဟာ'

'တခြားနေရာမှာတော့ ဟုတ်တာပေါ့ မေမေရဲ့။ ဒီလို ပညာဘက် ကျတော့ လူမလန့်ပေမဲ့ စိတ်ထဲကလန့်ပြီး တော်ရုံ အကွက်ကောင်းကလေး တွေတောင် မေ့ပြီး ပျောက်ကုန်တာပဲ'

'ကဲကွယ်... တီးပါ။ မှားရင် ကိုကို ပြပေးပါ့မယ်'ဟု အောင်သင်းက ပါ ဝင်၍ အားပေးသည့်အတွက် အားလုံးနှင့်တစ်ယောက် ဖြစ်နေသော ကြောင့် နုနုမှာ မငြင်းနိုင်တော့ဘဲ– 'ဘာ တီးရမှာလဲ'ဟု မေးရင်း စန္ဒရား ခုံတွင် ဝင်ရောက်ထိုင်သည်တွင်မှ– 'အရင် သင်ထားတဲ့ ထူးမခြားနား ကွက်ပျောက်ဟာ မှတ်မိသေးရဲ့လား'

'ဟာ... မတီးတာက ကြာမှပဲ၊ မေ့ကုန်တာပေါ့'

'ဒါဖြင့် အရိုးခံပဲ တီးတာပေါ့နော်'

'ဟုတ်ကဲ့...'

ဟု ပြောရင်း နုနုမှာ ငါးပေါက်ကို စမ်းရာမှ တဖြည်းဖြည်း ဘွဲ့ခံ သည်နှင့် အောင်သင်းလည်း စည်းနှင့်ဝါးကို မှန်မှန်လိုက်ရာက ဆိုရမည့် အကွက်သို့ ရောက်လျှင် ဝင်၍ ဆိုလေရာ၊ ထူးမခြားနား အရိုးခံ တီးကွက် ကို နုနုမှာ ကျေအောင်ရထားသူ ဖြစ်သည့်အတွက် ဆိုသူတွင်လည်း အတီး အကွက်ပြေးသလို ဟန်ကုန်အောင် ဝဲကာ ဟဲကာ ဆိုချင်သလို ဆိုရခြင်း ကြောင့် အထူးကောင်းမွန် လာရပြန်ကာ နားထောင်သူတို့တွင် ဒုတိယ အကြိမ် ဖိမ်ယူကြရပြန်လေ၏။

တီးမှုတ် သီဆိုခြင်းများ ပြီးစီးကြလေသော် အောင်သင်းအား ကော်ဖီ နှင့် မုန့်များပါ ကျွေးမွေးရင်း ဦးကောင်းမှာ အထူးဝမ်းသာ အားရသူလို ပြုံးရာက နှုတ်ခမ်းမွေးကြီးကို သပ်လိုက်ရင်း–

'အင်း... နုနုက အခုမှ အသက်ဆယ့်နှစ်နှစ် ရှိသေးတာပဲ။ ရွယ်တူချင်း သာ ပြိုင်ရမယ်ဆိုရင် နုနု နိုင်မှာ ကျိန်းသေပေါက်ပါပဲကွာ။ မောင်အောင်သင်း အားတိုင်း လာပြီး သင်ပေးပါ။ ဦးတို့ ကျေးဇူး မမေ့တတ်ပါဘူး'စသည်ဖြင့်

ပြောလျှင် အောင်သင်းမှာ အထိုက်အလျောက် ပြန်လှန်ပြောဆိုရင်း အိမ်ရှေ့ဘက် အိမ်ကြီးဆီသို့ မျက်စိရောက်သွားသည်နှင့်–

'သြော်... ဦးရဲ့အိမ်ကြီး ငှားလိုက်ပြီလား'ဟု မေးလိုက်မှ–

'အေးကွဲ့၊ ရှမ်းပြည်က စော်ဘွားရဲ့ မဟာဒေဝီပေါ့ကွယ်။ အနေလည်း သန့်တယ်၊ အဖိုးလည်း ကောင်းကောင်းရတာနဲ့ ငှားလိုက်တယ်'

'သြော်... မဟာဒေဝီက ဘာကိစ္စနဲ့ လာပြီး နေတာလဲ ဦးရဲ့'

'ကောင်းကောင်း မမာတာနဲ့ ဆိုလား၊ စိတ်ပြေလက်ပျောက် ဆိုလားကွယ်။ သေသေချာချာတောင် မေးမကြည့်သေးဘူး။ ပြီးတော့လည်း လူတွေ့ကြာကြာမခံဘူးကွဲ့'

စသည်ဖြင့် ပြောရင်း အခြားစကားများသို့ ရောက်သွားကြပြန်ကာ အချိန်တန်လေသော် အောင်သင်းမှာလည်း နှုတ်ဆက်ကာ အိမ်သို့ ပြန်ခဲ့လေ၏။

"မဟာဒေဝီ"ဟူသော စကားကို ကြားရခြင်းအတွက် အောင်သင်းမှာ ထိုမဟာဒေဝီအား ကြည့်လို၊ မြင်လိုသောစိတ် ရှိခဲ့လေ၏။ ထိုအိမ်ကြီးမှာ နန့်တို့အိမ်နှင့် မျက်နှာချင်းဆိုင် ဖြစ်၍ မိမိတို့ နေသော အိမ်နှင့်ကား ကျောချင်းကပ် ဖြစ်လေရာ– "တစ်နေ့နေ့တွင် နောက်ဖေး ပြတင်းဝတော့ ထွက်ကြည့်မှာပဲ။ ထိုအခါကျမှ မဟာဒေဝီကို အားရအောင် ကြည့်လိုက်မည်" ဟု အားခဲကာ ပြန်ခဲ့လေရာ–

'ဟော့... ခွေးမသား၊ လာခဲ့၊ တုတ်ကောက်ခဲ့'ဟု ထွန်းဖေ၏ အသံကို ကြားမှပင် ပြုံးကာ–

'ဘာလဲကွ၊ သမက်အပေါ် ဒါလောက်နိုင်တော့လည်း လူကြားကောင်းပါဘူးကွာ'ဟု ပြောလိုက်မှပင်–

'ဟ... မိုးကြိုးပစ်မဲ့ အကောင်၊ သမက် တော်ရမှာက သမီးဝေးလို့ နှမ်းသလွှံစေ့တောင် မရှိတဲ့ဥစ္စာ'ဟု ပြောရင်း–

'လာ... လာ၊ မင်းအိမ်က ငွေပို့လိုက်တယ်'ဟု ပြောသဖြင့် အောင်သင်းမှာ– 'ဟော့... ဟုတ်လား၊ ပွတာပဲကွ။ ပွပြီ... ပွပြီ'ဟု ပြောရင်း ဝမ်းသာ အားရ

အိမ်ပေါ်သို့ လှေကားထစ်မှန်အောင် မနင်းဘဲ နှစ်ထစ်ကျော်၊ သုံးထစ် ကျော် လှမ်းရင်း တက်လာလေ၏။

## အခန်း (၅)

'ပြစမ်းပါဦးကွ။ ငွေဘယ်လောက်လဲ'ဟု မေးသည့်အတွက် ထွန်းဖေက စာကို ထုတ်ပေးလိုက်ရာ၊ အောင်သင်း စာဖတ်ပြီးနောက် မျက်နှာအိုကာ မှိုင်တွေ ကျသွားလေလေတော့သတည်း။

ထိုစာမှာကား–

အောင်သင်း ရန်ကုန်မှာ မင်း ကြမ်းပိုးဖြစ်နေတယ်ဆိုတာ သိရသည်။ ငွေကို မင်းမှာသလို တစ်ရာမျိုး၊ ကိုးဆယ်မျိုး ပို့ရအောင်ဟာ တို့လည်း ဓာတိက မဟုတ်ဘူး။ မင်း တစ်မြို့တစ်ရွာမှာ အငတ်ငတ် အပြတ်ပြတ် ဖြစ်နေမဲ့အစား အိမ်ကို ပြန်နေပါ။ အဖေလည်း ကောင်း ကောင်း မမာဘူး။ အခု ပို့လိုက်တဲ့ ဒီငွေငါးကျပ်ကို စရိတ်လုပ်ပြီး ပြန်ခဲ့ပါ။ နောက်ကို ငွေအကြောင်းနဲ့ ပတ်သက်ပြီး ရေးတဲ့စာကို မကြည့်ချင်ဘူး။ မြန်မြန် ပြန်လာခဲ့။ အားလုံး ကောင်းမွန်စွာ ရှိကြ၏။

မမတင်

ဟူသော စာကို တွေ့ရခြင်းမှာ အောင်သင်း၏ ထိပ်ကို ခြောက်ပေါင်တူနှင့် နှက်သလို ရှိလှပေ၏။ ဤမျှ စာကို ပြတ်တောင်းတိုတုတ်စွာ စိမ်းကားသလို ရေးပေးလိုက်ခြင်းအတွက် အောင်သင်းမှာ ဒေါသထွက်မိလေ၏။ မိဘပစ္စည်း ကို မိမိလည်း ပိုင်ဆိုင်သူတစ်ဦး ဖြစ်လေရာ၊ မိမိမှာ မွေးစားသည့် တရား မဝင်သော သားတစ်ယောက်လို မမဖြစ်သူက ရေးပေးရပါမည်လောဟု ဒေါသထွက်ရခြင်း ဖြစ်လေ၏။ စင်စစ်မှာမူ အောင်သင်း၏ မိဘများမှာ အောင်သင်း မှာသောငွေကို ထောက်ပံ့နိုင်သူများ ဖြစ်ကြသည့်တိုင်အောင် မိမိတို့ထံသို့ အောင်သင်း ပြန်လာစေလိုသော သဘောကြောင့်သာ ဤသို့ ရေးသားရခြင်း ဖြစ်လေ၏။

အောင်သင်းမှာ စာကိုကြည့်ပြီး– 'ငွေရော ရပြီလား'

'အေး... ငါ လက်မှတ်ထိုး ယူလိုက်ပြီ'

'ခက်တာပဲကွာ... နရှီး'ဟု ညည်းတွားရင်း ခေါင်းကို မျောက်ကုတ်

သလို ကုတ်ကာ၊ ကုလားထိုင်တွင် ပစ်လှဲကာ ထိုင်လိုက်လေ၏။ ထွန်းဖေမှာ ငွေဒင်္ဂါး ငါးကျပ်ကို ခုတင်စွန်းတွင် တင်ရင်း– ‘မပူပါနဲ့ကွာ၊ ချွေချွေဘာတာ သုံးရင် လေး ငါး ဆယ်ရက်တော့ သုံးရမှာပဲ။ ဒီရက်အတွင်း ခင်းဖြစ်စေ၊ ငါဖြစ်စေ တစ်ယောက်ယောက်တော့ ဟန်မှာပါပဲကွာ’ဟု အားပေးသည့်အတွက်–

‘အေးကွာ၊ သာကျော်ကြီးကို လက်ဖက်ရည်ဖိုး အပူမကပ်ရရင် တော်ပြီ။ ငါလည်း ရစရာရှိတဲ့ ငွေကလေး နည်းနည်းပါးပါး ကျန်ပါသေးတယ်၊ ပြင်ချင်ရာ ဖြစ်ပေစေကွာ။ ငါ့အိမ်နဲ့ ငါတော့ နီးဖို့ရာ အကြံသားပဲ’ဟု ပြောရင်း စာကလေးကို မျက်စောင်းထိုးကာ အခဲမကျေသလို ကြည့်မိလေ၏။

သို့နှင့်ပင် သုံးလေးရက်အတွက် ဖူလုံကြပြန်ကာ ထိုငွေကလေး ကုန်ပြန်လျှင် ဘိုင်ကျမြဲ ကျပြန်သောကြောင့် လက်ဖက်ရည်ပင် မှန်မှန် မသောက်နိုင်ဘဲ ရှိပြန်လေ၏။ တစ်နေ့တွင်ကား ထွန်းဖေမှာ နံနက် စောစောကပင် ထွက်သွားရာ မွန်းလွဲသည့်တိုင်အောင် ပြန်မလာသေးသည်နှင့် အောင်သင်းမှာ ထွန်းဖေအား မစောင့်တော့ဘဲ နံနက်စာ စားအံ့ဟု မီးဖိုသို့ ဝင်ကာ နံနက် ချက်ပြုတ်ထားသော ထမင်း ဟင်းများကို ခူးခပ်နေစဉ် အပြင်ဘက်မှ–

‘အောင်ပါလေ... အေးဟေး... အေးဟေး။ သပြေညိုဆိုတဲ့ ပန်းရယ်နဲ့ ဆေးချမ်းကို လောင်း...ဟောင်း...ဟောင်း...ဟောင်း’ဟူ၍ ဆိုရုံမက ပါးစပ်ကပါ – ‘ဆော်–ပြောင်–ပြောင်–ထီ၊ ဆော်–ပြောင်–ပြောင်–ထီ..’ဟု စည်တော်ရွမ်းနေသံကို ကြားရပြန်သဖြင့်– “ဒီကောင်ကြီး ဘာဖြစ်လာသလဲ။ ငတ်လွန်းလို့ သွေးပြတ်ပြီး ရူးလာသလား၊ ပဒိုင်သီးပါတဲ့ ကာလသားဆေး စားမိသလား”ဟု နှုတ်မှ ရေရွတ်ရင်း အောင်သင်းမှာ မီးဖိုမှ ထွက်လာလေရာ ထွန်းဖေမှာ ကိုယ်ကြီးကို နှဲ့ကာ နှဲ့ကာ တောပဒေသာပင် လှည့်ရာတွင် ရှေ့မှ ကသူကဲ့သို့ ဒူးကွေးကွေး၊ လက်ကွေးကွေးနှင့် ပုနေအောင် လွှဲကာ ကာ က နေသည်ကို မြင်ရသဖြင့်–

‘ဟေ့... ဒါ ဘာ အရှင်ကြီးလဲ’ မေးလိုက်မှ–

‘ခွေးမသား... လူကို ပြောင်စရာ မှတ်လို့လား။ လာခဲ့၊ ခြေသလုံးကို နှိပ်ပေးစမ်း’

'ဟား... ဟား ဒါ ဘာအရူးလဲကွ။ ဥစ္စာရူးလား၊ တဏှာရူးလား၊ မယားတ ရူးလား၊ ပယောဂ ရူးလား၊ ရှာသူနဲ့ နတ်နဲ့ ပင်းချတဲ့ အရူးလား။ တံတားကလေး သွားချင်ရင် ဒီလမ်းက ကြွပါမောင်'ဟု လမ်းမဘက်သို့ လက်ကြီးတဆန့်ဆန့် လုပ်ရင်း တဟဲဟဲ ရယ်နေသဖြင့်–

'အောင်မယ်... ခွေးမသား၊ ငါ့ကို ပြန်ပြောနေပြန်ပါပြီ။ ဒီမှာ ကြည့်ကွ'ဟု ပြောရင်း တိုက်အင်္ကျီကို ပုတ်ပြလေရာ၊ "ချွင်"ဟူသော ဒင်္ဂါးသံများကို ကြားရသည့်အတွက် အောင်သင်းတွင် မျက်လုံးပြူးသွားကာ– 'ဟာ... ကိုယ့်လူ တယ်ဟုတ်ပါလား။ ဘယ်က အလစ်သုတ်လာသလဲ'ဟု မေးရင်း အနီးသို့ ဝင်ထိုင်သည့်အတွက် ထွန်းဖေမှာ ခြေသလုံးကို ဆန့်ပေးပြီး– 'နှိပ်ပေးစမ်းကွာ၊ တစ်မနက်လုံး ခြေကို တောက်လာတာပဲ'ဟု ပြောရင်း ခြေသလုံးဆီသို့သာ မေးထိုးပြနေသည့်အတွက်–

'ဟဲ... ဟဲ... ညောင်းသလား ဆရာ'ဟု ပြောရင်း တစ်ချက်၊ နှစ်ချက် နှိပ်သလိုပြုရာက ခြေသလုံးမွေးများကို တစ်ပြုံကြီး ဆွဲလိမ်ရင်း နုတ်လိုက်သည့်အတွက်– 'အ... လယ်... လယ်... ကွာ။ နာလိုက်တာ၊ ငါ့နခိုးမှုပဲ'ဟု မျက်နှာရှုံ့မဲ့ကာ အော်လိုက်မှ အောင်သင်းလည်း– 'မှန်းစမ်း... ဘယ်မှာလဲ ငွေ၊ ဘယ်လောက်ရသလဲ'ဟု မေးရင်း အတင်း အိတ်သို့ နှိုက်လေရာ၊ ငွေဒင်္ဂါး နှစ်ပြားနှင့်အတူ ကြေးပန်းကန်ကွဲ သုံးခုလောက် တွေ့ရသဖြင့် အံ့အားသင့်ကာ ဟက်ဟက်ပက်ပက် ရယ်မိပြီးမှ– 'ခွေးမသား၊ ငွေနဲ့ အကြွေး ချတာပေါ့လေ။ ဒါ ငယ်ငယ်တုန်းကသာ ကောင်မကလေးတွေကို ပေးလို့ ယူတာ ကိုယ့်လူ။ အခု အသက်အရွယ်နဲ့ဆိုရင် ဒါမျိုး ဆိုရင်လား၊ ကြည့်တောင် ကြည့်ရမှာ ဝေးလို့ အရူးကြီး... အရူးကြီး ဆိုပြီး ပွတ်မလွှတ်လိုက်တာပဲ တော်လှပြီ အောက်မေ့ရမှာ'ဟု လေရှည်ကြီး ပေါက်တမ်းရှည် ထွက်နေသဖြင့်–

'မင်းတုန်းကတော့ကွာ ငါ နှိပ်ပေးရတာ။ ငါ့ကျတော့... မင်း အသုံး ကျတဲ့အကောင် မဟုတ်ဘူး'

'ငါ့လခွေး... ကြေးပန်းကန်ကွဲတွေနဲ့ နှိပ်ပေးရမှာလားကွ'

'ဒါက မင်းကို သက်သက် နှောက်ချင်လို့သာကွာ၊ ငါ့အလုပ် ဟန်ကျ နေပါပြီ'

'ဟင်... ဟုတ်ကဲ့လား၊ ပြောစမ်းပါဦးကွ'

'ဝတ်လုံတော်ရ မစ္စတာဗတားနစ် မင်း သိမှာပေါ့ကွာ။ သူ့ဆီမှာ ကော်ပီကူးဖို့ လူလိုနေတာနဲ့ မနက်က အခန့်သင့်ပဲ ဝင်လုပ်ခဲ့တာ ငွေ ၂ ကျပ် ပေးလိုက်တယ်။ ဒီကနေ့ကစပြီး တစ်လ ၃၀ နဲ့ အလုပ်ဝင်ရတော့ မယ် ကွဲ့။ ငတ်ပေါက်ကတော့ လွတ်ပါပြီကွာ'

'ဟေး... ဟုတ်လား၊ ဒါဖြင့် ဟန်ကျတာပေါ့ကွာ။ ငါလည်း တောကို မပြန်ချင်သေးဘူးကွာ။ မင်းတို့နဲ့ ခွဲရမှာ သိပ်ခက်တာပဲ။ မင်းတို့နှစ်ယောက် က လခ မှန်မှန်ရရင်တော့ မငတ်နိုင်တော့ပါဘူး။ ငါ့အလုပ်ကလည်း တစ်ခါ ကလေတော့ ဟန်မှာပါပဲကွာ။ ကဲ... လာဟေ့၊ ထမင်း စားရအောင်'ဟု ပြောရင်း မီးဖိုထဲသို့ ဝင်ကာ စားသောက်ကြလေ၏။

ထိုနေ့မှစ၍ အောင်သင်းမှာ အလုပ်မရှိသော လူလွတ်ဖြစ်၍ သာကျော် နှင့် ထွန်းဖေတို့မှာ အလုပ်ကိုယ်စီနှင့် ရှိကြသောကြောင့် အောင်သင်းမှာ နံနက်တွင်ပင် နံနက်စာ၊ ညစာများကို အလျဉ်မီအောင် ချက်ပြုတ်ရသော အခြင်းချက်ဘဝသို့ ရောက်မှန်းမသိ ရောက်ကာ၊ ထွန်းဖေနှင့် သာကျော် တို့ကိုလည်း မခွဲချင်၊ စိတ်ထဲတွင်လည်း မသိမသာ ခင်မင်စွဲလမ်းနေသော မအဘိုကိုလည်း မခွဲချင်သည့်အလျောက် ဖြစ်သလိုပင် အောက်ကျနောက်ကျ သော မိမိဘဝကို အကျေနပ်ကြီး ကျေနပ်ကာ နေခဲ့လေတော့၏။

## အခန်း (၆)

တစ်နေ့ကား နံနက်စာ စားသောက်ပြီးစီး၍ သာကျော်နှင့် ထွန်းဖေတို့မှာ အလုပ်သို့ ဆင်းသွားကြပြီ ဖြစ်သည့်အတွက် အောင်သင်းမှာ နောက်ဖေး မီးဖိုဆောင်တွင် အိုးခွက်များ တိုက်ချွတ် ဆေးကြောနေလေရာ၊ နောက်ဖေး ဆိုင်ပြတင်းတံခါးဝမှ လှပဖြူဖွေး နုထွတ်သော အသွေးဖြင့် မိန်းမပျိုတစ်ဦး ၏ မျက်နှာသည် ကောင်းကင်ဘက်သို့ မျှော်မှန်းငေးနေသော အသွင်ကို

မြင်ရသည့်အတွက် "ဟာ... တယ်ချောပါကလား၊ မဟာဒေဝီဆိုတာ ဒါပဲ ထင်ပါရဲ့"ဟု အတော်ကြာကြာ ငေးစိုက်နေမိလေ၏။

နောက်မှ မိမိကို မြင်မည်စိုးသည့်အတွက် လုပ်လက်စ အလုပ်ကို သိမ်းလိုက်ကာ အပြင်ခန်းသို့ ထွက်၍ မှန်ထဲတွင် မိမိမျက်နှာကို ပြုပြင်ကာ ပေါင်ဒါကလေး အစရှိသည်ဖြင့် လူးရင်း မဟာဒေဝီအား မြင်လိုက်ရသည့် ကာမဂုဏ်အမှောင့် ဝင်လူးပူးခြင်းကြောင့် လင်ရှိမယား၊ စော်ဘွားကတော် ဖြစ်သည်ကိုမျှ မတွေးတောနိုင်တော့ဘဲ ဤတွင် ကျကျနန ဆိုက်ပေးတော့ အံ့ဟု ထွန်းဖေ ချွတ်ပြီးထားခဲ့သော ပိုးအင်္ကျီနှင့် သာကျော်၏ ဘန်ကောက် လုံချည် တစ်ပတ်နွမ်းကလေးကို ဝတ်ကာ စတိုင်ကျကျ ပြုပြင်ပြီးမှ မဟာ ဒေဝီ မြင်အောင် မိမိကိုယ်ကို ပြ၍ ဆိုက်ပေးတော့မည်ဟု နောက်ဖေးဘက် သို့ ထွက်ကာ ကြည့်သည်တွင်၊ ယခင်က မြင်ရသော ပြတင်းပေါက်တွင် မတွေ့ရတော့ဘဲ ပျောက်ကွယ်သွားတော့သည့်အတွက် ဟင်းခနဲ သက်ပြင်း ချကာ ဤတွင် စိတ်ပျက်မိသည့်အလျောက် အကြိမ်ကြိမ် ခေါင်းကို ကုတ်မိ လေ၏။

မူလက သာမညပင် မဟာဒေဝီအား ကြည့်ချင်သောစိတ် ဖြစ်သော် လည်း ယနေ့ မမျှော်လင့်ဘဲ တွေ့လိုက်ရသည့် မဟာဒေဝီ၏ မျက်နှာကား "နတ်သို့ဆင်းတူ၊ ဤဗမ္ဗူဝယ်၊ မည်သူပြိုင်ဘက်၊ ပေါ်မထွက်သား"ဟူသလို အလှတကာတို့၏ ထိပ်တင်၊ အယဉ်တကာတို့၏ ပေါင်းစုရာ၊ ကျက်သရေ မင်္ဂလာ အဖြာဖြာတို့နှင့် ပြည့်စုံသော မျက်နှာတစ်ခု ဖြစ်ကြောင်းကို တွေ့ရ သည့်အတွက် မြင်လျှင် မြင်ချင်းပင် ပေမတဏှာ ကိလေသာ၏ ရစ်ပတ် ဆွဲဆောင်ရာသို့ လိုက်ပါမိကာ ဝါသနာအတိုင်း ပိုးချင်၊ ပန်းချင်၊ ဆိုက်ပေးချင် သောစိတ် ဖြစ်ပေါ်လာသည့်အတွက် အောင်သင်းမှာ နောက်ထပ် ထိုမျက်နှာ ကို တွေ့နိုင်ရန် အဘယ်သို့ ပြုရပါမည်နည်းဟု တွေးတော ကြံစည်မိလေရာ၊ နောက်ဆုံးတွင် အကြံရသည့်အတိုင်း အိမ်ရှေ့မှ ကုလားထိုင်တစ်ခုကို သွား ယူကာ နောက်ဖေးဘက်တွင် ချလျက် ကျကျနနထိုင်၍ ကြိုးညှိလေ၏။

တိန် တိန်... တောင် တောင်နှင့် ကြိုးညှိ၍ ညီလေသော် လွမ်းဖွယ် ဆွေးဖွယ်သော အသံနှင့် စကားဆိုင်ထဲတွင် နဲ့ကြီးများ ကြူကာ ရေလယ်စိမ်

ခင်းရင်း စမ်းလိုက်သကဲ့သို့ ညုလုံးထွေလုံး အမဲ့ရွဲ့နှင့်တကွ ဇာပါဆန်ဆန်နှင့် စမ်းလိုက်ရာ၊ ဖြူဖွေးနေသော လက်ကလေးနှစ်ဖက်မှာ အောင်သင်း ကြည့်နေသော ပြတင်းတံခါးပေါင်ကို လာရောက်ကိုင်သည့်အတွက် အောင်သင်းမှာ အသူးအားတက်မိကာ ရှေးကထက် ပိုမို၍ နားတွင် စွဲငြိစရာ အထွန့်အတက် နှင့်ဘကွ စမ်းလိုက်ပြန်ရာ၊ မဟာဒေဝီ ဆိုသူ၏ မျက်နှာတွင်မကာ ခါးပိုင်း အထက် ကိုယ်တစ်ဝက်ပါ ပြတင်းတံခါးတွင် ပေါ်လာသည့်အတွက် ဂုဏ္ဍိလ ဆရာ စောင်းတီး၍ နတ်သမီး ကျလာသလို ဤတွင် ဝမ်းအသာကြီး သာမိ သွက်၊ မိမိက စူးစူးစိုက်စိုက်ကြီး ကြည့်နေလျှင် ရှက်ကြောက်အားနာကြီး ဖြင့်ကာ ပြန်ဝင်သွားတော့မည်ကို စိုးရိမ်သောကြောင့် ကိုယ်ကိုသားတစ်ဖက် သို့ မျက်နှာလွှဲကာ မိမိဘာသာ မိမိ တီးနေဟန်ပြုရင်း တစ်ချက်တလေမှ သေမသာ စောင်း၍ ကြည့်တော့မည်ဟု မိမိ ပေးရမည့်ဆိုက်၏ စည်းမျဉ်း ဝါဒကို အကြမ်းဖျင်း ရေးဆွဲမိလေ၏။

မိမိ ဆိုက်ပေးပုံ စည်းမျဉ်းဝါဒအတိုင်း ခပ်လွှဲလွှဲထိုင်ကာ– "မြမြ မောင်းမောင်း"အလိုက် မယ်ဘွဲ့ပတ်ပျိုးကို စလိုက်လေ၏။ စည်းမပါ၊ ဝါးမပါ သောဆိုရသည် မှန်စေခါမူ အောင်သင်းတွင် ဤဘက်က ပါရမီ အကျိုး ပေးသန်သူ ဖြစ်သည့်အတိုင်း "*ပပငယ်လေး ဝင်းဝင်း...မှန်ရဝေဆောင်၊ ကြည်ရောင် တိုက်ခန်းလင်း... ဟန်တခါပြင်၊ ရွှေစင်ဆယ်တင်း၊ ဆက်သွင်း လော့... သိန်းတန်တဲ့မေ လေလေး...တင်ကြူ၊ ငယ်မူရာတွေ*"ဟု နှုတ်မှလည်း ညည်းညူဆိုရင်း လက်ကလည်း တွဲ့ကာ နွဲ့ကာ တီးလေရာ စည်းချက်၊ ဝါးချက်မှာ လွတ်သည်မရှိဘဲ ခါတိုင်း မိမိတီးနေသည့် သီချင်းဖြစ်စေခါမူ ယနေ့တွင် ပို၍ လက်ပေါက်တွေ့သကဲ့သို့ ရှိလေရကား၊ စိတ်ရောကိုယ်ပါ ထိုးရင်း... တစ်ချက်တစ်ချက် မဟာဒေဝီ ရှိရာသို့ လှမ်း၍ကြည့်လိုက်ရာ၊ မိမိအား မျက်လုံးဖြင့် စူးစူးစိုက်စိုက်ကြီး ကြည့်နေသည်သာမက လက်က လည်း ပြတင်းပေါင်ပေါ်တွင် စည်းလိုက်သည့်သဖွယ် အချက်ကျကျ ခေါက် နေသည်ကို တွေ့ရသဖြင့် ဤတွင် အံ့အားသင့်မိကာ နှလုံးသွေး ဒိတ်ခနဲ ခုန်လေရာ၊ လက်ပေါက်ပင် မမှန်တော့ဘဲ တောင်တစ်ချက်၊ မြောက်တစ်ချက်

နှိပ်မိနေခြင်းကြောင့် မဟာဒေဝီအား မျက်နှာလွှဲလိုက်ကာ တယောကို စူးစိုက်ရပြန်လေ၏။

သို့နှင့်ပင် တစ်ပုဒ်ပြီးတစ်ပုဒ် သီချင်းဆုံးသွားသည့်တိုင်အောင် အလစ်အလစ်တွင် တစ်ချက်တစ်ချက် မဟာဒေဝီအား ကြည့်ရာ၊ ကြည့်မိတိုင်း မိမိမျက်နှာနှင့် အကြည့်ချင်း ဆုံနေမိ၍ မိမိကပင် စတင်ပြီး မျက်နှာလွှဲလိုက်ရသည့်တိုင်အောင်၊ နောက်တစ်ကြိမ် ကြည့်ပြန်သော အခါတွင်လည်း မိမိအား ကြည့်မြဲကြည့်ကာ လက်ကလည်း စည်းလိုက်မြဲ လိုက်နေသည့်အတွက် မိမိ ခါတိုင်း ဆိုက်ပေးသည့် အခါများတွင် မိန်းမပျိုကလေး တချို့တို့မှာ တစ်ကြိမ် နှစ်ကြိမ်သာ အကြည့်ချင်း ဆုံမိ၍ မိမိကပင် ဖွဲ့နပဲ ကြီးစွာဖြင့် ဆိုက်ပေးရရာ၊ ယခုအခါမှာမူ မိမိက အရှုံးပေးရတော့မလောက် မဟာဒေဝီတွင် ဖွဲ့နပဲသန်သန်နှင့် မိမိအား ပြန်၍ ဆိုက်ပေးနေသည်ကို တွေ့လေရကား၊ အအိုမို့သာ ဤမျှ ရဲတင်းလေတော့သည် ဟူသော ထင်မြင်ချက်မှတစ်ပါး တွေးတောစရာ မရှိသည့်အလျောက် သီချင်းတွင် ဆို၍ကောင်းသော အပိုဒ်ဖြစ်သည့်– "*တနဲလေ... တဖုံလေ... တနုံလေ... တအင်လေ*" ဟူသော အပိုဒ်မှ ပြန်၍ကောက်ကာ– "*ငုံကင်း ကြိုင်စွာ၊ သင်းပျံ့မွှန်နံ့သာ... ရူပကာ၊ လှခေါင်ကြူး၊ ခင်မေကိုကို၊ ကြင်ဆွေလွဲဘူး၊ နှောင်မြဲခိုင်အောင်... ဆောင်မယ်ကူး၊ မောင်ရွှယ်စူး မှန်ပါတယ်လေလေ့၊ ကြော့မှူးမယ် ယုံတော့ကွယ်*" ဟူသော အပိုဒ်ကို ဆက်လက်၍ တီးပြန်ရာက နောက်တစ်ပိုဒ်– "*သည်းဘဝင်ဝယ်... ကြင်ခင်နှိုင်း... ထင်မြင်တိုင်း တင့်လှတယ်*" ဟူသောအပိုဒ် ရောက်သည်တွင် တစ်နံပါတ်ကြိုးမှာ ထောက်ခနဲ ပြတ်သွားသည့်အတွက်– "*ဟာ... ခက်တာပဲ*" ဟု ညည်းရင်း တယောကို ချကာ ပြတင်းပေါက်သို့ ကြည့်လိုက်သည်တွင် ပြုံးနေသည့်အတွက်–

"ကြိုးတွေကလည်း ဆွေးနေပါပြီ၊ ခက်တာပဲ" ဟု မဟာဒေဝီအား မသိမသာကြည့်ရင်း ပြုံးကာ ဆိုက်ပေးလိုက်လေရာ၊ မဟာဒေဝီမှာ မိမိအား ကြည့်ရင်း ပြုံးရာက တဖြည်းဖြည်း ပြတင်းတံခါးကို ပိတ်ကာ မျက်နှာကွယ်သွားသည့်အတွက် အောင်သင်းတွင် အောင့်သက်သက်ကြီး ကြံမိတိုင်း တယောကိုသာ ဒေါပွကာ– "ဖေးရိုးမ...တယော၊ အရေးကျရင် ခွတော့ချင်

ပြီ၊ အငြိမ့်သမ ကျရင်တော့ တယ်ပြီး သဒ္ဒါတရား ကောင်းတယ်။ တင်းခိုင် ဘိုင်း တင်းလို့ မပြတ်ဘူး။ ဒီလို ဟန်ကျပန်ကျဖြစ်မဲ့ နေရာကျတော့ အထိမခံ ကြွပန်းကန် ကျနေတာပဲ"ဟု ရေရွတ်ရင်း ကြိမ်းမောင်းကာ ထိုနေ့အဖို့ ချော်လင့်ချက်ကုန်ပြီ ဖြစ်သည့်အတွက် အတွင်းခန်းသို့ ပြန်ဝင်ကာ၊ လပေါင်း များစွာ ဆိုက်ပေးခြင်းကိစ္စကို ရပ်စဲထားရပြီးမှ ယနေ့တွင် ထူးထူးခြားခြားကြီး ပြန်လည်ဆိုက်ပေးရခြင်းကို ကျေနပ်နှစ်သက်သည့်သဖွယ် မဟာဒေဝီ၏ မျက်နှာပြုံးပြုံးကလေးကို အာရုံတွင် ထင်မြင်တွေးတောရင်း ထွန်းဖေ၏ အင်္ကျီနှင့် သာကျော်၏ လုံချည်များကို ချွတ်ကာ နေရာတကျ ပြန်ထား လိုက်လေ၏။

## အခန်း (၇)

အောင်သင်းကား တစ်နေ့လုံး နေမထိ ထိုင်မသာ ဖြစ်နေလေ၏။ ပထမ သော် အာရုံငါးပါးတွင် ရူပါရုံကို လိုက်စားမိကာ၊ အဆိုပါ မဟာဒေဝီ ဆိုသူ၏ အပေါ်တွင် မျက်စိကျမိကာ ပိုးပန်းခဲ့ရာတွင် အေးအေးသက်သာ အချိန်ရ၍ တွေးတောမိပြန်သောအခါတွင်ကား... "မဟာဒေဝီ"ဟူသော အမည် ညတ်ပင်လျှင် ၎င်းတွင် ဇော်ဘွားဟူသော "လင်သား" အထင်အရှား ကြောင်း ဆိုင်းဘုတ်ကြီးတစ်ခုလို ဖြစ်နေဘိရကား၊ မိမိမှာ ပရဒာရိယာ ဘည်းဟူသော သူများမယား တပ်မက်မိချေပြီဟု တွေးတောမိလေ၏။

သို့ရာတွင် မြင်ရသူ ယောကျ်ားတကာတို့၏ အသည်းကို ဆုပ်ဆွဲ ထားသလို ချစ်ခင်တပ်မက် နှစ်သက်စရာ ကောင်းလှသော ထိုရူပါရုံ လှိုင်းလုံး သူတိုင်းပင် အချစ်မူး၊ အချစ်ရူး၊ အမူးကြီးမူးပြီး အရူးကြီး ရူးရတော့မလို လေရာ၊ အဘိပါရက စစ်သူကြီး၏ မယားမှန်း သိလျက်နှင့်ပင် ဥမ္မာခင်ကို ချင်တောင့်တ ဥမ္မတ္တက ဖြစ်ရသော သိဝိရာဇ်မင်းကြီးကဲ့သို့ လည်းကောင်း၊ ရာဇာသိပြည့်ရှင် ဘုရင်မင်းမြတ်၏ အဂ္ဂမဟာသီဖြစ်သော မိမိ၏ ဆွမ်း အမ၊ ကွမ်းအမ၊ မုဒုလက္ခဏာ မိဖုရားကို လိုချင်သောအားဖြင့် သက်နိုးယား ဘော်မှုသော ဟရိတစ ရှင်ရသေ့ကြီးကဲ့သို့ လည်းကောင်း အောင်သင်းတွင် မဟာဒေဝီ အမျှင်မှာ မပြတ်နိုင်တော့ဘဲ အသူတစ်ရာ နက်လှသည့် ဒု–သ–

နှ–သော ချောက်ကြီးထဲသို့ ဒိုင်ဗင်ထိုးချရမည် ဖြစ်စေကာမူ ထိုးဝံ့၊ မိုက်ဝံ့သူကဲ့သို့ မဟာဒေဝီစွဲ စွဲသေတော့၏။

သို့ကြောင့်လည်း နောက်တစ်နေ့တွင် မနေ့က အချိန်သို့ ရောက်လေသော် တယောကြီးကို ရနိုင်သမျှ နည်းလမ်းဖြင့် ပြန်လည်ဆက်ကာ လွန်ခဲ့သည့် နေ့က နေရာတွင်ပင် ထိုင်လျက် ထိုးပြန်လေ၏။ သီချင်းမှာလည်း "ပပဝင်းဝင်း"ပင် ဖြစ်လေရာ၊ မဟာဒေဝီ ဆိုသူမှာလည်း ပြတင်းဝက ထွက်၍ ကြည့်မြဲကြည့်ကာ စည်းလိုက်မြဲ လိုက်ပြန်လေ၏။ ယနေ့မူကား အောင်သင်းမှာ အတင့်ရဲလာပြီ ဖြစ်လေရာ တစ်ခါတစ်ခါ ကြည့်မိလျှင် အကြာကြီး ကြည့်မိလေရာ၊ မဟာဒေဝီမှာ မိမိအား တိုက်ရိုက် မကြည့်တော့ဘဲ ခပ်လှမ်းလှမ်းရှိ တိုက်အမိုးကို လှမ်းမျှော်ကြည့်နေသကဲ့သို့ ကြည့်ရာက မိမိ တီးဆိုသည်ကို လက်က စည်းချက်လိုက်နေသည်ကို တွေ့ရသည့်အတွက် အောင်သင်းမှာ မိမိ ရဲရဲတင်းတင်း ကြည့်စေရန် အခွင့်ပေးနေသကဲ့သို့ ထင်မြင်ကာ သေသေချာချာ ကြည့်ရင်း ပြင်စည်မင်းသား ရေးသော "နှစ်ကိုယ်သစ္စာ"ပတ်ပျိုးကို စ လေ၏။

မဟာဒေဝီမှာမူ ယနေ့တွင် ဆံပင်မှာ နောက်ပြန် အလျားချလျက်၊ ညာဘက်တွင် ခြောက်လက်မ နှင်းဆီအဖြူ တစ်ပွင့်ကို ပန်ထားလျက် ရှိလေ၏။ လည်ပင်းကို ဆန့်လျက် အဝေးသို့ ငေးမျှော်သော ပုံပန်းဖြင့် တစ်ခါတစ်ရံ လည်ပင်းကို ဆန့်လေရာ၊ ဖြူဝင်းကြော့ရှင်းလှသည့် လည်တံမှာ အကြောစိမ်းကလေးများ ထနေလျက် မတိုမရှည် လည်ပင်းတွင် ဆွဲထားသော စိန်ကြိုးနှင့် အထူးပန်ရကာ လှနေလေ၏။ အောင်သင်း တယောသံ ရပ်သွားသောအခါ နောက်ဘက်သို့ တစ်ခါတစ်ရံ လှည့်ကြည့်ပြီး၊ တယောသံ ပေါ်လာပြန်လျှင် ပြန်၍ မျှော်ကြည့်မြဲ ကြည့်ကာ တစ်ခါတစ်ရံ ခေါင်းကို ကုတ်သလို၊ တစ်ခါတစ်ရံ ပန်းကို မခိုင်သဖြင့် ပြန်၍စိုက်သလို ဟန်မူရာ အမျိုးမျိုး လုပ်ပြနေခြင်းအတွက် အောင်သင်းတွင်လည်း ဤတွင် ပိုမိုအားတက်ကာ မိမိ လက်သံကို မဟာဒေဝီတွင် ငြိလေပြီဟု နှလုံးနှင့် လူတွေ့တိုင်း အလူးအလိမ့် အထွန့်အတက်ကို လက်စွမ်းကုန် ထိုးရင်း–

*"ခင်တမေ... သည်တစ်သက်မှာဖြင့်၊ မြတ်ဆံကေ... စိမ္မေစက်ကယ်*

ဘုမ်းရွှယ်စို့–လှမ်းဆက်လို့၊ ကျမ်းရွှယ်စို့၊ နှစ်ကိုယ်ရေ”ဟူ၍ နှုတ်မှ ဆိုရင်း ဘာဒေဝီထံ အမှတ်မဲ့ ကြည့်လိုက်ရာ၊ မျက်နှာတွင် ရှက်သွေးများ ျမ်းသွားသကဲ့သို့ မျက်တောင်ကို အကြိမ်ပေါင်းများစွာ ခတ်ပြီး မျက်နှာ အောက်သို့ ချသည့်အတွက်– “ထိပြန်ပဟာ တစ်ချက်”ဟု ဝမ်းတွင်း ကျိတ် ပြီးမှ– “မသွေးတမ်း–ရွှေကျမ်းကို၊ မောင်က... မောင်က... ရှက်ပါ့မယ်တဲ့ ရယ်၊ ကေသွယ်–ရှက်ပါမယ်တဲ့... မေရယ်၊ ကေသွယ်”ဟု ဤတွင် ောာ့နိုင်သမျှ တော့၊ ကြော့နိုင်သမျှ ကြော့လျက် စိတ်ပါလက်ပါ အလူး ည့်မှန့်နှင့် ထိုးပြန်လေရာ၊ မဟာဒေဝီ၏ ခေါင်းမှာ တဖြည်းဖြည်း ပြီးရှင် သာ မျက်နှာဖြင့် မော့လာပြန်သည့်အတွက်–

“မမုန်းတမ်း... ဆုံးခန်းကိုဖြင့်–တိုင်ရွှယ်...တိုင်ရွှယ်၊ နောင်...သွေဖယ် ဘူး၊ ဆွေမယ်လျှ–လှနတ်ကယ်”ဟု သီချင်းကို ချလိုက်ပြီးမှ– “ပူပါနဲ့ င်...”ဟု သဖြန်ကို ကောက်လိုက်သည့်တွင် မဟာဒေဝီ၏ မျက်နှာမှာ တရက် လန့်သွားဘိသကဲ့သို့ မျက်လုံးပြူးကာ မျက်တောင် အကြိမ်ကြိမ် ရင်း၊ အောက်နှုတ်ခမ်းကို မထိတထိကိုက်ကာ မိမိကိုသာ စူးစူးစိုက်စိုက် ကြီး ကြည့်နေခြင်းကြောင့်–

“နတ်ပုံသွင်၊ ထင်မြင်မိသော်လဲ... မကြည့်လှည့်ငြား”ဟု ဆက်၍ ကာ၊ ဤတွင် မိမိကို ကြည့်နေခြင်းကြောင့် အောင်သင်းမှာ တစ်ဖက်သို့ နှာလွှဲကာ ဆက်လက်၍– “နောက်နောင်တသွေး... ဆုတူးငယ်–ဖန်ဖန် လို့၊ စိန္တေမှာ... ကျိန်ရေသုံးပါ့မယ်... ဘုန်းခုသက်ထား”ဟု ဆိုရင်း ယော... တယော... တယော... သတ်ကာ တဖြည်းဖြည်း သီချင်းကို လိုက်မှ မဟာဒေဝီတွင် ဤနေ့အဖို့ မိမိအပေါ်တွင် အကျေနပ်ကြီး ကျေနပ် းသကဲ့သို့ မျက်ခုံးကလေး တွန့်ကာ မျက်တောင်မွေးကလေးဖြင့် မိမိအား ည့်ရင်း ပင့်သက်ကို ရင်ကလေး မောက်လာအောင် ရှူသွင်းလိုက်ပြီး ါးကို ပိတ်လိုက်သည်ကို တွေ့ရသည့်အတွက်– “ဟာ... ငါ့ဆိုက်တော့ ောင့်သွားပြီ။ ဘယ်လိုနည်းနဲ့ နီးစပ်အောင် ကြံရမယ်ဆိုတာ ဒုတိယတစ်ဆင့် း‌ဖို့ လိုတယ်”ဟု ကြံရင်း တယောကို ကိုင်ကာ ငေးနေခိုက်–

‘ဟေ့... ဆိုက်မင်းသား၊ ဘာတွေ ဆိုက်ပေးနေသလဲ’ ဟု မေးရင်း

ဝင်လာသည့် ထွန်းဖေကို တွေ့ရသည့်အတွက် ဘိန်းပုန်းစား လူမိသကဲ့သို့-

'ဟာကွာ... လန့်လိုက်တာ'ဟု ပြောရင်း နေရာမှ ထသည့်အတွက်-

'ဟာ... ဟာ... နေရာကျလိုက်လေကွာ၊ ဘယ်လို စိတ်ကူးစိတ်သန်း ပေါက်ပြီး အိမ်ထဲတွင် နေရင်းနဲ့ ငါ့ပိုးရုပ်အင်္ကျီနဲ့ သာကျော်ကြီး ဘန်ကောက် လုံချည်ကို ယူဝတ်နေရတာလဲ။ အဲဒီလို ကြပ်ကြပ်လုပ်ပါကွာ။ နောက်တစ်ခါ အပေါင်ဆိုင် ပေါက်ဖော်က ချေးအများပဲ'ဟု ပြောသဖြင့်-

'ဒီတစ်ခါတည်းပါကွာ၊ ကိစ္စလေး နည်းနည်းရှိလို့ ဝတ်တာပေါ့။ ငါ လျှော်ပေးပါ့မယ်'

'ဘာလဲကွ... ဘာကိစ္စလဲ။ မင်း ဆိုက်ပေးတာပဲ မဟုတ်လား။ ကြည့် လည်းလုပ်ပါ... ငါ့လူ။ ဒီလမ်းထဲက ပြောင်းပြေးရရင် ဒီလို အိမ်လခ သက်သာ မဲ့အိမ်၊ အိမ်လခ ရက်ဆိုင်းပေးမဲ့အိမ် တော်တော်နဲ့ ရမှာ မဟုတ်လို့ စောင်းတန်း ခရပ်တစ်ခုခုမှာ သွားပြီး ဥပုသ်သည်ယောင် ဆောင်နေရဦးမှ...'

'ဒီအထိ မပူပါနဲ့ကွာ။ ငါ့ဟာတွေ ချေးပြီးတော့ မင်း ဝတ်ချင်သလို ဝတ်၊ ခြေပဲ သုတ်သုတ်။ အခုနေအခါတော့ မင်းတို့ဟာမှ မဝတ်ရရင် ငါ တော်တော် ဆိုက်ပွဲမှာ စိုးလို့ပါကွာ'

'မင်း ဆိုက်ပေးတာ ဘယ်ကဟာလဲကွ။ နောက်ဖေးအိမ်ကလား'

'အစစ်ပေါ့'

'ဘယ့်နှယ့်လဲ၊ ဆိုက်ကျပြီလား'

'ဟာ... ကျတာမှ ဗုန်းခနဲ မြည်တာက နည်းလိမ့်ဦးမယ် မောင်'

'ဟိုက်... ဒါဖြင့် ကောင်မကလေးတော့ သနားစရာပဲကွ'

'ဘာဖြစ်လို့လဲ... မောင်'

'မျက်စိ သကျည်းလွဲပြီး ငတ်တစ်လှည့် ပြတ်တစ်လှည့် မောင်မောင် ကို အဟုတ်ထင်နေတာ။ တော်တော်ကြာ ရင်ဘတ်စည်တီးပြီး မြေချေးယို ရမှာ မြင်လွန်းလို့ သနားလိုက်ပါဘိတော့ကွာ။ ထမင်းဘယ်နှနပ် အငတ် ခံနိုင်သလဲလို့ ငါ မေးကြည့်ဦးမယ်၊ ဖယ်စမ်း... ဖယ်စမ်း'ဟု တံခါးဝကို အတင်းတိုးထွက်မည် ပြုသည့်အတွက်-

'ဟေး... ဟေး... မရှိတော့ပါဘူးကွာ။ တံခါးပိတ်သွားပါပြီ။ အရမ်း

ေ ာ့ပ်ပါနဲ့။ ငါကိုယ်တော်ရှင်မြတ် အသည်းရော ကလီစာရော တုန်လွန်းလို့ ် ဟု လက်ကြီးကားရားဖြင့် ထုပ်ဆီးဖမ်းမည့် သူကဲ့သို့ လုပ်နေသည့် အတွက် ထွန်းဖေတွင် ရယ်မောရာက–

'မင်းတော့ အလုပ်မရှိတာ ဟန်နေတာပေါ့လေ'

'မဟန်သေးပါဘူးကွာ။ ရှေ့ကိုဖြင့် ဟန်မလား၊ မဟန်ဘူးလား မဆို ိုင်ဘူး'

'သူတို့က ဘယ်သူတွေလဲ။ ပြောင်းလာတာ မကြာသေးပါဘူး'

'ရှမ်းပြည်က မဟာဒေဝီတဲ့'

'ဟော့ကောင်... မင်းဟာ လက်ထိတ်စော် နံလှချည်ကလား။ ဒီကောင် ေလည်ဘူး၊ မလည်ဘူးနဲ့၊ ပတ်တီးကြီးနဲ့ ဆိုတာ ကျနေတာပဲ။ မဟာဒေဝီ ဆိုထဲက မင်းကို ဘယ်မှာ ကျတော့မှာလဲ'

'အိုကွာ... ဘယ်လိုကျကျ ငါ့မှာတော့ မထူးပါဘူး။ စပယ်ဒင် မတွေ့ ဘူးလားကွ။ မညားရရင် နေပေစေ၊ အချောင် ဖောဖောသီသီတော့ သုံးရမှာ ်ကွာ'

'ဖောဖောသီသီ သုံးရမှာက နောက်မှ သုံးရမှာမောင်။ ဖောဖောသီသီ သုံးရဖို့ ယောကျ်ားတန်မဲ့နဲ့ မင်း ပိုက်ဆံရှာမယ့်နည်းက တို့အဝတ်အစားတွေ ွန်းလှတယ်။ ချွတ်လေကွာ... ချွတ်... ချွတ်'ဟု အတင်း ဆွဲချွတ်သည့် အတွက်–

'ဟေး... ဟေး... ချွတ်ပါ့မယ်ကွ။ အိမ်ရှေ့မှာ လူတွေ ကြည့်နေတယ်။ ့မှာ ဘောင်းဘီမပါဘူး'ဟု အတင်းရုန်းကန်ရင်း အခန်းတွင်းသို့ ဝင်ပြေး လေ၏။

## အခန်း (၈)

သို့နှင့်ပင် ရက်သတ္တ တစ်ပတ်လုံးလုံး အောင်သင်းရော မဟာဒေဝီပါ အချိန် ်န် တွေ့ဆုံနေကြလေရာ၊ မဟာဒေဝီမှာ အတင့်ရဲလွန်းလှသည့်သဖွယ် အောင်သင်း အမျိုးမျိုး ဆိုက်ပေးနေသည်ကို ကြည့်မဝသူ၏ အလား စူးစိုက် ကြည့်နေခြင်း၊ အလွမ်းသီချင်းကို တီးခေါက်သောအခါတွင် လွမ်းဟန်

ဆွေးဟန်ကို ပြခြင်း၊ သစ္စာထား တဲ့တိုးဆိုသော သီချင်းကျလျှင် ရှက်ကြောက်ပုံ ဟန်အမျိုးမျိုးပြခြင်း၊ တစ်ခါတစ်ရံ ၎င်း၏မျက်နှာတွင် မကြည်မသာအတွင်းဆွေး ဆွေးနေသော အမူအရာကိုပင် ပြန်၍ ဆိုက်ပေးနေသူကို ကြည့်ကာ ပွဲကျနေမိခြင်းအတွက် နေ့တိုင်း ဤအချိန်၊ ဤနာရီတွင် အောင်သင်းမှာ နတ်ပြည်ရောက်သည်နှင့် မခြား ပျော်ရွှင်ကြည်နူး အချစ်ရူးရူးခဲ့ရလေ၏။

ထိုနေ့ကား ချက်ပြုတ်စားသောက် ပြီးစီးကြ၍ ထွန်းဖေနှင့် သာကျော်တို့မှာ ရုံးသို့ သွားကြပြီဖြစ်သည့်အတွက် မိမိ အလုပ်ချိန်ကျပြီ ဖြစ်သည့်အတိုင်း ရေမိုးချိုးကာ နေ့စဉ်ဝတ်သကဲ့သို့ သာကျော်နှင့် ထွန်းဖေတို့၏အဝတ်အစားများကို ဝတ်စား ဆင်ပြင်ပြီးနောက် မှန်ရှေ့တွင် စတိုင်အကျဆုံးမျက်နှာကို ခြယ်လှယ်နေခိုက်တွင် အိမ်ရှေ့မှ တက်လာသော ခြေသံနှင့်အတူ–

'အသံ မကြားပါကလား၊ ဘယ်များ သွားကြပါလိမ့်။ ကိုအောင်သင်း... ကိုအောင်သင်း'ဟူသော ခေါ်သံကို ကြားရသည့်အတွက် ထွက်ခါကြည့်စဉ်တွင် မိမိတို့ အတီးဝိုင်းဆရာ ကိုဘကျော်ကို တွေ့ရသောကြောင့်–

'ဟာ... ဆရာပါလား၊ ထိုင်ပါ'ဟု နေရာပေးရင်း–

'ဘာကိစ္စလဲ ဆရာ'ဟု မေးမှ–

'ဟာ... ကိုအောင်သင်းလဲ အဝတ်အစား လဲပြီးတာနဲ့ အခန့်သင့်ပဲ။ လာပါဗျာ... လိုက်ခဲ့ပါဦး။ တောက အဆိုကောင်မတစ်ယောက် ရလာတာနဲ့ ဒီနေ့ တီးလုံး တိုက်ကြည့်မလို့။ အသံ တကယ်ကောင်းတဲ့ ကောင်မကလေးဗျာ။ သူ့ဓာတ်ပြားသာ ထွက်လိုက်ရရင် အခု နာမည်ကြီးနေတဲ့ ကောင်မတွေထမင်းအိုး ကွဲမှာပဲ။ မယ်တင့်...တဲ့။ ရုပ်ကလေးကလဲ ကတော်ရုပ်ဗျ'

'ဟာ... ဆရာ ကျွန်တော် မလိုက်နိုင်ပါဘူး ဆရာ။ ချိန်းထားတဲ့ ကိစ္စတစ်ခု ရှိနေလို့'

'အောင်မယ်ဗျာ... နောက်မှ လုပ်စမ်းပါ။ အဆို လိုက်ကြည့်စမ်းပါဦး။ ကောင်မကလေး ပါးပုံ၊ နပ်ပုံနဲ့ ခင်ဗျား လက်ပေါက်နဲ့တော့ သိပ်ပြီး ဟန်ကျမှာပဲ။ ဩော်... ဒါထက် အရင်ငွေကိုးကျပ် ကျန်သေးတယ် မဟုတ်လား။ ရော့ဗျာ... ငွေတစ်ဆယ်ပဲ ယူပါတော့'

ဟု တစ်ဆယ်တန်တစ်ချပ် ရက်ရက်ရောရော ထုတ်ပေးသည်နှင့် ပေးဖူးပေးကာ ဤသို့ ဖော်ဖော်ရွေရွေ ခေါ်ခြင်းကို မိမိ အားနာရမည့်လူ ဖြစ်နေခြင်းတို့ကြောင့် မလိုက်လျှင် မဖြစ်သော အနေသို့ ရောက်သည်တိုင် အောင် "ငွေ"ထက် အဆမတန် တန်ခိုးကြီးမားသော "ကိလေသာ"ဆွဲဆောင် သည့် ဘက်က အလေးသာနေခိုက် ဖြစ်သည့်အတိုင်းလည်း–

'ဟာ... ဆရာ၊ ကျွန်တော် ချိန်းထားတဲ့ကိစ္စက သိပ်အရေးကြီးလွန်း လို့ပါ ဆရာ။ ညမှပဲ လာပါရစေတော့။ ဆရာ့ကို သိပ်အားနာတာပဲ'ဟု တစ်ဆယ်တန် ငြင်းဆန်ရင်း ငွေကိုသာ အရအမိ ယူထားလိုက်သည့်အတွက် နောက်ဆုံးတွင် ကိုဘကျော်မှာ လက်လျှော့ကာ–

'ဒါဖြင့်ဗျာ.. ညကို ဆက်ဆက် လာဖြစ်အောင် လာခဲ့ပါဗျာနော်'

ဟု ပြောရင်း ဆင်းသွားသည်တွင်မှ အောင်သင်းတွင် တစ်ဆယ်တန် စက္ကူကလေးကို အားရဝမ်းသာသော မျက်လုံးများဖြင့် ကြည့်ရင်း ခေါက် ၍ အိတ်တွင်းသို့ သွင်းထားလိုက်ပြီးနောက် တယောကိုယူကာ ကိုဘကျော် နောက်တစ်ခေါက် ပြန်လှည့်လာဦးမည်လောဟု စိုးရိမ်မကင်းသော မျက်နှာ နှင့် ပြတင်းပေါက်မှ ကြည့်လေရာ လာပုံ မပေါ်သည်တွင်မှ အသာ ခြေဖျား ထောက်လျက် နောက်ဖေးဘက်သို့ ထွက်ခဲ့လေ၏။

ပြတင်းတံခါးမှာ မဖွင့်သေးသည့်အတွက် တယောကြိုးကို ညှိကာ နေလေ၏။ ၎င်းနောက် အတော်ကြာကြာပင် ကြိုးကိုညှိရင်း ပြတင်းတံခါး ဖွင့်လေမည်လားဟု စောင့်ပါသော်လည်း မဖွင့်သည့်အလျောက်– "အို... ချစ်ဘဝေးသူမို့... ခွေးပူရတယ်"ဟူသော ယိုးဒယားကို ကောက်ခါသီဆို နေ၏ သီးလေ၏။ သီချင်းဆိုရင်း၊ တယောထိုးရင်း တံခါးပွင့်လာမည်လားဟု ခဏခဏ ကြည့်လေရာ ဖွင့်သည်ကို မမြင်ရတော့ဘဲ နောက်ဆုံး သီချင်း တလည်း တစ်ပိုဒ်ပြီးတစ်ပိုဒ် ဆုံးခဲ့ရာမှ နောက်ဆုံးတွင် အကုန် ဆုံးသွား သည့်တိုင်အောင် တံခါးမှာ တုတ်တုတ်မျှ မလှုပ်ဘဲ ရှိလေရာ၊ စိတ်အပျက် ကြီး ပျက်မိလျက် တယောကိုကိုင်ကာ နေရာမှ ထ၍ တံခါးကိုမှိုင်ရင်း အတော် ကြာကြာ စိုက်ကြည့်နေမိလေ၏။

'ကိုကို... ကိုကို'ဟူသော အသံကလေးသည် နားထဲသို့ လိုမ့်ဝင်လာမှပင် သတိရကာ–

'ဟင်... နုနု ဘာကိစ္စလဲ၊ လာ... လာ'ဟူ၍ ပြန်လှန်ခေါ်လိုက်ပြီး အပြင်သို့ ထွက်လာလေရာ၊ နုနုမှာ ပြုံးပြုံးရွှင်ရွှင်နှင့် ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်ပြီး–

'အခုတင်က တယောသံ ကြားတယ်၊ ကိုကို ဘာလုပ်နေလဲ'

'ဩော်... ပျင်းပျင်းရှိတာနဲ့ လက်ပေါက်တွေ မေ့ကုန်မှာ စိုးလို့ ပြန်ကျင့်နေတာပါ'

'ဒါဖြင့် ထိုးစမ်းပါလား ကိုကိုရယ်၊ နုနုလည်း နားထောင်ရအောင်'

'ဟာ... မကြားချင်ပါနဲ့ နုနုရယ်။ ကိုကို စိတ်လည်း မပါပါဘူး' ဟု ပြောရင်း ခေါင်းကုတ်ကာ တယောကို စားပွဲပေါ်သို့ တင်လိုက်သည့်အတွက်–

**နုနုမှာ– 'ဟင်... ကိုကိုကလဲ နုနု ခိုင်းရင်ဖြင့် ဒီလိုချည်းပဲ'ဟု နေရာမှ ထကာ တယောကိုယူလျက် အောင်သင်း၏** ရင်ခွင်သို့ထည့်ရင်း မိမိကိုယ်**ကလေးနှင့် အောင်သင်းအား** တိုးကာ တိုးကာ– 'ထိုးပါ ကိုကိုရယ်... **ထိုးစမ်းပါ** ဆိုနေမှပဲ'ဟု အတင်းပေးကာ ခိုင်းနေလေရာ၊ အောင်သင်းမှာ ကိလေသာအာရုံ ကာမဂုဏ် စိတ်ရူးစိတ်မိုက်တို့ ပျံ့လွင့်နေဆဲ အချိန်တွင် ဓာတ်သဘာဝအားဖြင့် ကွဲပြားခြားနားသော ကလေးမကလေး၏ ကိုယ်ဖြင့် ထိတွေ့ခြင်း၊ သောတအာရုံတွင် ပီတိကျလှခြင်း၊ မွှေးထုံသော ဂန္ဓာရုံတို့က နှာခေါင်းဝတွင် အသည်းယားလောက်အောင် ကလိကစားခြင်းတို့ကြောင့် ကာမဂုဏ်ဘီလူး အမှောင့်ပူးကာ တယောရော နုနုပါ ပွေ့ယူလိုက်လေရာ၊ နုနုမှာ အလိုက်သင့်ပင် အောင်သင်းနှင့် ရင်ခွင်ချင်း အပ်မိသည်တွင်မှ–

'ဟင်... ကိုကိုမျက်နှာကလဲ ကြောက်စရာကြီး၊ ဘာဖြစ်လို့လဲဟင်၊ ဘာဖြစ်လို့လဲ'ဟု မေးသည့်အတွက် အောင်သင်းမှာ တယောကို ကုလားထိုင်ဘေးသို့ ချလိုက်ပြီး နုနု ကိုယ်ကလေးကိုသာ လွတ်လွတ်လပ်လပ် ပုဂ္ဂလိကဖက်နည်း ဖက်လျက်–

'နုနု... ကိုကို့ကို ချစ်ရင် ကိုကို ခိုင်းတာ လုပ်ပေးမလား ဟင်'ဟု မေးမှ နုနုသည်း မိမိကိုယ်ကို အနည်းငယ် ခွာလိုက်ရင်း–

'ဘာလဲ... ကိုကို၊ ဘာလုပ်ပေးရမှာလဲ'

'နုနုတို့ အိမ်ရှေ့က မဟာဒေဝီ အိမ်ကို နုနု ရောက်ဖူးရဲ့လား'

'ရောက်သားပဲ ကိုကိုရဲ့၊ နုနုနဲ့တောင် တော်တော် ခင်နေတာပဲ'

'အဲဒါ ကိုကို့ ပြောပေးပါလား နုနုရဲ့'

'ဟင်... ကိုကိုကလဲ မဖြစ်နိုင်တာကြီးဥစ္စာ'

'ဘာဖြစ်လို့လဲ နုနုရဲ့၊ သိပ်ကြီး ခဲခဲယဉ်းယဉ်း ပြောနေရမှာ မဟုတ်ပါဘူး။ သူနဲ့ ကိုကိုနဲ့ မျက်စိချင်း ကြိုက်နေကြတာ ၇ ရက်သောက် ရှိပြီ၊ နုနုက စာကလေးတစ်စောင် သွားပေးဖို့ပဲ'

နုနုမှာ ဟက်ဟက်ပက်ပက် ရယ်မောရင်း– 'ဟာ... ကိုကိုကလဲ စာပေးလို့ ဘယ်ဖြစ်မှာလဲ။ ကိုကိုတို့ မျက်စိချင်း ကြိုက်နေတယ် ဆိုတာက ဘယ်လိုလဲ ဟင်'ဟု အောင်သင်း၏ မေးကို လက်ညှိုးနှင့်ထိုးရင်း မေးနေသည့်အတွက် အောင်သင်းမှာ နုနုကိုယ်ကလေးကို တင်းကျပ်စွာ ပွေ့ယူရင်း နုနု ပါးပြင်ကလေးကို အတင်း နမ်းနေသည့်အတွက်–

နုနုမှာ– 'အို... ကိုကိုကလဲ ဟိုကို ကြိုက်တယ်ဆိုပြီး ဘာဖြစ်လို့ နုနုကို ဖက်နမ်းနေတာလဲ။ လွှတ်စမ်းပါ။ နုနု မနေတတ်တော့ဘူး။ ဖက်ထားတာကလဲ သိပ်ကျပ်တာပဲ။ ပြီးတော့ ကိုကို့အသားတွေကလဲ ပူက ပူသနဲ့'ဟု ရုန်းနေသည့်အတွက်–

'ချစ်လို့ပါ နုနုရာ၊ ကိုကို့ကို ပြောပေးမယ် ဟုတ်လား'ဟု ပြောရင်း တစ်ကြိမ် နမ်းပြန်သည့်အတွက်–

'ဟင်... ကိုကိုကလဲ မနမ်းနဲ့ဦး။ နုနု စိတ်ထဲမှာလဲ ဘယ့်နှယ့်လဲ ဆိုနိုင်ဘူး'ဟု ပြောရင်း မိမိကိုယ်ကလေးကို ကျုံ့ကာ အတင်းရုန်းကန်လိုက်ရင်း ကုလားထိုင်တစ်ခုတွင် ထိုင်ကာ၊ ရင်ခွင်ကလေး တုန်ရှိက်ကာ ငိုကြွက်နေရင်း–

'သူနဲ့ ကိုကိုတို့ ဘယ်လို မျက်စိချင်း ကြိုက်ကြတာလဲ'

'နုနု... တကယ် မသိဘူးလား။ ကိုကို့ကို ကြည့်စမ်း'ဟု ပြောသည်

အတွက် နုနုမှာ စိုက်ကြည့်နေစဉ်တွင် အောင်သင်းမှာ မိမိ မဟာဒေဝီအား ဆိုက်ပေးပုံ မျက်နှာပေးမျိုး ပေးပြသဖြင့်–

'ဟင်... ကိုကိုကလဲ ဒါ ဘာလုပ်တာလဲ။ ဒါမျိုး နုနုမှ မသိဘဲနဲ့ဟာ။ မျက်စိချင်းကြိုက်တာ ပြောပါဆိုမှ အက်တင်တွေ လုပ်ပြနေတယ်။ မုန်းစရာကြီး'ဟု ပြောရင်း ကုလားထိုင် လက်တန်းနှစ်ဖက်ကို ကိုင်ကာ ဖင်အငြိမ်မနေဘဲ ဆောင့်ကာ ဆောင့်ကာ နေသည့်အတွက် အောင်သင်းမှာ ပြုံးရာက–

'ကိုကိုက အဲဒီလို လုပ်ပြတော့ သူကလည်း ပြုံးပြုံးကလေး ပြန်ပြီး ကြည့်နေတယ် နုနုရဲ့။ အဲဒါ ဟန်ကျပြီးသားပေါ့။ ကိုကို့ကိုလည်း စိုက်ကြည့်နေတာ နုနု။ တစ်ခါတည်း စိမ်းနေတာပဲပေါ့လေ'

'ဩော်... ဒါလား။ ဒါကြောင့် ကိုကိုက ကိုကို့ကို ကြိုက်တယ်ထင်နေတာပေါ့လေ'

'အေးပေါ့၊ နုနုက စာကလေးနဲ့ အောင်သွယ်လုပ်ပေးပါလားကွယ် နော်... နော်'ဟု ပြောရင်း နေရာမှ ထကာ နုနုအား ပွေ့ယူပြန်သည့်အတွက်–

'ဟင်းနော်... ကိုကို၊ မနမ်းရဘူးနော်'ဟု ငြင်းဆန်ရစေခါမှ အောင်သင်းမှာ ကလေးချီသလို နုနုအား ခါးမှပွေ့ချီကာ အတင်းနမ်းရင်း၊ ကုလားထိုင်မှာ ထိုင်ကာ ပွေ့ထားသည့်အတွက် နုနုမှာ ပါးကိုသာ ကာကွယ်ရင်း–

'ဟင်... ကိုကိုကလဲ မကောင်းပါဘူးကွယ်။ ဟိုကို ချစ်တယ်၊ ကြိုက်တယ်နဲ့ နုနု ပါးတော့ ပေါက်ရတော့မှာပဲ။ ဘာသားနဲ့ လုပ်တယ်ထင်လို့လဲ။ မကောင်းဘူး၊ ကိုကို နည်းနည်းမှ မကောင်းဘူး။ နုနု စိတ်ထဲမှာလဲ ဘယ့်နှယ့်ဖြစ်သလဲ မသိဘူး၊ သိလား။ တော်ပြီ၊ နောက်ကို နုနု ဘယ်တော့မှ ကိုကို့ဆီ မလာတော့ဘူး။ မေမေက မေးရင်လည်း ကိုကိုဟာ အတင်း ဆွဲ ဆွဲ နမ်းတယ်လို့ ပြောလိုက်မှာ'

'ဟဲ့... အရှုံးမ ကလေးရဲ့။ ချစ်လို့နမ်းတာကို ပြန်မပြောရဘူး၊ သိလား'

'ဘာလဲ၊ ကိုကို ဘာရှုံးလို့လဲ'

'သူပဲ ဟိုက စိုက်ကြည့်နေပြန်ပြီတဲ့။ ရယ်ချင်လိုက်တာ ကိုကိုရယ်'

'ဟုတ်ပါတယ်ဟ၊ ဘုရားစူးရပါစေရဲ့'

'အလကား ကိုကို ညာနေတာ။ ဟိုက မျက်လုံး ကြောင်တောင်ကန်း

... ကိုကို လုပ်ပြတာတွေကို မြင်မှာတဲ့။ သူ စိုက်ကြည့်တဲ့နေရာနဲ့ ... မျက်နှာနဲ့ ဆုံနေလို့သာ ဖြစ်တော့မပေါ့'ဟု ပြောလိုက်သည့်အတွက် အောင်သင်းမှာ ထိတ်လန့် အံ့အားသင့်သွားမိပြီး–

'ဟင်... အဟုတ်လား နုနုရဲ့'ဟု ပျာယီးပျာယာ မေးလိုက်မှ–

'အဟုတ်... အဟုတ်၊ ဘုရားကို စူးရပါစေရဲ့။ နုနု လိမ်ပြောပါ့မလား'

... အောင်သင်း၏ ရင်ဘတ်ကိုထုရင်း ပြောနေသဖြင့် အောင်သင်းမှာ ...ခနဲ သက်ပြင်းချကာ–

'မှားတယ်ကွာ၊ မှားတယ်၊ သိပ်ခက်တာပဲ'ဟု ဤတွင် မျှော်လင့်ချက် ...း ဘစ်ခုလုံး ဖရိုဖရဲ ပျက်လွင့်လေတော့၏။

## အခန်း (၉)

... မဟာဒေဝီ၏ အပြုံအလှန် ကြည့်ရှုခြင်း၊ မိမိ တယောသံကြားတိုင်း ...ခါ ကြည့်ခြင်းတို့ကြောင့် အတော်အားတက်မိကာ မျှော်လင့်ချက် ကြီး ...ခဲ့သလောက် ယခုအခါ "ကရင်လည်း ဖြစ်ပြန်၊ ဗိုက်ထဲ ပွေးတွေနဲ့" ...သလို သူတစ်ပါး၏ မယားလည်း ဖြစ်ပြန်၊ မျက်စိ ကြောင်တောင်ကန်း ...းသည်း ဖြစ်နေပြန်ခြင်းကြောင့် နောက်ကြောင်းကို တွေးတောမိတိုင်း ... ဆိုက်ပေးမှားခဲ့သည့်အတွက် ဟင်းခနဲ ဟင်းခနဲ သက်ပြင်းချလေရာ၊ ...သည်း မော့ကြည့်ရာက အောင်သင်း၏ ရင်ဘတ်ကို လက်ဝါးကလေးနှင့် ...–

'ဟင်... ရင်ဘတ်ထဲကလဲ ဒုန်းဒုန်းနဲ့၊ ပါးစပ်ကလဲ ဟင်းခနဲ ဟင်းခနဲ ... ဘာဖြစ်လို့လဲ ကိုကိုရဲ့'

'နုနု ပြောတာ အမှန်ပဲနော်'

'အမှန်ပေါ့ ကိုကိုရဲ့၊ မယုံရင် လိုက်ကြည့်ပါလား'

'နို့... မဟာဒေဝီ အကန်းကြီးဟာ ဘာဖြစ်လို့ သက်သက်မဲ့ ကိုကို့ကို ...ပေးရအောင် ဒီလို နေ့တိုင်း ထွက်ထွက်ပြီး မြှူနေရတာတဲ့လဲ နုနုရယ်'

'ဘယ်က မဟာဒေဝီ အကန်းကြီးလဲ ကိုကိုရဲ့'

'ဟင်... နုနုကလဲ လုပ်ပြန်ပါပြီ။ အခုတင်ပဲ နုနု ပြောတဲ့ဟာလေ'

'ဟာ... ကိုကိုကလဲ ဒါ မဟာဒေဝီ မဟုတ်ဘဲ။ မဟာဒေဝီက ပြန်သွားပြီ။ ဒါ သူ့ညီမ ခင်လှဲ့လဲ့ ကိုကိုရဲ့။ မျက်စိကွယ်သွားတာ မကြာသေးဘူး။ ဒီမှာ ဆေးလာပြီး ကုနေတာ။ ဒီနေ့ပဲ မျက်စိကုတဲ့ဆရာ ရောက်လာလို့ အိမ်ရှေ့မှာ ဧည့်သည်တွေနဲ့ ထိုင်ပြီး စကားပြောနေတယ်'

'ဟင်... ဒါ မဟာဒေဝီ မဟုတ်ဘူးလား'

'မဟုတ်ပါဘူး ကိုကိုရဲ့၊ အပျိုပါ။ ခင်လှဲ့...တဲ့'

'ဩော်... ဟုတ်လား နုနု၊ ဒီကို ဘာလုပ်လာတာလဲ'ဟု မေးလိုက်မှ–

'အိမ်မှာ ဖေဖေတို့ကလဲ မရှိဘူး၊ မေမေတို့ကလဲ မရှိဘူး၊ မမလှဲ့တို့အိမ်သွားနေတာနဲ့၊ နုနု ပျင်းပျင်းရှိတာနဲ့ စန္ဒရားတီးတာ နားထောင်ချင်လို့ ကိုကို့ကို လာခေါ်တာ။ ဒီကျတော့ ကိုကိုက မကောင်းဘူး'

ဟု ပြောရင်း ပါးကလေးကို အခဲမကျေသလို ပွတ်နေသည့်အတွက်–

'ဒါ... စိတ်ဆိုးစရာလား နုနုရယ်။ ကိုကိုက ချစ်လို့ အင်္ဂလိပ်လို နှုတ်ဆက်တာပဲ'

'ဟင်... ကိုကိုကလဲ ချစ်တယ်ဆိုပြီး နမ်းတာကလဲ သေလုရောပေါ့။ နုနုဖြင့် အသက်တောင် မရှူနိုင်ဘူး။ နောက်တော့ မလာတော့ဘူး၊ သိလား'

ဟု နှုတ်ခမ်းကလေး စူကာ ငိုတော့မည့် မျက်နှာဖြင့် နွဲ့နေသည့်အတွက် အောင်သင်းမှာ နုနု ကိုယ်ကလေးကို ပွေ့ကာ ကလေးသိပ်သလို ဘယ်ညာမွေ့ရာက–

'ချစ်လို့ပါ နုနုရာ၊ ချစ်လို့ပါ၊ ချစ်လို့... ချစ်လို့။ စိတ်မဆိုးနဲ့နော်၊ သိလား'ဟု ချော့သည်တွင်မှ–

'ဒီလို... အရမ်းချစ်ရအောင်ဟာ နုနု အပျိုမှ မဖြစ်သေးဘဲနဲ့ဥစ္စာ။ ဖယ်ပါ'ဟု အတင်းရုန်းထွက်ရင်း–

'နုနု ပြန်တော့မယ်၊ လာပါ၊ ကိုကိုပါ လိုက်ခဲ့'ဟု ခေါ်သည့်အတွက် အောင်သင်းမှာ ဤတွင် မိမိ ထက်ကြပ်မကွာ လိုက်မသွားချေက အိမ်ကျလျှင် ကောင်မကလေး ကိုးရိုးကားရားတွေ ပြောနေမည်ကို စိုးရိမ်ရခြင်းကြောင့်–

'အေး… အေး၊ လိုက်မယ်'ဟု ပြောရင်း နောက်မှ ဆင်းလိုက်သွားသော၏။

'နုနု… မဟာဒေဝီကို၊ အေးလေ၊ ခင်လှဲ့ကို တွေ့ကရာတွေ လျှောက်မပြောနဲ့နော်'

'အောင်မယ်… ဆရာ၊ ဘာရမလဲ၊ စာပေးခိုင်းတာ ပြောလိုက်မှာပေါ့'

'အမယ်လေး… မလုပ်ပါနဲ့ မယ်မင်းကလေးမရဲ့၊ ဒီလိုဖြင့် ကိုကို လိုက်ဝံ့တော့ဘူး'ဟု ပြောရင်း နောက်ချန်နေသဖြင့် နုနုတွင် ပါးခွက်ကလေးများ ပေါ်အောင် ပြုံးရင်း– 'ဘာ အခုမှ ကြောက်နေသလဲ၊ ဆိုက်ပေးထားတာ မျက်စိချင်း ကြိုက်နေပြီဆို'

'ဟာ… အဲဒါတွေ အားလုံး ဘွာဘွာ… ဘွာဘွာ၊ မပြောနဲ့နော်'

'ဒါပေမဲ့… ဟိုဟာတော့ ပြောလိုက်မှာပဲ'

'ဘာလဲ'

'နုနုကို ဖက်နမ်းတာလေ'

'ဟာ… အဲဒါလည်း ဘွာ… ဘွာ… နော်၊ ဘွာဘွဲ'

'ဘွဲ… ခက်လို့ မရဘူးဆရာ၊ ဒီမှာ နာနေတာပဲ'

'ဒါဖြင့်… မလိုက်တော့ဘူး၊ သွားတော့'ဟု အကာယ်ပင် ပြန်မည့်ဟန်ပြုလိုက်သည်တွင်မှ–

'အို… ကြည့်ပါလား၊ လိုက်ပြီးမှ။ အေး… မလိုက်ရင်နေ၊ မေမေ့ကို တိုင်လိုက်မှာပဲ'ဟု စူစူဆောင့်ဆောင့် ပြောပြန်သည့်အတွက်–

'လိုက်ပါ့မယ်ဟာ၊ စိတ်ကောက်တတ်လိုက်တာကလဲ လွန်ကရော'

ဟု ပြောရင်း လိုက်ရပြန်သည်တွင် နုနုတို့ အိမ်ရှေ့သို့ ရောက်လေသော် ဖခင်ဖြစ်သူ ဦးကောင်းက–

'ဘယ့်နှယ်လဲ နုနု၊ သွားတာ ကြာလှချည်ကလား'ဟု ဆီး၍ မေးလိုက်သည့်နှင့်–

'ကြာမှာပေါ့ ဖေဖေရဲ့။ ကိုကိုက ကောင်းတဲ့လူမှ မဟုတ်ပဲ'ဟု ပြော

ရင်း စကားကို ရှေ့မဆက်ဘဲ ရပ်ထားသည့်အတွက် အောင်သင်းတွင် ရင်ထဲ၌ ဒိတ်ခနဲ ဆောင့်ကာ "ကျွန်မကို ဖက်နမ်းနေတယ်"ဟူ၍ ပြောလိုက်လေမည်လားဟု ထိတ်လန့်နေစဉ် နုနုမှာ အောင်သင်းအား တစ်ချက် ပြန်စောင်းထိုးကြည့်ရာက–

'အလုပ်လဲ မရှိဘဲနဲ့ အလကား လျှောက်လည်နေလို့ လိုက်ရှာနေရသေးတယ် ဖေဖေရဲ့'ဟု ပြောလိုက်မှပင်လျှင် အောင်သင်းတွင် စိတ်အေးမိလျက် နုနု၏ ကြည်လင်စွာ ပိပိပြားပြား မိဘများကို လိမ်လိုက်ပုံကိုပါ ဝမ်းထဲတွင် တွေးတော ကျေးဇူးတင်မိလေ၏။

သို့နှင့် ထိုနေ့တွင် တီးကြ ဆိုကြခြင်း၊ ကော်ဖီနှင့်တကွ စားစရာ၊ သောက်စရာများကို တပျော်တပါးကြီး စားသောက်ကြခြင်းဖြင့် အချိန်ကို ကုန်လွန်ခဲ့သောရာ ညနေ ၃ နာရီ ထိုးလေသော် အောင်သင်းမှာ ညနေစာချက်ပြုတ်ရန်နှင့် ထွန်းအေတို့ မပြန်မီ အဝတ်အစားများ လဲလှယ်ရန် သတိရသည့်အတွက်–

'ကဲ... ပြန်လိုက်ဦးမယ်နော်'ဟု နှုတ်ဆက်သည်တွင် ဦးကောင်းက–

'ဩော်... ဒါ့ထက် မောင်အောင်သင်း၊ မင်းအလုပ် ဘယ့်နှယ်လဲဟေ့၊ လုပ်ရတုန်းပဲလား'ဟု မေးသည်တွင်–

'အလုပ်ပြုတ်နေတာ ဆယ်ရက်လောက်ရှိပြီ ဦးရဲ့။ နေ့လယ်ကမှပဲ ကိုဘကျော် လာခေါ်တယ်။ အလုပ်ဆက်လုပ်ရဦးမလား မသိဘူး'

'အေး... မရှိသေးရင်လဲကွယ် ဟောဟိုအိမ်ရှေ့က မခင်လုံ့က အတီးအမှုတ် အင်မတန် ဝါသနာပါတာကွဲ့။ သူကိုယ်တိုင်လဲ တတ်တယ်။ သူ့မှာလဲ စန္ဒရားကြီး ပါလာတယ်ကွဲ့။ အခုတော့ သူ့ခမျာ "အိုင်–အေ" အောင်ပြီးကတည်းက မျက်စိကြောင်တောင် ကွယ်သွားလို့ကွယ်။ ဒီမှာ ဆေးဝါးလာပြီး စားရင်းနဲ့ တစ်နေ့က မင်းတို့၊ နုနုတို့ တီးသံဆိုသံ ကြားတာနဲ့ တစ်ခေါက်လောက် သူ့အိမ်ကိုလာပြီး သူ့စန္ဒရားနဲ့ တီးကြ ဆိုကြစမ်းပါလို့ အခုတင်ကပဲ ဦးကို ပြောလိုက်တယ်ကွဲ့'

'ကောင်းသားပဲ ဦးရဲ့၊ နက်ဖြန် အားသားပဲ'

'ဒါဖြင့် လာခဲ့ပေါ့။ ဒီမှာ ဦးတို့ အဆင်သင့် စောင့်နေမယ်'

'ကောင်းပါပြီ ဦးရယ်၊ သွားလိုက်ပါဦးမယ်'ဟု ပြောရင်း ပြန်ခဲ့လေ၏။

## အခန်း (၁၀)

ခင်လှဲ့ကား ရှမ်းပြည်နယ် စော်ဘွား၏ ခယ်မ ဖြစ်လေ၏။ မိဘများမှာ အသက်တန်းစား ဂုဏ်သရေရှိသူများ ဖြစ်လေရာ၊ ခင်လှဲ့နှင့် အစ်မဖြစ်သူ ခင်နွဲ့တို့ ငယ်စဉ်ကပင် မိဘများ ကွယ်လွန်ကြလျက် ဦးမင်း သားချင်းများက စောင့်ရှောက် ထိန်းသိမ်းကြလေရာ၊ နှစ်ဦးစလုံးပင် ကောလိပ်ပညာကို သင်ဖူးကြလျက် ခင်နွဲ့မှာ မဟာဒေဝီဘွဲ့ထူး ချီးမြှောက်ခြင်း ခံရကာ စော်ဘွားကတော် ဘဝသို့ ရောက်ခဲ့၍ ခင်လှဲ့မှာမူ အိုင်အေတန်း အောင်ပြီး နောက် မျက်စိကြောင်တောင် ကွယ်ခဲ့လေ၏။ သို့နှင့် ရှမ်းပြည်တွင် ၃ နှစ်ကျော်မျှ အင်္ဂလိပ်ဆရာ၊ မြန်မာဆရာ၊ ရှမ်းဆရာ အစရှိသည့် မျက်စိကု ဆရာများနှင့် ကုပါသော်လည်း မပျောက်ဘဲ ရှိသည့်အတွက် ကံနာ၊ ဝဋ်နာ၊ ကြမ္မာနာ ဟူ၍ ကုစားမရကောင်းသော အနာဖြစ်တော့သည်ဟု အားလျှော့ ကြပြီးကာ ခင်လှဲ့ စိတ်ပျော်ရွှင် ကြည်နူးသလိုသာ အခိုင်းအစေ၊ အစောင့် အရှောက်များနှင့် ထားခဲ့ကြလေ၏။

ယခုလည်း ရန်ကုန်တွင် ပျော်လျှင် နေမည်၊ မပျော်လျှင် ၃ လဟု ဆိုရန် အဆိုပါ အိမ်ကြီးကို ၃ လ ငှားရမ်းပြီးလျှင် ရှမ်းယောကျ်ား အစေခံ ယောက်၊ မိန်းမအစေခံ ၃ ယောက်နှင့် အတူ လာရောက်နေထိုင်လေရာ၊ ခင်လှဲ့မှာ ဤအိမ်သို့ ရောက်မှပင် နောက်နောက်က စိတ်ညစ် ဝမ်းနည်း ခံရခြင်းများ ပြေပျောက်သလိုလို၊ မိမိဘဝအတွက် နောက်ထပ် လောကသစ် တစ်ခု တွေ့ရဦးတော့မလိုလို စိတ်၌ ထူးထူးခြားခြားကြီး ဖြစ်ခဲ့ရလေ၏။

လက်တည့်စမ်းလိုသော ဆေးဆရာများလည်း မိမိတို့အတွက် ဝမ်းစာ ဘ်တစ်လုံး တွေ့ချေပြီဟု ခင်လှဲ့၏ သတင်းကို အနံ့ခံကာ ရောက်လာ ကြသော်လည်း ခင်လှဲ့တွင် ဆရာပေါင်းစုံ၊ ဗဟုသုတပေါင်းစုံ ဖြစ်သည့် အတွက် ဉာဏဝါတားနှင့် လာသူများမှာ ခင်လှဲ့ထံတွင် ဆရာမဟုတ်တော့

ဘဲ တပည့် ဖြစ်နေသည်ကိုသာ တွေ့ရသောကြောင့် ပြန်ပြေးရသည်သာ များ၏။ ထို့ကြောင့် ခင်လှဲမှာ မိမိကုသိုလ် ထောက်ပင့်၍ မျက်စိပြန်လင်းလာ ရန် နတ်ကောင်း နတ်မြတ်များ ဆေးဝါးကိုသော်လည်းကောင်း၊ ဆရာသမား ကိုသော်လည်းကောင်း ညွှန်ပြ ကုသမှသာလျှင် ပျောက်နိုင်တော့မလိုလို ယုံကြည်စိတ်ချနေခြင်းအတွက် ခင်လှဲအဖို့မှာမူ စိတ်သက်သာ ပျော်ရွှင်မှု ကိုသာ အဓိကထားလျက် နေထိုင်ခဲ့သည် ဖြစ်ချေသတည်း။

ထိုနေ့ကား နုနု စောစောစီးစီး ပေါက်လာသည့်အတွက် ခင်လှဲမှာ အပေါ်ထပ်သို့ ခေါ်ကာ မိမိနေရာ အနီးတွင် ထိုင်စေလျက်–

'နုနု... မနေ့က တစ်နေ့လုံး မလာဘူး။ ဘယ်သွားနေသလဲ နုနုရဲ့'

ဟု နုနု လက်မောင်းကလေးကို လက်တစ်ဖက်က အသာအယာ စမ်းရင်း မေးသည့်အတွက်–

'လှဲလှဲတို့အိမ်မှာ ဆရာတွေ ရောက်နေတာနဲ့ နုနု မလာဘူး။ ကိုကို့ ကို သွားခေါ်ပြီး အိမ်မှာ သီချင်းတက်နေတာပေါ့ လှဲလှဲရဲ့'

'အေး... ဒါကြောင့် နေ့လယ်ဘက်က ကြားရတာကိုး။ ဘာတဲ့၊ "ပပငယ်လေး... ဝင်းဝင်း"ဆိုတဲ့သီချင်း ထင်ပါရဲ့ နုနုရဲ့။ ကိုကိုရော ခေါ် မလာဘူးလား။ မနေ့က ဦးကို လှဲလှဲ ပြောလိုက်သားပဲ'

'မှာလိုက်တာပဲ လှဲလှဲရဲ့၊ နေ့လယ်ကို လာခဲ့မယ်ပြောတာ အခုထက် ထိ မလာသေးဘူး'

'သူ့အသံက တော်တော် ကောင်းတယ်နော်'

'အတီးရော... လှဲလှဲရဲ့'

'အတီးဆိုတာတော့ မပြောနဲ့တော့။ မမဖြင့် သူ့တီးကွက်ကလေးဟာ နားထဲက မထွက်ဘူး'

'လှဲလှဲက အသံနဲ့ အတီးသာ ကြားဖူးလို့။ လူပုံကလဲ...'

ဟု ပြောရင်း နုနုမှာ ဆက်ရမည်ကို ခက်သကဲ့သို့ ရပ်နေသည်တွင် မှ လှဲလှဲက ပြုံးပြီး–

'လူပုံကလဲ ချောသလား နုနုရဲ့'

'ချောတယ် လဲ့လဲ့ရဲ့။ နှာတံပေါ်ပေါ်၊ အသားဖြူဖြူ၊ မျက်လုံးပြူးပြူး၊ ...ဘာလည်း သိပ်မကျဉ်း မကျယ်ကလေးပဲ'

ဟု နုနုမှာ မိမိ မျက်စိကလေးထဲတွင် ထင်မြင်သရွေ့ သရုပ်သကောင် ...သာအောင် ပြောနေလေရာ လဲ့လဲ့မှာ ပြုံးရင်း–

'နုနုကလဲ သူ့ဆရာ သူ သိပ်ပြီး သိဒ္ဓိတင်နေတာကိုး။ အသက် ...ရော ဘယ်လောက်ရှိပြီလဲ။ လဲ့လဲ့တို့ထက် ကြီးသလား'

'လဲ့လဲ့အသက် ဘယ်လောက်ရှိပြီလဲ'

'နှစ်ဆယ်... ပြည့်ရုံပဲ ရှိသေးတယ်'

'သူက နည်းနည်းကြီးမှာပေါ့ လဲ့လဲ့ရဲ့။ နုနုထက် ဆယ်နှစ်လောက် ...ကြီးဘယ်'

'သြော်... သြော်'ဟု ပြောနေခိုက် အောက်ထပ်တွင် ဦးကောင်းနှင့် ...ဘွ စန္ဒရားဆရာပါ ရောက်နေကြောင်း အစေခံတစ်ဦး လာရောက်ပြော ...သည်နှင့် အောက်ထပ်သို့ ဆင်းလာခဲ့ကြလေ၏။

အောင်သင်းမှာ ထိုနေ့ညတွင် အတီးဝိုင်းဆရာ ကိုဘကျော်ထံသို့ ...သွားလျက် မိမိမှာ အတီးဝိုင်းတွင် မပါလိုတော့ကြောင်း ပြောကာ၊ အလုပ် ...ထွက်လိုက်ပြီးနောက် နောက်တစ်နေ့တွင် အပေါင်ဆိုင်၌ ပေါင်ထားသော ...တ်အစား အချို့ကို ရွေးယူကာ မိမိကိုယ်ကို ခါတိုင်းထက် အချီးကျ ...အောင် ပြုပြင် ဝတ်ဆင်လာသဖြင့် နုနုပင်လျှင် ယနေ့တွေ့ရသော အောင်သင်း ...မှာ အခါများစွာ မိမိ တွေ့ရသည်နှင့် မတူ၊ ထူးထူးခြားခြားကြီး ဖြစ်နေ ...င်းကြောင့် လူကြီးများ အလစ်တွင် အောင်သင်းအနီးသို့ ကပ်သွားပြီးလျှင်–

'ဘယ့်နှယ်လဲ ဆိုက်မင်းသားရဲ့၊ ဆိုက်တင်းလှချည်ကလား။ ဟိုက ...င်မှာလည်း မဟုတ်ဘဲနဲ့'ဟု တိုးတိုးပြောသဖြင့် အောင်သင်းမှာ မျက်နှာ ...၍ မှန်တက်မိလေ၏။

အတန်ကြာသော် အားလုံးပင်လျှင် စန္ဒရားကြီးပတ်လည်၌ နားထောင် ...၍ အသီးသီး ထိုင်ကြလေ၏။ ခင်လဲ့မှာ သီးခြား ကုလားထိုင်တစ်လုံးဖြင့် ...န္ဒရားနှင့် အနီးဆုံးနေရာတွင် ထိုင်၍နေလေရာ အောင်သင်းမှာ ယနေ့မူ ...း၏းကပ်ကပ် တွေ့ရသဖြင့် နေ့တိုင်း မိမိ တွေ့ရသည့်အတွက် အဆမတန်

ချောညက်သော အသားအရေ၊ အချိုးအစား ကျလှသော ခါး၊ တင်၊ ရင်နှင့် တကွ လက်တံ၊ ခြေတံများပါ မနောပီတိ နှလုံးအိမ်ကို ထိတ်ခနဲနေအောင် တီးခေါက်လိုက်သည့်ရုပ်မျိုး ဖြစ်နေခြင်းကြောင့် တစ်ခါတစ်ရံ ခိုးကြောင် ခိုးဝှက် ကြည့်မိသောအခါ ရုတ်တရက် မျက်နှာလွှဲဖယ် မရဘဲ စူးစူးစိုက်စိုက် ဖြစ်နေမိလေရာ၊ ခင်လှဲ့၏ မျက်လုံးများမှာလည်း အခြားသူများဘက်သို့ စကားပြောရာမှ စန္ဒရားရှိရာဆီသို့ မျက်နှာမူလိုက်သည်တွင် အောင်သင်း မျက်လုံးနှင့် ဆုံနေလေရာ၊ ဤတွင်မှ အောင်သင်းတွင် ရှက်ကြောက် အားနာ ကြီးဖြစ်ကာ မျက်လွှာကို အောက်ချလိုက်ရပြီး စန္ဒရား ခလုတ်များကို ရည် ရွယ်ချက် မရှိဘဲ တီးခေါက်မိမှပင် နုနုက–

'ကဲ… ကိုကို ဘာတီးမလဲ' မေးလိုက်မှ–

'နုနု… ဘာဆိုမတုံး'

'နုနုတော့ ပါးစပ်ထဲမှာ ဆိုလို့တွေ့တာ "ခန်းတွင်းရိပ်သာကြိုး"ပဲ ရှိတာပဲ'

'အဲဒါ ဆိုပါသား နုနုရယ်'ဟု ခင်လှဲ့ကပါ ဝင်၍ ထောက်ခံလိုက် သဖြင့် အောင်သင်းမှာ ကြိုးခံတီးပေးလေရာ ဆိုကွက်ရောက်သည်တွင် နုနုမှာ ဝင်၍ဆိုလေ၏။ ခင်လှဲ့မှာ သီချင်းအစ နှစ်ပိုဒ်၊ သုံးပိုဒ်လောက်တွင် ငြိမ်နိုင်ခဲ့သလောက် အလယ်ပိုဒ်များသို့ ရောက်လေသော် လက်မှာ ကုလား ထိုင် လက်တန်းပေါ်သို့ တစ်ချက်တစ်ချက်ခေါက်ရင်း စည်းလိုက်နေသည်ကို တွေ့ရသဖြင့် အောင်သင်းမှာ အမှတ်တမဲ့ ကြည့်မိရာက မိမိတို့ထံသို့ စိတ် ညွတ်ကာ အာရုံစူးစိုက်နေကြောင်း သိရသည်နှင့် ဈေးကထက်ပို၍ အဖက် အစွက်၊ အလှူးအလှိမ့်နှင့် တီးလေရာ သီချင်းဆုံးသည်ကိုပင် လှဲ့လှဲ့တွင် မကျေနပ်နိုင်သေးသကဲ့သို့ လက်ကခေါက်ရင်း အောင်သင်း ရှိရာသို့ စူးစိုက် ကြည့်ရာက–

'အတီးရော၊ အဆိုရော သိပ်မြိုင်တာပဲ။ နုနုကလည်း ဆရာကောင်း တပည့် ပီပါပေတယ်'

ဟု ချီးမွမ်းသည့်အတွက် ဦးကောင်းမှာ ဤတွင် သာ၍ ချီးမွမ်းစကား ဝင်ရောက်ပြောပြီးလျှင်–

'ကဲ... နောက်တစ်ပိုဒ် လုပ်ကြစမ်းပါဦးကွာ။ သမီးနုနု... လုပ်စမ်း၊ ...စမ်း'ဟု ခိုင်းနေသဖြင့် ခင်လှဲ့က ဘေးဘက်သို့လှည့်ကာ–

'ဒီအနား ဘယ်သူ ရှိကြသလဲ။ မြအေး ရှိသလား၊ မြအေး'ဟု ခေါ်...ဖြင့် မြအေးဆိုသူ မိန်းကလေးမှာ ပြေးလာ၍–

'ဘာကိစ္စလဲ မမ'ဟု မေးမှ–

'ညည်းတို့ ငါပြောတဲ့အတိုင်း အဆင်သင့် ပြင်ထားကြရဲ့လား'ဟု ...းသဖြင့်–

'ပြင်ပြီးပါပြီ မမရဲ့၊ ယူခဲ့ရတော့မလား'ဟု မေးရာ–

ဦးကောင်းက– 'နေပါစေဦးကွယ်၊ ဖြည်းဖြည်းပေါ့။ ဒါလောက်နဲ့ ...းသို့သောက်လို့ မကောင်းသေးပါဘူး။ တော်ကြာ စားခန်းသောက်ခန်း ...တော့မှ တို့အလှည့်ပါ။ ဆိုတုန်းတီးတုန်း စားရင် အသံပျက်သွားပါဦး ...ယ်'

ဟု ပြောသောကြောင့် အောင်သင်းမှာ စန္ဒရားကို စမ်းလိုက်ရပြီး ...ျှင်–

'နုနု၊ စည်းမှန်မှန် နရီကျအောင် ချနော်။ အကွက်ကိုလဲ မှတ်ထား။ ...သီချင်းဟာ အနောက်နန်းမတော် မမြကလေး ရေးတဲ့ ပတ်ပျိုးပဲ နုနုရဲ့။ ...ချို့ တီးကြတာက အလယ်ပိုဒ် "ရေနံ့သာဦး"က နေပြီး တီးကြတယ်။ ...သီချင်းအစ အမှန်မှာတော့...'ဟူ၍ ပြောပြီးလျှင်–

'*စိန်ခြယ်ခြူးသန်းသန်း–ရေနန်းဘုံလယ်၊ ပျော်စံပယ်၊ မျိုးနတ်နေ ...ယ်–သေးသေး...သွယ်သွယ်၊ ယဉ်မှု ရွှေမြမယ်*'ဟူ၍ အဆိုကွက်၊ အတီး ...ကွက် မလွတ်ရလေအောင် တီးရာက နုနုသည် နရီမှန်မှန် စည်းချသည့် အတွက် ပြည့်နိုင်သမျှပြည့်အောင် တီးကွက် တီးရင်း– '*အို... လှနတ်ကယ်၊ ...ည်ဝယ်ကျော့ရှန်း–သွန်းရွှေရုပ်နှယ်။ အို... ခင်မယ်၊ ညွန်မသန့်နိုင်ဘု– ...ကျင်ဖွယ်၊ ကျွမ်းကမန့်သာပ–လွမ်းမဆန့်ခွေယိုင်ကာမူး...*'ဟူ၍ ဆက်ကာ ...နောက်တစ်ဖန် "ရေနံ့သာဦး၊ ခြူးစိန်လျှံ"ကို ဆက်၍၊ နောက်တစ်ဖန် "သိမ်း ...ပြေ–မယ့်ကို သေစေ ညွန်းရှေ့သလား"အထိ ကြားရသူတို့ ဘဝင်တွင် ...ိုက်လိုက်လှဲ့လှဲ့ ဝမ်းနည်းလာလောက်သော အသံနှင့် အတီးပါ မြိုင်မြိုင်

ကြီး တီးသွားသည့်အတွက် သီချင်းချ၍ ဆုံးသွားလျှင် နားထောင်နေကြ သူများမှာ ငြိမ်သက်နေရာ အသက်ရှူသံကိုပင် ကြားနိုင်တော့လျက်၊ ခင်လဲ့ မှာလည်း တွေးတော ငေးမောနေသလို တွေးဝေ စူးစိုက်နေလေ၏။

ထိုအခါမှ ဦးကောင်းက– 'ကဲ... အဆိုသမား၊ အတီးသမားတွေ တော့ အားလပ်ခွင့်ကွ။ တို့များ အလှည့်ပဲ စားဖို့သောက်ဖို့ ကျန်တော့တယ်'

ဟု ပြောသဖြင့် ဤတွင် သူတစ်ပေါက်၊ ငါတစ်ပေါက် စကားပြောရ ခြင်းဖြင့် ပြန်၍ဆူလာပြီးကာ စားသောက်ဖွယ်ရာများကို ထုတ်လာသည်နှင့် ပျော်ရွှင်စွာ စားသောက်ရင်း အဆိုအကြောင်း၊ အတီးအကြောင်း ပြောကြ ပြန်လေ၏။

စားသောက်ပြီးသော် နောက်ထပ် သီချင်း ၂ ပုဒ်ခန့် တီးပြီးလျှင် အောင်သင်းမှာ ထမင်းချက်ရန် အချိန်ကျသည်နှင့် နှုတ်ဆက်ကာ ပြန်ခဲ့ လေသတည်း။

## အခန်း (၁၁)

ခင်လဲ့၏ ချောမွေ့လှပပုံနှင့်တကွ ဂုဏ်တက်ဖွယ်ရာဖြစ်သော ပစ္စည်းကြွယ်ဝ ချမ်းသာခြင်း၊ မျိုးကောင်းမျိုးသန့် ဆင်းသက်ခြင်း၊ ခေတ်ပညာတတ်ခြင်း စသည်တို့မှာ ခင်လဲ့သာ ကြောင်တောင်ကန်း မဟုတ်ခဲ့လျှင် ယခုအခါ အထက်တန်းစား တစ်ဦးဦး၏ ကတော်သော်လည်းကောင်း၊ ဂုဏ်ကြီးရှင် မျက်နှာပွင့်နေသူ တစ်ဦးဦးသော်လည်းကောင်း ဖြစ်တန်ရာလျက် အောင်သင်း လို လူစားနှင့် နီးစပ်ဖို့ရာ ဝေးစွ၊ အရိပ်ကိုသော်မျှ မြင်နိုင်ဖွယ်ရာ မရှိအောင် အကြောင်းအမျိုး ရှိရမည် မှန်သော်လည်း ယခုအခါတွင် ကံစီမံ စေ့ဆော် ပေးလေသည့်အလား ဖော်ပြပါခဲ့သော နေ့ရက်မှစ၍ အောင်သင်းမှာ ထိုအိမ်သို့ ၂ ရက်ခြား၊ ၃ ရက်ခြား ဝင်ထွက်သွားလာသည်မှ စ၍ ယခုအခါ ခင်လဲ့နှင့် အောင်သင်းတို့မှာ ရင်းနှီးခင်မင်သော ဘဝသို့ ရောက်ခဲ့ပြီ ဖြစ်လေရာ 'လဲ့လဲ့' ဟု ခေါ်လျှင် 'ရှင်... ကိုအောင်သင်း'ဟု နှုတ်လွှယ်သလောက် 'ကိုအောင်သင်း' ဟု ခေါ်သော အခါတွင်ကား– 'ဩော်... လဲ့လဲ့' ဟူသော အပြန်အလှန် ခေါ်သံ စကားတို့ပင်လျှင် ထိုအိမ်ကြီးတွင် ခေတ်စားနေသကဲ့သို့ ရှိလေ၏။

ဆွေမတော် မျိုးမစပ်ကြဘဲ အပြတ်မခံနိုင်ကြသလို ဤမျှ ထူးထူး ခြားခြားကြီး ခင်မင်ကြခြင်းမှာကား အရင်းစစ်လျှင် အမြစ်မြေက ဟူသလို ဆောင်ပါး၊ အာရုံခြောက်ပါး ကျက်စား ပွားများမှုကြောင့်သာလျှင် ... ဤတွင် ခင်လှဲ့ဘက်မှ ဆန်းစစ်၍ကြည့်ခဲ့လျှင် စက္ခု အာယတန ... အာတ် ကွယ်ပြတ်ချို့တဲ့မှုကြောင့်၊ ရူပါရုံကို တပ်မက်ခြင်းကြောင့် ... မှာ မဖြစ်နိုင်ဘဲ စက္ခုရူပေန သံဝါသမှာ ၄င်းတို့အဖို့မှု စာသဘော ... ဖြစ်ခဲ့လျက် မိမိ မူလက စွဲလမ်းနှစ်သက် တပ်မက်ခဲ့သော နစ္စ၊ ဂီတ၊ ... သည် တီးမှုတ် သီဆိုသည့် ကဗျာလင်္ကာ တေးသီချင်း အရာတွင် ... အာရုံ ခံမင်တပ်မက်ဖွယ်ဖြစ်သော အောင်သင်း၏ တီးမှုတ် သီဆိုမှုမှ ... ဖြစ်ခဲ့လေရာ၊ ဤအရာ ဤကိစ္စတွင်လည်း ချလွယ်သလို ကြာရှည်လျှင် ... ည်းဖြည်း အဆောက်အအုံသာ ကြီးမားလာခဲ့စမြဲ ဖြစ်သဖြင့် တပ်မက် ... ဘ နှစ်သက်ခြင်း တည်းဟူသော တဏှာဓာတ်မှာ ခင်လှဲ့အဖို့တွင် ... တ်မခံနိုင်သလို ဖြစ်ခဲ့ရာမှ တဏှာကျွန် ဘဝသို့ ရောက်မှန်းမသိ ရောက် ခဲ့ခြင်း ဖြစ်လေ၏။

တစ်ဖန် အောင်သင်းဘက်မှ သမ္မာရ ပရိဿဒ ပြုလုပ်ဝေဖန် ဉာဏ်နှင့် ကြည့်ဘိမူကား ခင်လှဲ့၏ ရူပါရုံ အဆင်းဓာတ်ကို တပ်မက်တွယ်တာ၊ ... ဥပါဒါန်၊ အဖန်ဖန် ကပ်ရောက်လျက် နှောက်ပိုးခြင်း ဟူသော ... ဘာရပညတ်၊ "ဆိုက်"ပေးသည် ဟူသော ဝေါဟာရပညတ်၊ အမျိုးမျိုး ... ပ်၍ သုံးကြသော ပုဂ္ဂိုလ် အထည်ဒြပ်ကြီးတစ်ခု ဖြစ်ကြလေရာ "လူ ... း နတ်မ"ဆိုသလို ထိုထိုတပ်မက်သော သူ့ခြံတွင်းက လှဲ့ဝင်းမှာ အယူ ... စရာ မဟုတ်တော့ဘဲ နီးစပ်နိုင်စရာ အခွင့်အရေး ပေါ်ပေါက်လာကာ ... မြင်ချင်သမျှ၊ သိချင်သမျှ အရာရာ သိလာခဲ့ပြီးလျှင် ထွက်ဝင် သွားလာ ... သည်း မိမိအတွက် တံခါးမရှိ၊ ဓားမရှိသလို ခွင့်ပြုထားခြင်း၊ မိမိအပေါ် ... ဖော်ရွေကြင်နာခြင်း စသည့် ကရုဏာသက်စရာ၊ သနားစရာတို့ကလည်း ... ၍ အလျှို ပေါ်လာပြန်ခြင်းအတွက် မူလထက် သဒ္ဓါလွန်ပြန်ကာ တဏှာ ... ကြီး ဘဝသို့ ရောက်လာရခြင်း ဖြစ်လေရာ၊ ဤတွင် လက္ခဏာအချင်း ... း ဘူလျှင် ပေါင်းရမည် ဟူသော ဂဏန်းသင်္ချာ ဥပဒေအရ ၄င်းတို့နှစ်ဦး

၏ ရှေ့အဖို့ကိုသော်ကား ကံတရားသည် အဘယ်သို့ လှည့်ဖြား စီမံဦးမည်ကိုသာ စောင့်ဆိုင်းကြည့်ဖွယ်ရာ ဖြစ်ခဲ့လေ၏။

သို့နှင့်ပင် ရက်မှ လသို့ ကူးပြောင်းခဲ့လေ၏။ ထွန်းဖေရော သာကျော်ပါ လခမှန်မှန်ကြီး ရကြပြီ ဖြစ်သည့်အတွက် အောင်သင်းမှာ ရှေးကကဲ့သို့ ငွေအတွက် မပူပင်ရတော့ဘဲ ထမင်းချက် ရာထူးကို ဝတ္တရားကျေပွန်စွာ ထမ်းရွက်ရခြင်းဖြင့်သာ ငြိမ်းချမ်းစွာ မိမိ သဘောကျ နေထိုင်နိုင်ခဲ့လေ၏။

တစ်ခါတစ်ရံ လဲ့လဲ့တို့ အိမ်ဈွင်ပင် စားသောက်ခြင်းဖြင့်လည်း ၎င်းတွင် ဤလောကဌ် ထမင်းမရှားတော့သလို ဖြစ်ခဲ့စေခါမူ မိမိ ပြန်၍ မချက်လျှင် သာကျော်တို့၊ ထွန်းဖေတို့မှာ ငေါ်ကြမည်ကို တွေးမိသဖြင့်–

"ကိုအောင်သင်း ဒီမှာ ထမင်းစားနော်၊ မပြန်နဲ့၊ ဟုတ်လား"ဟု လဲ့လဲ့က ပြောသည့်အခါ–

"နေပါစေ လဲ့လဲ့ရယ်၊ အိမ်မှာ ဘာကလေး လုပ်ခဲ့တာ အပြီး မသတ်ခဲ့ရသေးလို့၊ ဘာကိစ္စရှိလို့၊ ဘယ်သူနဲ့ ချိန်းထားလို့"စသည်ဖြင့် ညာဝါး လှည့်ဖြားပြီး အတင်း ခွတ်ပြန်တတ်သည့်အတွက် ခင်လဲ့တွင် ပြုံးပြုံးကြီး ကြည့်ရာက မျက်တောင်အကြိမ်ကြိမ်ခတ်ရင်း–

'ကိုအောင်သင်း တစ်နေ့မှလဲ ထမင်းစားခေါ်လို့ မရဘူး။ လဲ့လဲ့တို့နဲ့ စားမှာ မသဒီလို့လား၊ ဟုတ်လား'ဟု မေးသည့်အခါ အောင်သင်းမှာ ဤသို့ မေးလိုက်ခြင်းကို အလွန်ရင်နာမိလျက်–

'ဟာ… လဲ့လဲ့ကလဲ မဟုတ်တာတွေ တွေးတော့မယ်၊ မဟုတ်ပါဘူး'

ဟု ငြင်းပယ်ကာ စိတ်ရောကိုယ်ပါ အားနာခြင်း ဖြစ်မိသဖြင့် မျက်စိမျက်နှာ ပျက်နေသည့်တိုင်အောင် လဲ့လဲ့မှာ ဆက်၍–

'မသဒီစရာ မရှိပါဘူး ကိုအောင်သင်းရယ်၊ လဲ့လဲ့ ဘဝတစ်ခုမှ ဝင်ပြီး ကိုင်နိုင်၊ ချက်နိုင်တာ မဟုတ်ပါဘူး။ သူတို့တစ်တွေပဲ ချက်ကြပြုတ်ကြ လုပ်ကြတာပါ။ လဲ့လဲ့မှာ လဲ့လဲ့ ဝင်လုပ်နိုင်တဲ့ ဘဝမျိုး မဟုတ်ပါဘူး ကိုအောင်သင်းရယ်'

ဟု ပြောရင်း ပြုံးနေသောမျက်နှာမှာ တဖြည်းဖြည်းညိုကာ အိုလာပြီး မျက်ရည်ပင်လျှင် လည်လာ၍ မိမိ၏ ဘဝဆုံးသော အဖြစ်ကို အသစ်

...ခဲ့သကဲ့သို့ လှိုက်လှဲ ကြေကွဲသာသော အသွင်ကို မြင်ရသည့်အတွက် အောင်သင်းတွင် များစွာ ကရုဏာ သက်မိကာ ရင်ထုမနာကြီးဖြစ်လျက် ...နည်းတူ မငိုမိရန်ကိုပင် အနိုင်နိုင် သတိထားကာ ငိုသံပါသော အသံ ...သည်း ပြုပြင်နိုင်သမျှ ပြုပြင်လျက်–

'မဟုတ်ပါဘူးလို့ ပြောပကော လှဲ့လှဲ့ရဲ့၊ ခါတိုင်း လှဲ့လှဲ့တို့ ကျွေးမွေး ...သော ကိုအောင်သင်း ဘာတစ်ခု ရှောင်ခဲ့ဖူးလို့လဲ လှဲ့လှဲ့ရဲ့။ လှဲ့လှဲ့ ဒီလို ...သော့ ကိုအောင်သင်း ရင်ထဲမှာ ဘယ့်နှယ်ဖြစ်နေသလဲ မသိဘူး'

ဟု ပြောရင်း နှစ်ဦးသား စကားမပြောဘဲ အတော်ကြာကြာ ငေးစိုက် ...းဆနေမိကြပြီးမှ–

လှဲ့လှဲ့က– 'ကိုအောင်သင်း'ဟု ခေါ်သဖြင့်–

'လှဲ့လှဲ့'ဟု ပျာပျာသလဲ ထူးရင်း– 'ဘာလဲ လှဲ့လှဲ့'ဟု မေးလိုက်မှ–

ခင်လှဲ့မှာ ပြုံးလာကာ– 'အသံမကြားလို့၊ ကိုအောင်သင်းများ ပြန် ...းပြီလားလို့'

'ပြေးပါ့မလား လှဲ့လှဲ့ရဲ့၊ ဘာကိစ္စလဲ'ဟု ဤတွင် မိမိပါ ပြုံးမိရင်း ...သည့်အတွက်–

'ကိုအောင်သင်း လှဲ့လှဲ့တို့နဲ့ သိတာ တစ်လကျော်ပြီနော်'

'ဟုတ်တယ် လှဲ့လှဲ့ရဲ့'

'ဒီရက်အတွင်းမှာ ကိုအောင်သင်း အလုပ်လည်း မလုပ်ရဘူး'

'လုပ်ဖို့ အလုပ်တော့ တွေ့သားပဲ လှဲ့လှဲ့ရဲ့၊ ဒါပေမဲ့ ကိုအောင်သင်း ...မပါတာနဲ့ ငြင်းလိုက်တယ်'

'လှဲ့လှဲ့တို့ကြောင့် ဆိုပါတော့လေ'ဟု ခင်လှဲ့က ဖြတ်ထိုးမေးသည် ...အောင်သင်းမှာ အဖြေရကျပ်နေခိုက် လှဲ့လှဲ့က ပြုံးပြုံးနှင့် အိတ်ထဲမှ ...ဆင်သင့်ထားသော ငွေစက္ကူ တစ်ဆယ်တန် ၅ ချပ်ကို ထုတ်ကာ ရှေ့သို့ ...းလာရင်း အောင်သင်းကိုယ်ကို စမ်းသည့်အတွက် အောင်သင်းမှာ– 'အို' ... နောက်သို့ဆုတ်ရင်း–

'ဒါ ဘာလုပ်တာလဲ လှဲ့လှဲ့ရဲ့။ ဘာလုပ်မလို့လဲ'ဟု မေးကာ ရှောင် ...သည့်အတွက် လှဲ့လှဲ့မှာလည်း စမ်းရင်း နင်းကာ ရှေ့သို့တိုးလျက်–

'ဒါ သက်သက် ကိုအောင်သင်း သုံးဖို့ရာ ပညာကို လဲ့လဲ့ ကန်တော့တာပါ ကိုအောင်သင်းရယ် ဘယ်လိုမှ စိတ်မရှိနဲ့နော်။ လာစမ်းပါ'ဟု အကန်းတို့ စမ်းနည်းမျိုးဖြင့် အောင်သင်းအသံ ကြားရာသို့ မှန်းကာလိုက်သည်တွင် အောင်သင်းမှာ–

'ဟာ... နေပါစေ လဲ့လဲ့ရယ်၊ ကိုအောင်သင်းမှာ သုံးဖို့ အရေးကြီးတာ ဘာမှ မရှိဘူး'ဟု ငြင်းကာ ရှောင်ရှားသဖြင့်–

'မငြင်းကောင်းပါဘူး ကိုအောင်သင်းရယ်၊ လာစမ်းပါ၊ လဲ့လဲ့ကို ဒုက္ခမပေးပါနဲ့။ လဲ့လဲ့သာ မကန်းရင် ကိုအောင်သင်း ဒီလိုရှောင်လို့ လွတ်မှာ မဟုတ်ဘူးနော်'

ဟု ပြောရင်း ရှေ့သို့ တိုးကာတိုးကာ လာလေရာ စားပွဲစွန်းနှင့် တိုက်မိသည့်အတွက် 'အမယ်လေး'ဟု ညည်းတွားရင်း အလွန်နာကျင်သကဲ့သို့ တိုက်မိသည့်နေရာကို ပွတ်ကာ စုတ်သပ်နေမှ အောင်သင်းလည်း– 'ဟင်... လဲ့လဲ့ နာသွားသလား'ဟု မေးရင်း အနီးသို့ ဝင်လာသည်တွင် လဲ့လဲ့မှာ လှမ်း၍ ဆွဲလိုက်ရာ အောင်သင်း၏ အင်္ကျီရင်ဘတ်သားကို မိသည်တွင်မှ နာကျင်ခြင်းများ မေ့လျော့ကာ အားရဝမ်းသာ လာသကဲ့သို့–

'ဟော... ကိုအောင်သင်း မိပြီ၊ မိပြီ၊ ပြေးလို့မရတော့ဘူး သိလျက်သားနဲ့ သက်သက် လဲ့လဲ့ကို ဒုက္ခပေးတာ။ ရော့... ရော့'

ဟု ရုပ်အင်္ကျီ အိတ်ထဲသို့ ထည့်ပေးသည်ကို အောင်သင်းမှာ ငြိမ်၍ ကြည့်နေရာမှ လဲ့လဲ့မှာ အင်္ကျီဆွဲထားသည်ကို မလွှတ်သေးဘဲ အောင်သင်း မျက်နှာရှိရာသို့ မှန်းလျက် မော့ကြည့်ကာ– 'ကိုအောင်သင်း'ဟု ခေါ်လိုက်သည့်အတွက်–

'လဲ့လဲ့...'ဟု ပြန်ထူးလိုက်မှ–

'ကိုအောင်သင်းအကြောင်း နုနု ပြောပြလို့ မနေ့ကပဲ လဲ့လဲ့ သိပြီးပြီ။ ဒါကြောင့် လဲ့လဲ့ ပေးတာကို ယူရမယ်နော်။ မယူရင်တော့ နောက်ကို ကိုအောင်သင်းကို လဲ့လဲ့ ခေါ်ပြီး နှိပ်စက်တာနဲ့ တူနေလို့ မခေါ်ဝံ့တော့ဘူး၊ သိလား'

ဟု ပြောသည့်အတွက် အောင်သင်းမှာ ဤတွင် မျက်နှာထားအမျိုးမျိုး

...သွားသည်မှာ လဲ့လဲ့သာ မျက်စိမြင်ပါမူ မည်သည့် ရုပ်ရှင်မင်းသားမှ ...ပ်ဖူးသေးသော ဆိုက်မင်းသား၏ အက်တင်အမူအရာကို မုချ တွေ့ရ ...သာ ဖြစ်လေ၏။

'ကဲ... ကိုအောင်သင်း လုပ်စရာကိစ္စ ရှိသေးတာ။ သွားတော့၊ သွား... ...'

ဟု ရင်ဘတ်ဆွဲထားခြင်းကို လွှတ်လိုက်မှ– 'သိပ်ခက်တာပဲ လဲ့လဲ့ ... ညည်းတွားမိပြီး 'ပြန်တော့မယ်နော်'ဟု နှုတ်ဆက်ကာ ပြန်ခဲ့သည် ...–

'ကိုအောင်သင်း... နက်ဖြန်ကာ မလာဘဲ မနေနဲ့နော်' ဟူသော အသံ ... နောက်မှ ကြားရလေ၏။

## အခန်း (၁၂)

...အကြောင်း အောင်သင်း သိသလို အောင်သင်းအကြောင်းလည်း ခင်လဲ့ ...လေ၏။ မိဘ ပစ္စည်းချမ်းသာ၍ အရောင်းအဝယ် အလုပ်အကိုင်နှင့် ...ခဲ့ပါမူ အတီးအမှုတ် ဝါသနာ စွဲသူများမှာ ထမင်းအငတ်ခံ၍ ဝါသနာ ...ရာ ဩဇာကို လိုက်နာတတ်မြဲ သဘောကိုလည်း ခင်လဲ့မှာ မိမိအဖြစ် ...ယ်ချင်းစာနာလျက် တွေးတောမိလေ၏။ ၎င်းပြင် ခေါင်းဝင်ကိုယ်ဆံ့ ...သော လူပျိုကိုယ် ဖြစ်ခြင်းကြောင့် ဤသို့ နေထိုင်ခြင်းကိုလည်း အပြစ် ...သာအောင် ခင်လဲ့တွင် သနားမိလေ၏။ ထို့ကြောင့်လည်း ခင်မင်စွဲလမ်း ...း ကြီးများ နှောင်ဖွဲ့ရာတွင် သနားခြင်း ကရုဏာတည်းဟူသော သံမဏိ ...ယ်ကလေးပါ ဝင်ရောက်တုပ်ချည်မိပြီး ဖြစ်သည့်အတွက် အောင်သင်း အကြောင်းမှာ ခင်လဲ့တွင် နေ့စဉ် တွေးတောရန် ပြဿနာတစ်ရပ်ကဲ့သို့ ...ခဲ့လေ၏။

ထိုနေ့ကား ရှမ်းယောကျ်ား အစေခံ ၂ ယောက်မှာ ခင်လဲ့ထံတွင် ...န်၍ ရုပ်ရှင်ကြည့်ရန် သွားနေကြလေရာ ခင်လဲ့မှာ အိမ်တွင် မြအေး၊ ...း မသီလုတို့နှင့်သာ ကျန်ခဲ့လေ၏။

နံနက်စာကိစ္စ ပြီးစီးပြီ ဖြစ်သည့်အတွက် အောင်သင်းမှာလည်း ခင်လှ တို့ အိမ်ဘက်သို့ ထွက်ခဲ့ရာ၊ နုနုတို့ အိမ်ရှေ့သို့ ရောက်သည်တွင် နုနုက ခေါ်သည့်အတွက် ဝင်ခဲ့သည်တွင်မှ နုနုက–

'ကိုကိုဖြင့် ကရင် ထန်းလျက်အိုး တွေ့နေတာပဲ။ နုနုတို့ အိမ်တောင် မှ မဝင်ချင်တော့ဘူး။ ဟိုအိမ်သာ စွတ်ခနဲ စွတ်ခနဲ ဝင်သွားတော့တာပဲ ဟိုက ဘာများ ကျွေးထားသလဲ မသိဘူး'ဟု ပြောသဖြင့်–

'ဟော... ကောင်မကလေး လူကြီးတွေကို မဟုတ်က ဟုတ်က ပြော တော့မယ်။ ဦးတို့ ဘယ်သွားကြသလဲ'

'စက်ဆန်းက အလှူကို သွားကြတယ်'

'ဒါဖြင့် အိမ်စောင့်ကျနေတာပေါ့'

'ဟုတ်တယ်၊ ဒါကြောင့် ကိုကို မလာလို့ မျှော်နေတာပေါ့။ လာမယ် လာတော့လည်း ဟိုအိမ်ဘက်သာ မျက်စောင်းကြီးက တခဲခဲမို့ ခေါ်ရပေမဲ့ တထိတ်ထိတ်ပဲ၊ သိလား'

ဟု နှုတ်သွက် လျှာသွက်ကလေးဖြစ်သည့်အတိုင်း ပြောသည့်အတွက် အောင်သင်းမှာ အားမလို အားမရ ရယ်မောရာက–

'ကောင်မကလေး၊ လာခဲ့... လာခဲ့... လာခဲ့။ သေပေတော့'

ဟု ပြောရင်း နုနု၏ နားရွက်ကလေးကို ဆွဲကာ ကုလားထိုင်တွင် အတင်း ထိုင်စေသည့်အတွက်–

'အလယ်လယ်... နာလိုက်တာ၊ သေရချည်ရဲ့တော်၊ ပြတ်ရချည်ရဲ့'

ဟု အော်နေခြင်းကြောင့် အောင်သင်းမှာ လွှတ်လိုက်သည်တွင်မှ–

'လူကို အငြိုးကြီးနဲ့ လုပ်တာ သိပါတယ်၊ ဘာဖြစ်လို့ ဒါလောက် လုပ်ရတာလဲ'ဟု နှုတ်ခမ်းစူစူဖြင့် ရန်တွေ့မေးသည်တွင်မှ–

'ဘာဖြစ်လို့ လုပ်ရမှာလဲ၊ ကိုယ့်အပြစ် ကိုယ် မသိဘူးလား'

'ဘာလဲ၊ နုနု ဘာလုပ်ခဲ့လို့လဲ'

'အခုတင်... ဟုတ်တာတွေ လျှောက်ပြောနေတဲ့ ဥစ္စာလေ'ဟု ပြောရင်း အောင်သင်းက ရယ်လိုက်သည်တွင်မှ နုနုမှာ မဲ့ရာက ပြုံးပြီး– 'ဩော် ဒါလား၊ စိတ်ဆိုးတတ်မှန်း မသိလို့ပါ အစ်ကိုကြီးရာ။ ကြိုက်တယ်ဆိုရင်

...ကို ပြောပေးပါ့မယ်။ ဒီတစ်ခါ ပြောမိတာ မေ့မယူပါနဲ့။ ပေးမှ ယူပါ။ ...သား အမိုက်အမဲကလေးမို့ တစ်ကြိမ်တစ်ခါ ချမ်းသာပေးပါ'

ဟု လက်အုပ်ကလေး တချီချီနှင့် တောင်းပန်နေသောကြောင့်– 'နုနု ...လေ... ဒီနုနုဟာ'ဟု ဤတွင် အားမလို အားမရကြီးဖြစ်ကာ တောင် ...က် လေးပါး လူသူ အလစ်ကိုကြည့်ပြီး ပါးကလေးနှစ်ဖက်ကို ဆွဲယူ ...မျက်နှာချင်း အပ်လိုက်သည့်အတွက် နုနုမှာ– "အမယ်လေး... လာကြ ...ဘော်၊ ကျွန်မကို အတင်း ဗလက္ကာရ နမ်းနေပါတယ်"ဟု မအော်နိုင်တော့ ...– 'ဟင်း... ဟင်း'နှင့်သာ မိမိမျက်နှာကို အောင်သင်းမျက်နှာမှ ခွာလိုက် ...း–

'မကောင်းဘူး၊ ကိုကိုကလဲ မကောင်းတော့ဘူး'ဟု မျက်စောင်းထိုးကာ ...ဖက်သို့လှွဲရင်း စူနေသည်နှင့်–

'စိတ်ဆိုးသလား... နုနု၊ ဟုတ်လား။ ကဲ... စိတ်ဆိုးရင် ကိုကို့ကို ...နမ်းလေ'ဟု အောင်သင်းက စ လိုက်သဖြင့်–

'အားကြီး နမ်းလိမ့်မယ်... စောင့်နေ။ သေတောင် မနမ်းဘူး။ ကိုကို ...ာ "ပါသက်"သိလား။ ဒီကနေ့ကစပြီး ပါသက်...ပါသက်'

ဟု ပြောရင်း အောင်သင်းအား လက်ညှိုးကို ထုတ်စေ၍ မိမိလက်ညှိုး ...ချိတ်မိအောင် နှစ်ခါ၊ သုံးခါ ဆွဲချိတ်ရင်း ပြောနေသဖြင့်–

'အေး... ပါသက်ဖြင့် ကိုကို ပြောမယ့်ဥစ္စာ မပြောတော့ဘူး။ ဒီက ...ကောင်း ပြောမလို့ဟာ'

ဟု အောင်သင်းက တကယ် စိတ်ဆိုးသည့်ဟန်ဖြင့် တစ်ဖက်သို့ ...ည့်ကာ မူလိုက်ပြန်သည်နှင့် နုနုမှာ အောင်သင်းဘက်သို့ လှည့်ကာ–

'ဟင်... ကိုကို... ကိုကိုကလဲကွာ နုနု ကျီစားပြောတာ စိတ်ဆိုးရ ...သား၊ ဘွာ... ဘွာ... ကိုကိုကလဲကွယ် စိတ်မဆိုးပါနဲ့နော်၊ ဟုတ်လား၊ ...ပြောစရာ ရှိလို့လဲ၊ ဟင်... ကိုကို၊ ပြောစမ်းပါဦး၊ ဘာလဲလို့။ ဟင်... ...လဲလို့'

ဟု အတင်း အောင်သင်းကို ဖျစ်ညှစ်လိမ်ဆွဲကာ မေးနေသည့်အတွက် အောင်သင်းမှာ ပြုံးလိုက်ရပြီး–

'နုနု... လဲ့လဲ့ကို ဘာတွေ လျှောက်ပြောနေသလဲ'

'ဘာလဲ၊ နုနု ဘာတွေ ပြောမိလို့လဲ'

ဟု နုနုက ပြန်၍ မေးသည့်အတွက် အောင်သင်းမှာ လွန်ခဲ့သည့် နေ့က မိမိအား ငွေပေးပုံနှင့်တကွ ကိုအောင်သင်း အကြောင်းတွေ နုနု ပြောလို့ မနေ့ကပဲ သိရပြီ ဟူသော ခင်လဲ့ ပြောပြပုံပါ ပြောပြသည့်အတွက် နုနုတွင် ဟက်ဟက်ပက်ပက် ရယ်ရာက–

'အောင်မာ... ဆရာ၊ ထမင်းချက်နေရတာတွေ၊ ဘိုင်ကျနေတာတွေ အကုန် လျှောက်ပြောလိုက်လို့ ငွေငါးဆယ် ပွလာတဲ့ဥစ္စာ။ နုနုကို ပွဲခ ဖဲ့ပေးရမှာစိုးလို့ ကာကွယ်တဲ့သဘောနဲ့ ဟန်ဆောင်ပြီး ကြိမ်းတာလား။ မရဘူး ဆရာ၊ အောက်ထစ် သုံးပုံ တစ်ပုံတော့ ပွဲခ ရမှ အေးမှာ'

ဟု နုနုက တွယ်ကပ်ရင်း အတင်း အိတ်ထဲသို့ နှိုက်ပြန်သည်နှင့်–

'အင်း... ငါ့အိတ်တော့ ဘုရားခြေရင်းက စတုဒိသာဇရပ်နဲ့ တူနေတော့တာပဲ။ ထည့်တဲ့လူက ထည့်၊ နှိုက်တဲ့လူက နှိုက်နဲ့'ဟု ပြောရင်း စ နေသဖြင့်–

'သဒ္ဒါပါတယ်ဗျား၊ ကြည်ဖြူပါတယ်ဗျား၊ ကြင်နာပါတယ်ဗျား၊ မြတ်နိုးပါတယ်ဗျား'

ဟု ဤတွင် ပြောပြောဆိုဆို နုနုအား ပွေ့ယူရန် နေရာမှ ထသည့် အတွက် ဤတစ်ကြိမ်တွင်ကား နုနုမှာ အကပ်မခံတော့ဘဲ–

'မရဘူး ဆရာ၊ ဒီတစ်ခါတော့ မရဘူး၊ ရှင့်ပိုက်ဆံလဲ မလိုချင်ဘူး၊ ဒါလောက် အားကြီးတော့ လူလဲ မတတ်နိုင်တော့ဘူး'

ဟု ပြောရင်း နေရာမှ လျင်မြန်စွာ ထကာ အတွင်းဆောင်သို့ ဝင်ပြေးသည့်အတွက် အောင်သင်းမှာ ဟက်ဟက်ပက်ပက် ရယ်မောရင်း ကျန်ခဲ့ရာက နုနု ထွက်လာမည်ကို စောင့်နေလေရာ၊ နုနုမှာ ခြေဖျားကလေး ထောက်ကာ လုံချည်ကွင်းကို ရင်ခေါင်းထိအောင် လက်နှစ်ဖက်နှင့် မြှောက်ကိုင်ရင်း၊ ခြေထောက်ကို စည်းချက်နှင့် နောက်ပြန်ထိုးရင်း သမင်ယိမ်း ထွက်သလို ထွက်လာသည့်အတွက်–

'ဟဲ့... အရူးမကလေး၊ ရှူးတော့မယ်၊ လာဦး'ဟု ခေါ်သည့်တိုင်အောင်

နနမှာ ပြုံးကာ မဲ့ကာ မျက်နှာအမျိုးမျိုး လုပ်ပြရာက– "နန်းဘုံသီဟာဖွေ ... အညောင်ရွှေ၊ ရွှန်းဝေထိန်ပြောင်" ဟု ကဗ္ဗိရိုက် ကရောင်းယိုးဒယားကို ... ၊ ထဘီကို ဖြန့်ကာ ဘယ်ယိမ်း ညာယိမ်း ခြေထိုးရင်း ယိမ်းကသလို ... နေသည့်အတွက် အောင်သင်းတွင် စည်းချက်ကို လက်ခုပ်လိုက်တီးရာက– ... ဟုတ်ပေကွ၊ ကြိတ်ပေးလိုက်... ဘသားကွ ဟု မြှောက်ပေးနေလေရာ၊ နနမှာလည်း ပိုမို ဝမ်းမြူးလာသည့်အလျောက် ထဘီကို ပြန်မဝတ်သေးဘဲ ... နှစ်ဖက်တွင် လက်ညှိုးနှင့်လက်မကြား၌ ညှပ်ကာ ဘယ်ခြေ ညာလက် ... မြှောက်ရင်းက နေရာမှ ထိုးထိုးထွန့်ထွန့်နှင့် စိန်ကတုံးကြီး ကလိုက် ... သည့်အတွက် အမှတ်တမဲ့ လက်မကြားတွင် ညှပ်ထားသော လုံချည်စ ... လက်စလုံးမှာ ကြမ်းပေါ်သို့ လွတ်ကျကာ ပုံလျက်သား ဖြစ်သွားသဖြင့် နနမှာ– 'အို... 'ဟု ယောင်ယမ်းကာ အော်ပြီးမှ ကျွတ်ကျနေသော ထဘီကလေး ... ပြန်၍ကောက်ကာ အလွန်ရှက်သော ပုံပန်းလက္ခဏာဖြင့် အတွင်းခန်းသို့ ... ပြေးလေတော့သတည်း။

နန၏ ရူပါရုံ အစိမ်းဆတ်ဆတ်ကို မြင်လိုက်ရသော အောင်သင်း ... လည်း မျက်လုံးပြူးကာ လက်ခုပ်တီးသော လက်နှစ်ဖက်စလုံးပင် လမ်း ... ခက်တွင် ဘရိတ်ရပ်လိုက်သလို မချမိဘဲ ကြက်သေ သေနေမိပြီးမှ နန အခန်းတွင်းသို့ ဝင်သွားသည်တွင် သတိရလာပြီး ဟက်ဟက်ပက်ပက် ... ခမောကာ–

'ကောင်မကလေး တစ်ယောက်ပော့... ရှက်ပါတယ် ဟော့'

ဟု နောက်ရင်း– 'နန... နန 'ဖြင့် ခေါ်သည့်တိုင်အောင် နနမှာ ... ပြန်၍ထူးဖော် မရဘဲ အတော်ကြာကြာ ငြိမ်သက်နေသည့်အတွက် နန ... ရှက်သွားကြောင်း သိရသည်နှင့် မခေါ်တော့ဘဲ စန္ဒရားတွင်ပင် ထိုင် ... "တိန်တိန်... တောင်တောင်..." အတန်ကြာ တီးလိုက်၊ တီးလိုက်ပြီးမှ ...–

'နန... နန 'ဟု ခေါ်လေရာ တော်တော်နှင့် မထူးသေးဘဲ ရှိသည့် အတွက်– 'ဒီမှာ ပြောစရာ ရှိလို့ပါ နနရဲ့... နန 'ဟု ခေါ်လေမှ–

'ဝူး... 'ဟု ခေါင်းမြီးခြုံထဲက ပြန်၍ ထူးသံ ကြားရသည့်အတွက်–

'ထွက်ခဲ့ပါဦး'

'နံနံ…'

'ဂူး… ဆိုနေမှပဲ၊ ဂူး… ဂူး…'

'သွား… တော့မယ်နော်'

'အင်း… သွား၊ သွား။ ဟိုရောက်အောင် သွားလိုက်ဦး'

'အပြင်ကိုလည်း ထွက်နေဦး၊ လူမရှိလို့ အလစ်သမား တက်သုတ်သွားဦးမယ်'

ဟု ပြောရင်း အောင်သင်းမှာ ခြေသံပြင်းပြင်း ဆောင့်နင်းကာ လှေကားမှ ဆင်း၍ ခင်လှဲ့တို့ အိမ်ဘက်သို့ ထွက်သွားလေတော့၏။

## အခန်း (၁၃)

ခင်လှဲ့တွင် ထိုနေ့နံနက်က စ၍ နှလုံးသားများ တုန်လှုပ်ချောက်ချားနေမိလေရာ မျက်ခုံးလှုပ်သလိုလိုပင် ထင်မြင်သည့်အတွက် စိတ်ကြည် သန့်ရှင်းစေခြင်းငှာ နံနက်စောစော ရေမိုးချိုးပြီးနောက် မိမိကိုယ်ကိုလည်း နေ့တိုင်းထက် ပို၍ပြုပြင် ဖြီးလိမ်းလျက်၊ နံနက်ပိုင်းတွင် ဘုရားဝတ်ပြုရင်းဖြင့် အချိန်ကုန်ခဲ့ပြီးနောက် စားသောက် ပြီးစီးကြလေသော် အိမ်တွင် အစေခံများလည်း နည်းပါးသည့်အလျောက် အိမ်ပေါ်ထပ်မှ အောက်သို့ဆင်းလာကာ အောင်သင်းအား စောင့်စားရင်း ခုတင်ပေါ်တွင် တုံးလုံးမှေးလျက် မိမိ၏ အတွင်းရေးများကို တွေးကာ ဆွေးချင်တိုင်း ဆွေးနေမိရာက တစ်ခါတစ်ခါ အောင်သင်းအကြောင်း ပေါ်ပေါက်လာလေရာ၊ မိမိကိုယ်တိုင် ဤအကြိမ် ပေါ်ပေါက်လာသော စိတ်မျိုးကဲ့သို့ အဘယ်အခါမျှ မပေါ်ခဲ့ဖူးကြောင်းကို သိနားလည်သည်သာမက တစ်ခါတစ်ရံ အတွေးနယ် ကျယ်ဝန်းသွားသော အခါတွင်ကား မိမိ၏ အဖြစ်ဆိုးလှသော ဘဝကို ခါတိုင်း မကျေနပ်သည်ထက် ပို၍ မကျေနပ်ကြီး ဖြစ်ရာက ချုံးပွဲချ၍ ငိုမိတတ်သည်အလျောက် ယနေ့လည်း မျက်ရည်ကျလျက် ရှိလေ၏။

အစေခံ ကလေးများမှာလည်း အဝတ်လျှော်သူက လျှော်၊ မီးဖိုတွင် ချက်ပြုတ်၊ ပြုပြင်စရာ ရှိသည်ကို ပြုပြင်လိုက်၊ အိမ်ပေါ်ထပ်တွင် အမှိုက်

...ရှင်းလင်းသူက ရှင်းလင်းနေလေ၏။ ခါတိုင်းမူ ဤအချိန်၌ အောင် ...း ဆါ်လာမြဲ ဖြစ်သော်လည်း ယနေ့မူ မပေါ်လာသည့်အတွက် တစ်စုံ ...များ ဖြစ်လေသလောဟု တွေးတော ပူပန်မိလေရာ၊ ဤတွင် အိပ်ရာ ... လျောင်းစက်မနေနိုင်တော့ဘဲ အိမ်ထဲတွင်ပင်လျှင် စမ်းကာမှန်းကာ ...လျှောက်ရင်း စောင့်စားနေပေရာ၊ အိမ်ရှေ့ နုနုတို့ အိမ်ဆီမှ "တိန်တိန်... ...တောင်"နှင့် စန္ဒရားသံ ကြားသောကြောင့် အောင်သင်းမှာ နုနုတို့ ...ဆီသို့ ရောက်နေချေပြီ။ စန္ဒရားသံ ကြားရတော့မည်ဟု မျှော်လင့် အာရုံ ...သော်လည်း နောက်ထပ် စန္ဒရားသံ မကြားရတော့သဖြင့် "ကိုအောင် ...း မဟုတ်ပါဘူးလေ၊ တစ်ယောက်ယောက် ဝင်ဆော့တာ ထင်ပါရဲ့။ ... ဘယ်များ သွားနေပါလိမ့်" ဟူ၍သာ စိတ်အားကို လျှော့လိုက်ရပြန် ...တော့၏။

သို့နှင့်ပင် စိတ်မှာ ချီတုံချတုံ ဖြစ်သည့်အလျောက် လမ်းလျှောက် ...င် ဤနေရာကား တိုင်ရှိသည်၊ ဤနေရာတွင် မှန်တင်စားပွဲ ရှိသည်။ ...နေရာကား လှေကား၊ ဤနေရာကား ဖိနပ်ချွတ်အဆင့်။ ဤနေရာကား ...နံရံနှင့် တံခါးပေါက် စသည်ဖြင့် မျက်စိကန်းသူ၏ အထိမ်းအမှတ် ...သည်တို့မှာ လွဲချော်လေရကား မီးဖိုနံရံနှင့် တံခါးပေါက် ရှိရာသို့ သွား ...ရာ လှေကားဆင့်ဘက်သို့ ဦးလှည့်သွားပြီး ရုတ်တရက် နင်းလိုက်သည် ...် ခြေမှာ ကျွံကျကာ လူပါ မဟန်နိုင်တော့ဘဲ အရှေ့သို့ ဦးစိုက် ကျသွား ...ရကား 'အမယ်လေး'ဟု လန့်ကာ အော်လိုက်ကာ လိပ်ပြာလွင့်သွားမတတ် ...၌ မိမိမှာ ထင်သလောက် လဲကျသည် မဟုတ်ဘဲ လူတစ်ဦး၏ ရင်ခွင် ...် အပွေ့ခံမိလျက်သား ဖြစ်နေသည်ကို တွေ့ရသဖြင့်– 'ဘုရား... ဘုရား... ...ကောင်းလို့ ဒုက္ခမရောက်တော့တယ်'ဟု ညည်းမိရင်း အပွေ့အထိ ခံရ ...းမှာ ဘာလိုလို ဖြစ်လာသည်နှင့် ဤတွင်မှ စိတ်မလုံသလို မျက်တောင် ... အကြိမ်ကြိမ်ခတ်ရင်း–

'ဘယ်သူလဲ၊ မြအေးလားʼဟု မေးလိုက်မှ–

'ကိုအောင်သင်းပါ လဲ့လဲ့ရဲ့။ ဘယ်ကို ခိုက်သွားသေးသလဲ၊ နာသွား ...သလား'

ဟု ပကတိ ဝမ်းနည်း ကရုဏာသက်သော အသံနှင့် မေးသံ ကြားရ
သည်တွင်မှ သာလွန်တုန်လှုပ်မိကာ အောင်သင်း၏ ရင်ခွင်တွင်းမှ လူးလဲ
ထရင်း နှုတ်မှလည်း ယောင်ယမ်းကာ– 'ဟင်...'ဟု ညည်းတွားမိလျက်
ရင်ခွင်မှာလည်း နိမ့်တုံ မြင့်တုံ အစုံအဆန် လှုပ်ရှားနေရင်း မျက်တောင်
အကြိမ်ကြိမ်ခတ်ကာ တုန်လှုပ် ချောက်ချားနေခြင်းများကို မြင်ရသည့်
အတွက်–

'လာ... လဲ့လဲ့၊ ထ... ထ၊ ကံကောင်းလို့ လဲ့လဲ့ရယ်... ကိုအောင်သင်း
မြင်ပေလို့သာ' ဟု ပြောရင်း လဲ့လဲ့၏ လက်နှစ်ဖက်နှင့်တကွ ပခုံးကိုပါ
ပွေ့ကိုင်ကာ နေရာမှ ထစေလေရာ၊ အောင်သင်းမှာ ဒုက္ခိတ တစ်ဦးအား
ကယ်ဆယ်သည့် တကယ့်စေတနာနှင့် ပွေ့လိုက်စေခါမူ လဲ့လဲ့တွင် ယား
သလိုလို၊ ပူသလိုလို၊ အထိအတွေ့ ခံရသည့် နေရာများတွင် ဘာလိုလို
ရှိလွန်းသောကြောင့်–

'နေ... နေ ကိုအောင်သင်း၊ လဲ့လဲ့ဘာသာ လဲ့လဲ့ သွားပါ့မယ်'ဟု
ပြောရင်း နေရာမှ ထ၍–

'ဟဲ့... မြအေး'ဟု ခေါ်လိုက်မှ– 'ရှင်... မမ'ဟု ထူးရင်း မြအေး
ထွက်လာသောကြောင့်–

'ငါ့ကို အပေါ်ထပ် ငါ့အိပ်ရာထဲကို ပို့စမ်းပါဦးအေ'

ဟု ပြောသဖြင့် မြအေးမှာ လက်ကိုဆွဲ၍ လှေကားဆီသို့ ခေါ်သွား
လေရာ လှေကားတွင်ကား လဲ့လဲ့မှာ မိမိဘာသာ အပေါ်တက်သည့်အတွက်
မြအေးရော အောင်သင်းပါ နောက်က လိုက်ပါသွားကြလေ၏။ သို့နှင့်
လှေကားကို တက်ရင်း–

'မြအေး...'

'ရှင်... မမ'

'ကိုအောင်သင်းရော အောက်မှာ ကျန်ခဲ့သလား'

'လိုက်လာပါတယ် မမ'

ဟု မြအေးက ပြော၍–

'ပါပါတယ် လဲ့လဲ့ရဲ့'

ဟု အောင်သင်းက ပြောသည့်အတွက် ခင်လဲ့တွင် နောက်ထပ် ပြောရမည်ကို တွေးတော သတိမရသကဲ့သို့ ဆိတ်ငြိမ်သွားလေ၏။ ပင် တဖြည်းဖြည်း လဲ့လဲ့၏ ခုတင်သို့ ရောက်သည့်တွင်မှ–

'ကဲ... မြအေး၊ လုပ်စရာ ရှိတာတွေသာ အောက်မှာ သွားလုပ်တော့'

ဟု ပြောသောကြောင့်–

'ဟုတ်ကဲ့ မမ'

ဟု ပြောရင်း မြအေး ထွက်သွားလေရာ၊ အောင်သင်းမှာ လဲ့လဲ့ အနီးရှိ ကုလားထိုင်တစ်လုံးတွင် ထိုင်ရင်း–

'ဘယ်ကို ထိခိုက်သွားသလဲ'ဟု မေးမှ–

'ဪ... ကိုအောင်သင်း၊ အင်း... ဘယ်မှ မထိခိုက်မိပါဘူး'

'အိမ်မှာ ခိုင်းရမယ့်လူတွေ အပေါသားပဲ လဲ့လဲ့ရယ်။ နောက်ကို တစ်ယောက်တည်း လျှောက်တာထက် ခိုင်းရမယ့်လူတွေ ခိုင်းတာက ကောင်းပါလိမ့်မယ်။ ကိုအောင်သင်းဖြင့် လဲ့လဲ့ ယိုင်ပြီး ကျလာတာလဲ ရော လန့်ပြီး တစ်ခါတည်း ကြောက်အားလန့်အားနဲ့ ဆီးပွေ့လိုက်မိတာ။ ရင်လား...'ဟု ပြောသည့်အတွက်–

'ကျေးဇူးတင်ပါတယ် ကိုအောင်သင်းရယ်၊ နေ့တိုင်း သူတို့တစ်တွေကို းဘာပါပဲ။ ဒီနေ့တော့...'

ဟု ဤတွင် မိမိမှာ ဟုတ်တိုင်းမှန်ရာကို ဖွင့်ပြောခဲ့ရပါမူ– "ကိုအောင် သင်း စိတ်နဲ့ လဲ့လဲ့ အမှတ်အသားတွေလဲ မေ့ပြီး မှားကုန်တော့တာပဲ အောင်သင်းရယ်..."ဟု ပြောရမည် ဖြစ်သည့်တိုင်အောင် နှုတ်မှ ထွက် ကောင်းသော စကားမျိုး မဟုတ်သည့်အတွက်–

'ဒီနေ့တော့ ကိုအောင်သင်းရယ်၊ မနက်ကတည်းက တစ်ခုခု ဖြစ်မယ့် လို စိတ်ထဲကလည်း မကြည်မသာနဲ့ နှလုံးတုန်သလိုလို၊ ရင်ခုန်သလိုလို လွန်းလို့ လဲ့လဲ့ ဘုရားဝတ်ပြု ရေမိုးချိုးပြီး စိတ်မှ ကြည်ပါစေတော့ သန့်သန့်ရှင်းရှင်း နေခဲ့တာ။ ဒါလောက် ဖြစ်တာကိုပဲ ကျေးဇူးတင်ရ မှာပဲ။

ကိုအောင်သင်းသာ အချိန်မီ မရောက်လာခဲ့ရင် လဲ့လဲ့တော့ အခုလောက် ရှိ ဆေးရုံရောက်နေမှာပါပဲ'

ဟု အခြားတစ်ဖက် မှန်ကန်ရာလမ်းသို့ လွှဲရင်း ပြောလိုက်လေ၏။

အောင်သင်းမှာ ခုတင်ပေါ်တွင် တင်ပါးလွှဲချ ထိုင်နေသော လဲ့လဲ့အား စူးစူးစိုက်စိုက် ကြည့်နေမိလေ၏။ ခုတင်၊ မွေ့ရာ၊ ခြင်ထောင်တို့ဖြင့် တန်ဆာဆင်အပ်သော အခန်းနေရာတွင် မိမိ နှစ်သက်မြတ်နိုးသူနှင့် နှစ်ကိုယ်ချင်း တွေ့တွေ့ဆိုင်ဆိုင် တွေ့ကြုံနေရသည့် အဖြစ်ကို တွေးမိလေ၏။ ချစ်သည့်စိတ်မှာ တိုး၍တိုး၍ လာလေ၏။ မျက်လုံးမှာ ကိလေသာ မာန်ရောင် တောက်နေလေ၏။ တစ်ကိုယ်လုံးမှာလည်း နတ်ကျသလို ဆတ်ဆတ်တုန်နေလေရာ ခင်လဲ့မှာ အကန်းမို့ မမြင်ရသဖြင့် ဤသဏ္ဌာဝါကို မိမိ အိပ်ရာခန်းတွင် ရဲရဲဝံ့ဝံ့ လက်ခံစကားပြောခြင်း ဖြစ်လေရာ၊ မျက်စိသာ မြင်ရပါမူ လဲ့လဲ့မှာ အဘယ်မျှ ကြောက်ရွံ့လိမ့်မည်နည်း။ သို့အတွက် မိမိကိုယ်ကို မိမိ ပြောနေသလို–

'ဟင်း... 'ဟု သက်ပြင်းချရာက–

'**ဒီဝဋ်က ဘယ်တော့ ကျွတ်ပါ့မလဲနော်။** ဒီဒုက္ခတွေ ကယ်မယ့်သူ **မပေါ်တော့ဘူး ထင်ပါရဲ့။** မျက်စိမမြင်တဲ့ဘဝ ဒုက္ခိတ အဖြစ်မျိုးမို့ ဆိုးချင်**တိုင်း ဆိုးနေပေမဲ့ အသက်တစ်ချောင်း မစွန့်ဝံ့သေးတဲ့ အခါမို့ ဟယ်...** ခံနိုင်သမျှတော့ ခံရဦးမှာပဲ'

ဟု ညည်းတွားရာမှ ပါးပြင်ပေါ်သို့ မျက်ရည် တစ်ပေါက်တစ်ပေါက် စီးကျလာလေရာ လဲ့လဲ့မှာ အင်္ကျီလက်မောင်းစဖြင့် သုတ်ရင်း ရှိုက်မိပြီးမှ မိမိ ပခုံးနှစ်ဖက်ပေါ်သို့ လက်တင်လာသည်ကို တွေ့ရသည့်အတွက်– 'အလို... ဘုရား... ဘုရား... ဘုရား'ဟု ထိတ်လန့်ကာ ပါးစပ်ဖြဲနေမိလျက် မျက်တောင်ကို အကြိမ်ကြိမ်ခတ်ရင်း နောက်သို့ လှည့်ကြည့်မိလေ၏။ အောင်သင်းကား လဲ့လဲ့ကိုယ်နှင့် ထိကပ်အောင် သာ၍ ရှေ့သို့တိုးကာ ထိုင်လိုက်လေ၏။

ခင်လဲ့မှာ တစ်ကိုယ်လုံး နတ်ကျသလို တုန်လာပြီး 'ဘုရား ဘုရား...' ဟု ယောင်ယမ်းရေရွတ်ရင်း ပခုံးပေါ်တွင် တင်ထားသော အောင်သင်း၏

...ကို စမ်းသပ် တွန်းပစ်ကာ ကိုယ်ကလေးကိုလည်း အနည်းငယ် ရှေ့သို့ ...ခဲ့ရာက–

'ကိုအောင်သင်း... ကိုအောင်သင်း'ဟု ထိတ်လန့်ကြောက်ရွံ့ တုန်လှုပ် ...က်၊ မထွက်ရက်သော အသံမျိုးဖြင့် ခေါ်ရင်း ရှေ့ကိုဆက်ရန် ခက် ...ခဲ့လို ရှိနေစဉ်–

'လဲ့လဲ့... လဲ့လဲ့၊ ပေးချင်သမျှ အပြစ်ကို ပေးတော့။ လဲ့ကိုဖြင့် ...အောင်သင်း အသည်းစွဲ ချစ်မိပြီ လဲ့လဲ့ရယ်။ ချစ်ရတဲ့အထဲမှာ အခုလို ...အောင်သင်း ရင်ကွဲပြီး အသည်းကျွမ်းအောင် ကြားရ၊ တွေ့ရပြန်တော့ ...အောင်သင်း ဘာမှ မစဉ်းစားနိုင်တော့ဘူး။ ကိုအောင်သင်းကို ခွင့်ပြုပါ ...င် လဲ့လဲ့'

ဟု ပြောပြောဆိုဆို ခင်လဲ့အား ဆွဲယူ ပွေ့လိုက်သည့်အတွက်–

'ဟင်... မကောင်းဘူး ကိုအောင်သင်းရယ်၊ ရှိကြီးခိုးပါရဲ့၊ ဒုက္ခသည် ...ို မသနားတဲ့ပြင် မကောင်းတော့ပါဘူး။ ဘုရား... ဘုရား'

ဟု ရေရွတ် ငြင်းဆန် အတန်တန် တွန့်လိမ် လှုပ်ရှားသည့်တိုင် ...အောင် မိမိကိုယ်မှာ အောင်သင်း ရင်ခွင်တွင်းပင် ရှိသေးလျက် ပါးပြင် ...ဦးသာ ပူနွေးသော ရှုရှိုက်ခြင်းများနှင့် အောင်သင်း၏ပါးမှာ တောက်တဲ့ ...ပ် ကပ်သလို ရှိနေသေးခြင်းကြောင့် ခင်လဲ့မှာ–

'ကိုအောင်သင်း... တောင်းပန်လို့ မရဘူးနော်'

ဟု ပြောရင်းက မျက်ရည်ကျလာပြန်ကာ–

'မျက်စိမမြင်တဲ့ အကန်းဘဝမို့ အဖမ်းရ လွယ်တာပဲနော်။ အခုနေ ...အော်လိုက်ပြန်ရင်လည်း ဒီကပဲ အရှက်ကွဲရမှာပဲ။ မအော်ဘဲ နေပြန်ရင်လည်း ...င် အညာပေးတော့မှာ မဟုတ်ဘူးနော်။ လူချင်းမတူတဲ့ ဘဝမို့ ကိုအောင် ...သင်းရယ်...'

ဟု ပြောရာက ရှိုက်ကာရှိုက်ကာ ငိုကြွေးလေရာ၊ အောင်သင်းမှာ ...ခင်လဲ့အား ပွေ့ထားရင်းက– 'လဲ့လဲ့.. လဲ့လဲ့'ဟု အတန်တန် ခေါ်သည့် ...ိုင်အောင် လဲ့လဲ့မှာ စကားပြန် မရတော့ဘဲ ရှိုက်သံများသာလျှင် မိမိအား ...န်တွေ့နေဘိသကဲ့သို့ ထင်မြင်မိလေ၏။

## အခန်း (၁၄)

"မာတ်ကြိုက်ကလည်း ရှိ၊ နတ်တိုက်ကလည်း မိ"ဟူသကဲ့သို့လည်းကောင်း၊ "မစွန်းရင်းကလည်း ရှိ၊ ကန်စွန်းခင်းကလည်း ငြိ"ဟူသကဲ့သို့လည်းကောင်း အောင်သင်းအပေါ်တွင် မသိမသာ မေတ္တာမျှခဲ့ရာမှ ယနေ့မူ အောင်သင်း၏ ရင်ခွင်တွင် ၁၅ မိနစ်ခန့် အထိအတွေ့ အပွေ့အဖက် ခံရသည်သာမက–

'လဲ့လဲ့... ကိုအောင်သင်း ချစ်လွန်းလို့ပါ လဲ့လဲ့ရာ၊ မအောင့်နိုင်တော့ဘူးနော်'

ဟူသော အသံနှင့် အကြိမ်များစွာ နမ်းရှုပ်ခြင်း၊ ပါးချင်းအပ်ထားခြင်း၊ အပျိုဘဝနှင့် စောင့်စည်းလာခဲ့သော ကြွေများ ဤတွင် အမြည်းအစမ်း ခံလိုက်ရခြင်းတို့ကြောင့် သူ့အလိုကို အတော်ကြာကြာ ခွင့်ပြုမိခဲ့ပြီဖြစ်သည့်အတွက် ခင်လဲ့တွင် အရှက်ကြောင့် ငိုရသည်ပင်လျှင် တစ်မျိုးဖိမ်ရှိသကဲ့သို့ ငိုကောင်းလေရာ ရှိုက်ခြင်း၊ ရှုခြင်းများမှာ အမျှင်မပြတ်သေးရကား–

'လဲ့... ကိုအောင်သင်း ချစ်တာပါ လဲ့လဲ့ရယ်။ နှစ်တယ် ထင်ပြီး အပြစ်ပေးရင်လည်း သေဆေးတိုက်၊ ကိုအောင်သင်း သောက်ပါ့မယ်။ တိတ်ပါတော့ အလဲ့ရယ်...။ အလဲ့ ဒီလို ပြောပြောပြီး ဒီလို မျက်ရည်တွေကျတာ မြင်ရတိုင်း ကိုအောင်သင်း ရင်နာခဲ့ရတာ။ ဒီနေ့တော့ မအောင့်နိုင်ဘူး လဲ့ရဲ့'ဟု ပြောသည့်တွင်မှ–

'လဲ့... ဘယ်တုန်းကမှ ဒီလို ယောကျ်ားအကိုင်အတွယ် ခံခဲ့ဖူးတာ မဟုတ်ဘူးလို့ လဲ့ကြွေကို လဲ့ အသားယူနိုင်သလောက် ဒီနေ့တော့ ဒီလဲ့ကြွေပျက်ပြီ၊ လဲ့သစ္စာပျက်ပြီ။ အတင်းဖျက်လို့ ပျက်ခဲ့ရပြီရှင်။ အလဲ့ကို ချစ်တယ်ဆိုတာ အလဲ့ နားမှာတော့ ကြားပါရဲ့။ ဟောဒီ နား၀မှာ တစ်နေတယ် ကိုအောင်သင်းရဲ့၊ သိလား။ အလဲ့ နှလုံးသားထဲ မရောက်သေးဘူး။ ဒီလို လုပ်ပြီးရင် အဖြေသဘောနဲ့ ဒီလိုပဲ ပြောကြတဲ့ ယောကျ်ားအကြော၊ ယောကျ်ားသဘောကိုလည်း သိပါတယ်'

'ဒီလို မထင်ပါနဲ့ အလဲ့ရယ်၊ ကိုအောင်သင်း ဖွဲ့ကာ နွဲ့ကာလည်း

...ပြောတတ်ပါတော့ဘူး။ ချစ်တာတော့ ချစ်တာပဲ။ လှဲ့လှဲ့ကို စပြီး တွေ့တဲ့ ...နေ့ ကိုအောင်သင်းမှာ မျောက်မီးခဲ ကိုင်မိသလို မနေနိုင် မထိုင်နိုင်ဖြစ်ပြီး ...ဒဲ့မှ သိပါစေတော့လို့ ဆိုပြီး တယောနဲ့ ကိုအောင်သင်း ချစ်တာတွေ ...ခဲ့ပါတယ်။ ဘယ်လောက်ကြာတယ် ဆိုတာလဲ အလှဲ့ အသိပါ။ ...က်တော့လည်း ချစ်ရတဲ့အထဲမှာ အလှဲ့ရယ်... ကရုဏာက ထပ်ပြီး ...ဘလို့ နေ့ရှိသမျှ တွေ့မှ တွေ့ရစေတော့ ဆိုပြီး လူ့ဘဝမှာ အောက်တန်း ...တဲ့ ဘဝကလေးကို မစွန့်နိုင်ဘဲ အငတ်ခံစီး အလှဲ့တို့နဲ့ မကွဲအောင် ...အောင်သင်း နေခဲ့တာလဲ ဒီနေ့သာ ထိရော။ အခုတော့ဖြင့် ကိုအောင်သင်း ...ဒဲ့စိတ် ဘယ်လိုဆိုတာ ကွဲပြားသိအောင် ကိုအောင်သင်း အရဲစွန့်ရတာ ... အလှဲ့ကလဲ နောက်တွန့်ကာ တွေ့ရပြန်တော့ ကိုအောင်သင်း ခဲလေသမျှ ...ရတော့မှာလား အလှဲ့ရဲ့'

'ကိုအောင်သင်း... ရှင် အလှဲ့ကို ချစ်တယ်ဆိုတာ အခု အလှဲ့ကို ...ရတဲ့ အခိုက်အတန့်ကလေးမှာ ဖြစ်လာတဲ့စိတ်ပါ ကိုအောင်သင်းရယ်။ ...ဲ့ အခြေအနေနဲ့ အလှဲ့ အပျိုဘဝဆိုတဲ့ ပကာသနကလေးတွေက ဖုံးပြီး ...ကြောင်းကြောင်းကို နှိုက်နှိုက်ချွတ်ချွတ် မတွေးတောဘဲ ချစ်တာပါ။ အရှည် ...ဒ်င့်ကျတော့ လှဲ့လို ဒုက္ခိတ အကန်းမ ကြာရင် ချစ်နိုင်ပါ့မလား။ ဒါကြောင့် ...ကို ဒုက္ခထပ်ပြီး မပေးချင်ပါနဲ့တော့ ကိုအောင်သင်းရယ်။ ရေနစ်တဲ့လူ ...ကူပြီး မထိုးချင်စမ်းပါနဲ့'

'ကိုအောင်သင်း မပြောတတ်တော့ဘူး လှဲ့ရယ်။ ခက်တယ်၊ အခုမှ ...ခက်တယ်။ လှဲ့ ယုံကြည်အောင် ဘယ်လို လုပ်ပြရမယ်ဆိုတာ မတွေး ...တော့ဘူးနော်'

ဟု ပြောရင်း လှဲ့ကို တစ်ဖန် ဆွဲယူ ပွေ့လိုက်ပြန်လေရာ၊ ဤတစ်ကြိမ် ...ခံစစ်ပွဲမှာ ခုခံတိုက်ခိုက်ခြင်း မတွေ့ရသဖြင့် အလွယ်တကူ သိမ်းပိုက် ...င်သည့်အလျောက် လှဲ့မှာ အောင်သင်း၏ ရင်ဘတ်ပေါ်တွင် အလိုက် ... လဲကျရာက အကြိမ်ကြိမ် နှာခေါင်းနှင့် ခွေ့နေသော အောင်သင်း ...နှာကို အသာအယာ တွန်းဖယ်ပစ်ရင်း–

'စဉ်းစားနော် ကိုအောင်သင်း၊ စဉ်းစား၊ အလှဲ့ရော ကိုအောင်သင်း

ရော စဉ်းစားဖို့ အများကြီး ရှိတယ်နော်။ လဲ့မှာ လူချင်းမတူတဲ့ ဘဝမို့
လူ့လောကမှာ လူဖြစ်ရပေမဲ့ အသေမကြီးပဲ ကိုအောင်သင်းရဲ့။ ဒီတော့
တစ်နေ့ကျရင် စိတ်ပျက်စရာ တွေ့လာတော့ ဖြုန်းခနဲ လဲ့ကို အစိမ်းသတ်
ဟူ၍ အားရှိသမျှ ငြင်းဆန် ရုန်းကန်နေသည့်တိုင်အောင် အောင် သင်းမှာ လက်တွင်းသို့ သက်ဆင်း ဝင်ရောက်လာသော သမင်ပျိုမကလေး အား ဗျဂ္ဃကျားမင်း၏ စည်းစိမ်မျိုးဖြင့် အုပ်ထိန်းကာ သုကရ ဝက်မင်း၏ အမှီမျိုး မှီလျက် ရေနစ်သူသည် မှီရာတွယ်ရာကို လက်ဖြင့် စမ်းသပ်ကာ ရှာဖွေသကဲ့သို့ စိတ်ရှိသလို၊ ထင်သလို နုနု၏ ခန္ဓာကိုယ်ကို မွေချင်တိုင်း မွေလျက် ရှိလေရာ၊ နုနုမှာ ဤသို့ အတွေ့အကြုံအားဖြင့်လည်း တစ်ခါမှ မဖြစ်ဖူးသော စိတ်မျိုး တစ်မျိုးမှာ ထိုမှ၊ ဤမှ အလျှိုအလျှို ပေါ်ပေါက် လာလျက် ထိုဖဿဝေဒနာ၏ လက္ခဏာရသ ပစ္စုပဋ္ဌာန်း ပဒဋ္ဌာန်ကို အဖန် ဖန် အောက်မေ့တွေးတောရင်းက ရင်ကလေးမှာလည်း တုန်လာခြင်းကြောင့် ကာကွယ်စရာ ရှိသမျှကိုသာ ကာကွယ်နေသည့်တိုင်အောင် ဘိလပ်ဖြစ် ဂျပန်ဖြစ် ဖြစ်ကြကုန်သော အင်္ကျီအဝတ်အစား စသည့် ဘယက်တန်ဆာ ဒွါဒရာတို့မှာ ပြင်သစ်ပြည်ကြီး၏ မဂ္ဂီနော့ ခံတပ်ကြီးကဲ့သို့လည်းကောင်း ဂျာမနီပြည်၏ ဆီးဖရိုက် ခံတပ်ကြီးကဲ့သို့လည်းကောင်း ခိုင်လုံလှသည် မဟုတ်သည့်အတွက် ဗုန်းဒိုင်း ဗုန်းဒိုင်း ထိမှန် ပြိုပျက်ရလေတော့ရာ အား လျှော့ဘိသကဲ့သို့-

'နုနုကတော့ ကျီစားတာ။ ကိုကိုကတော့ အဟုတ် လုပ်တာပဲ မကောင်းဘူး။ နုနု တစ်ခါမှ ဒီလို မဖြစ်ဖူးဘူး၊ သိပ်ကြောက်တာပဲ၊ လွှတ် ပါတော့'

ဟု တောင်းပန်သည့်တိုင်အောင် အောင်သင်းမှာ ပါးချင်း မေ့ရာက-

'နုနုကို ဘယ့်နှယ်လုပ်သေးလို့လဲ၊ နုနုက ကိုကို့ကို ကျီစားလို့ ကိုထို

ကလည်း ပြန်ပြီး ကျီစားတာပဲ။ ဘာဖြစ်မှာလိုက်လို့ နုနုရာ။ ချစ်လို့ပေါ့ နော်... ချစ်လို့... ချစ်လို့'

ဟု မေးလေးကြီးနှင့် ပြောနေသည့်အတွက် နုနုမှာ အောင်သင်းအား ဘွန်းဖယ်ရင်း လူးလဲထရာက–

'ဟုတ်တယ်၊ ဒီ့ပြင်စကား ပြောစရာ မရှိဘူးလား။ သူ့မှာဖြင့် ချစ်လို့ ... ချစ်လို့နဲ့။ ဒါနဲ့ပဲ လဲ့လဲ့တုန်းကလည်း ကိစ္စများကုန်တာ။ နုနုတော့ မရဘူး ဆရာ၊ မချစ်နဲ့တော့၊ နုနု အချစ်မခံနိုင်သေးဘူး'

'ဘာဖြစ်လို့လဲ နုနုရဲ့' ဟု ရယ်ရင်း မေးသည့်အတွက်–

'လဲ့လဲ့မှာ ဒီလို အချစ်ခံလိုက်တာ ဘာဖြစ်သွားသလဲ၊ ပြီးတော့ ကိုကို့ဟာကလဲ လဲ့လဲ့ကျတော့လဲ ချစ်တယ်... ချစ်တယ်နဲ့။ နုနုကျတော့လဲ ချစ်တယ်... ချစ်တယ်နဲ့။ ဒီလိုပဲ ထုံးစံရှိသလား။ နုနုတော့ ဒါမျိုး အလေ့မရှိဘူး သိရဲ့လား'

ဟု နှုတ်ခမ်းကလေးစူကာ ပြောနေပြန်သဖြင့်–

အောင်သင်းမှာ တဆတ်ဆတ်တုန်နေသော နုနုအား ကြည့်ရင်း 'ဟဲ... ဟဲ... ဟဲ... ဟဲ'နှင့် လေးလေးကြီး ရယ်ရာက–

'အေး... အေး... အလေ့ မရှိသေးလို့ ချမ်းသာပေးလိုက်တာ။ နောက် တစ်ခါ ချစ်ရရင်တော့ ဟင်း...'

ဟု အံကြိတ်ကာ မျက်လုံးပြူးပြူးနှင့် ပြုံးကြည့်နေသဖြင့်–

'ဟင်... ဒါဖြင့် နုနု ကြောက်တယ်၊ ပြန်တော့မယ်'

ဟု နေရာမှ ထကာ ပြန်မည်ပြုသည်တွင်–

'ဟော့... မပြန်ရသေးဘူး၊ နေဦး'

ဟု ပြောပြောဆိုဆို လက်ကိုဆွဲလိုက်မှ နုနုလည်း မူလနေရာတွင် ပင် ဖတ်ခနဲ ပြန်၍ ထိုင်လျက်သား ဖြစ်သွားသည်တွင်–

'အို... ဘာလုပ်ဦးမလို့လဲ။ နုနု ကြောက်တယ် ဆိုနေမှ'

'ဘာမှ မလုပ်ပါဘူး။ ဒီမယ် နုနုကို ပြောစရာ ရှိလို့ပါ'

'ဘာပြောမလဲ၊ ပြောချင်ရင် ပြော၊ လက်တွေတော့ ဟောဒီလို နုနု ကိုင်ထားမှာ ဆရာ'

ဟု ပြောရင်း အောင်သင်း၏ လက်နှစ်ဖက်ကို လက်ထိပ်ခတ်သလို ကြက်ခြေခတ်ပူးကာ ကိုင်ထားလျက် အောင်သင်း၏ မျက်နှာကို မချိုမချဉ် ကြည့်နေသည့်အတွက်–

'အကောင်း ပြောမလို့ပါ နုနုရဲ့၊ ဒီနေ့မနက် ထမင်းစားပြီး အိပ်ချင် တာနဲ့ ခုတင်ပေါ်မှာ လှဲရင်း တောင်တွေးမြောက်တွေး တွေးနေတုန်း အိပ် မပျော့်တပျော်မှာ ကိုအောင်သင်းလို့ နားထဲမှာ ခေါ်သံလိုလို ကြားတာနဲ့ အိပ်မက်လား၊ တကယ်လားတော့ ကိုအောင်သင်း မမှတ်မိတော့ဘူး။ လှည့် ကြည့်လိုက်တော့ လှဲလှဲဟာ ကိုအောင်သင်းကို ကျောခိုင်းပြီး ရပ်နေသလိုလို တွေ့ရတယ်။ သူ့ကြည့်ရတာ မျက်နှာကို လက်နှစ်ဖက်နဲ့ အုပ်ပြီး ငိုနေသလို ပဲ နုနုရဲ့။ ပြီးတော့ တဖြည်းဖြည်း ပျောက်သွားတယ်။ ကိုအောင်သင်းလဲ အိပ်ပျော်သွားတာ။ နုနု လာပြီး နှိုးတော့မှ နိုးတာပဲ'

'ဒါတော့ ကိုကိုကလဲ စိတ်စွဲ၊ ဟိုကလဲ စိတ်စွဲတုန်းမို့ အိပ်မက် မြင်မက်တာ ထင်ပါရဲ့'

'စွဲရပြီလား နုနုရယ်၊ စွဲရတာတော့ မပြောနဲ့တော့။ မိုက်တဲ့ မျက်စိ ထဲတောင်မှ စွဲစွဲနေလို့ ခက်တာပေါ့။ မစွဲစွဲအောင် လုပ်ခဲ့သူမို့ စွဲရတယ်'

'ပါးစပ်ထဲက ပြောတော့ဖြင့် လှဲလှဲကို စွဲတယ်... စွဲတယ်နဲ့ လွှမ်းလို့။ သူများဖြင့် ကြားထဲက သေရတော့မယ်။ "စပ်ကြားက နတ်ဖားတယ်"ဆိုတာ ကျနေတာပဲ'

ဟု ပြုံးပြုံးကလေး စူနေသည့်အတွက် အောင်သင်းမှာ မရူးမရဲ ဖြစ်သည့်တိုင်အောင် အနိုင်နိုင် ချုပ်တည်းလိုက်ရပြီး–

'ဒါထက် နုနုရယ်၊ သံကြိုးတော့ ရလောက်ရောပေါ့နော်။ ရရချင်း လိုက်လာမယ်ဆိုရင် ဒီနေ့ဖြစ်ဖြစ်၊ နက်ဖြန်ဖြစ်ဖြစ် ရောက်ကောင်းပါရဲ့။ သူ မလာနိုင်ရင် အကြောင်းကြားမှာပေါ့နော်'

ဟု တွေးတောသလို ပြောရင်း အောင်သင်းမှာ ငေးမောနေလေ၏။ ထိုအခိုက်တွင် အိမ်ရှေ့၌ မော်တော်ကားတစ်စီး ဝင်လာကာ ထိုးရပ်သံကို ကြားရသဖြင့်–

'ဟော... ပြောရင်း ဆိုရင်းနဲ့ လာပြီ ထင်ပါရဲ့'

ဟု အံ့အားသင့်စွာ တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ကာ ကြက်သေ သေနေကြပြီးမှ ပြိုင်တူ အပြင်ဘက်သို့ ပြေးထွက်လာကြလေ ရာ၊ အိမ်ရှေ့သို့ ကြည့်လိုက်သည်တွင် မော်တော်ကားအတွင်း၌ ရှေ့ခုံတွင် မမ်းတစ်ယောက်နှင့် ဒရိုင်ဘာ ထိုင်လျက်၊ နောက်ခုံတွင် မြအေးနှင့် ခင်လှဲ ထိုင်နေသည်ကို တွေ့ရလေ၏။

ဒရိုင်ဘာက တံခါးကို ဖွင့်ပေးသည့်အတွက် မြအေးလည်း ဆင်းလာ ပြီးနောက် နုနုတို့ အိမ်ဘက်သို့ ထွက်သွားပြီးလျှင်၊ လှဲလှဲမှာ ဆင်းလာကာ အိမ်ဝတွင် ရပ်နေသော နုနုနှင့်အောင်သင်းတို့အား တစ်ချက်မျှ မော့ကြည့် ကာ တည့်တည့်ကြီးပင်လျှင် လျင်မြန်စွာ အိမ်ပေါ်သို့ တက်လာသည့်အတွက် အောင်သင်းရော နုနုပါ–

'ဟော... လှဲလှဲ၊ ဝမ်းသာလိုက်တာ လှဲလှဲရယ်'

ဟု ပြိုင်တူပြောရင်း ကြက်သေ သေကာ ရပ်နေကြစဉ်ပင် လှဲလှဲမှာ ရပ်သုတ်သုတ် ရှေ့ကသွားကာ၊ လှေကားသို့ ရောက်သည်တွင် အိမ်ပေါ်သို့ တက်သွားသည့်အတွက် တစ်ဖန် အံ့အားသင့်ပြန်ကာ တစ်ဦးကိုတစ်ဦး မျက်နှာပျက်စွာ မျှော်ကြည့်ရင်း–

'တစ်ခုခုတော့ အရေးကြီးလာပြီ ထင်တယ် နုနု'

'ဘာဖြစ်လာသလဲ မသိဘူး။ မျက်စိတော့ ပြန်ပြီး မြင်နေပြီ။ ရှမ်း ပြည်မှာ ဘာဖြစ်လာသလဲ မသိဘူး'

ထိုအခိုက်တွင် အိမ်ပေါ်ထပ်မှ ရှိုက်သံ၊ ငိုသံ ကြားရပြန်သည့်အတွက် နုနုရော အောင်သင်းပါ ပြေးတက်သွားကြကာ လှဲလှဲ၏ အခန်းတွင်းသို့ ဝင်ကြသည်တွင် လှဲလှဲမှာ ခုတင်ပေါ်တွင် ခြေတွဲလဲချရင်း ထိုင်ကာ ဆံပင် လည်း နောက်သို့ ဖားလျားချလျက် မျက်နှာကို လက်ဝါးနှစ်ဖက်နှင့် အုပ်ကာ ရှိုက်လျက် ငိုနေသည်ကို တွေ့ရကား–

'ဟင်... လှဲလှဲ၊ ဘာဖြစ်လာခဲ့တာတုံး လှဲလှဲရဲ့'

ဟု ပြိုင်တူ မေးကာ နုနုရော အောင်သင်းပါ လှဲလှဲ၏ ဘေးနှစ်ဖက် မှ ဝင်ရောက်ကာ လှဲလှဲအား ပွေ့လိုက်ကြသည်တွင် လှဲလှဲအား မပွေ့မိကြ ဘဲ တစ်ဦးကိုတစ်ဦး ပွေ့မိလျက်သား ဖြစ်နေကြတော့၏။

ဤတွင်မှ ခေါင်းနားပန်းကြီးကာ ကြက်သီးမွေးညင်းထလျက် ထိတ်လန့် တုန်လှုပ်မိကြပြီး တစ်ဦးမျက်နှာကို တစ်ဦးကြည့်ရာက–

'လာ... နုနု၊ မဟုတ်ဘူး တစ်ခုခုပဲ'

ဟု ပြောရင်း နုနုအား ဖက်ကာ ထွက်လာကြလေ၏။

အခန်း (၂၁)

မြအေးမှာလည်း ဦးကောင်းတို့ ရှိသည့်အထင်နှင့် နုနုတို့ အိမ်ဘက်သို့ ထွက်သွားလေရာ၊ မတွေ့ရသည့်အတွက် ပြန်လာသည်တွင် နုနုနှင့် အောင်သင်းကို တွေ့ရလေရကား–

'အမယ်လေး နုနုရဲ့၊ မမလဲ့ ဆုံးပြီ... ဆုံးပြီ...'

ဟု ရှမ်းသံကလေး ဝဲဝဲနှင့် ပြောရင်း ငိုလေရကား အောင်သင်းရော နုနုပါ မျက်ရည်တွေတွေ ကျမိကြပြီးလျှင်–

'လာစမ်းပါဦး မြအေးရဲ့၊ ဘယ်ပုံ ဖြစ်ရတာလဲ'

ဟု မေးရင်း မြအေးအား ခေါ်ကာ နေရာတကျ ထိုင်စေပြီးမှ ပြော စေသည့်အတွက် မြအေးလည်း ရှိုက်ခါရှိုက်ခါ ငိုရင်းက–

'မမလဲ့ ဖြစ်ပုံ သနားလွန်းလို့ မပြောတောင် မပြောချင်ဘူး နုနုရယ်၊ ဒါပေမဲ့ မြအေးရယ်... ညည်းဆက်ဆက်သွားပြီး ပြောဖြစ်အောင် ပြောလိုက် ပါ ဆိုလို့ အတန်တန်မှာခဲ့လို့ ပြောရတော့မယ် နုနုရယ်။ မမလဲ့တော့ လျှော့ ငြိမ်းသွားတာပဲ။ သေခါနီးလို့ သတိလစ်သွားတဲ့အခါများ နုနု... နုနု၊ ကိုအောင် သင်း မလာသေးဘူးလား၊ ကိုအောင်သင်းနဲ့... တတွတ်တွတ် ပြောနေတာ ပဲ။ သတိရတဲ့အခါမှာသာ ဘုရား... ဘုရား... တပြီး ဝေဒနာကို ကြိတ်မှိတ် ခံရှာတယ် နုနုရယ်။ သိပ်ပြီး သနားစရာ ကောင်းတာပဲ'

ဟူသော စကားကို ကြားရလျှင် အောင်သင်းမှာ မျက်ရည်ပူကြီးများ ကျလျက် ရင်ထဲတွင် ဆို့တက်လာသည့်အလျောက်–

'ဟင်... လဲ့လဲ့... လဲ့လဲ့...' ဟု ညည်းတွားရှုံမှုသာ ညည်းတွားနိုင် တော့လေ၏။

'ရှမ်းပြည်ကို ပြန်ရောက်ကတည်းက သူ စိတ်လက် မကြည်မသာ

နဲ့ ခါတိုင်းလို မဟုတ်ဘူး နုနုရဲ့။ အခန်းထဲက ထွက်တယ်လဲ မရှိဘူး။ သူ့ဆီလဲ ဘယ်သူ့မှ ဝင်ခွင့်ထွက်ခွင့် မပေးဘူး။ အစ်မတော် ဘုရားနှင့်သာ အများအားဖြင့် စကားပြောလေ့ရှိတယ်။ သေခါနီး ၇ ရက်လောက်ကျမှပဲ ကျွန်မကို အတွင်းလူယုံ လုပ်ပြီး ပြောချင်တာတွေ ဖွင့်ပြောတယ်။ ကျွန်မ ကလဲ ဒီလို ပိုးစိုးပက်စက် သူ ကြံစည်လိမ့်မယ်လို့ မထင်တော့ အမှတ်တမဲ့ နေမိတာနဲ့ သူ့အကြံ အောင်သွားတာပါပဲ။

'မြအေး... နုနုဆီက စာမလာဘူးလား၊ တစ်လကျော်ခဲ့ပြီနော်။ ငါ့မှာလဲ ဘာရေးနိုင်တဲ့ ဘဝမျိုးကလဲ မဟုတ်။ တယ်ခက်ပါကလား မြအေးရယ်တဲ့။ ငါ့ကုသိုလ်က ဒီထိအောင် လိုက်ပြီး အကျိုးပေး ဆိုးသေးတယ်နော်တဲ့။ တစ်နေ့ တစ်နေ့ ရက်ကိုသာ တွက်နေတာပဲ ထင်ပါရဲ့ နုနုရယ်။ အခန်းထဲက မထွက်တော့ဘူး။ မသေခင် တစ်နေ့တာတော့ ကျွန်မကို ခေါ်ပြီး ဘုရားပန်း တွေ၊ ညောင်ရေအိုးပန်းတွေ သူကိုယ်တိုင်လဲတယ်။ ဘုရားကလေးကိုလဲ ရွှေအပြည့် ချခိုင်းတယ်။ တစ်နေ့လုံး ဘုရားရှေ့က ထတယ်မရှိဘဲ ဘုရား ပုတ်ပြုလိုက်၊ ပုတီးစိပ်လိုက်နဲ့။ ပါးစပ်ကလဲ တတွတ်တွတ်နဲ့ ဘာတွေ ပြောတယ် မသိဘူး၊ ညလဲကျရော ၉ နာရီ၊ ၁၀ နာရီလောက်မှာ သူ့ အခန်းထဲ ကျွန်မဝင်ပြီး နင်းနှိပ်ပေးရင်း သူ စကားပြောနေတာ အကောင်း သားပဲ'

'ဘာတွေ ပြောခဲ့သလဲ မြအေးရဲ့'

'ရှေ့လကျရင် ငါလဲ ဒီမှာ မနေတော့ဘူး။ မန္တလေးဖြစ်ဖြစ်၊ မေမြို့ ဖြစ်ဖြစ် သွားနေဦးမယ်။ ညည်းတို့ကို မခေါ်တော့ဘူးတဲ့။ ငါမရှိတဲ့ အခါကျရင် ငါ့အကြောင်းတွေ၊ ငါပြောခဲ့တာတွေကို နုနုတို့ဆီ သွားပြီး ဆက်ဆက် ပြောဖြစ်အောင် ပြောပါတဲ့။ သူတို့နဲ့ ငါနဲ့လဲ တွေ့ချင်မှ တွေ့မှာဆိုတော့ ကျွန်မကလဲ သူ တကယ်ပြောနေတယ် အောက်မေ့လို့ စိတ်ချပါ မမလဲ့ရယ်၊ မြအေး သွားပြောပါ့မယ်၊ ဒါပေမဲ့ မမလဲ့ သွားတဲ့ဆီကိုတော့ မြအေးလဲ လိုက်ချင်တာပဲလို့ ဆိုတော့ သူက ပြုံးပြုံးကလေးနဲ့ ညည်းလိုက်ချင်ရင်လဲ လိုက်ခဲ့တာပေါ့တဲ့'

'အနို့... ဘယ်အချိန်လောက်မှာ ဆုံးသလဲ'

'ဒါနဲ့ ၁၀ နာရီခွဲလောက်မှာ ကျွန်မလဲ ပြန်ထွက်လာလို့ သူပြောတာတွေ စဉ်းစားရင်းနဲ့ တော်တော်နဲ့ အိပ်မပျော်ဘဲနေတာ။ ၁၂ နာရီခွဲလို့ မှေးမှေးလဲ ပျော်ရော သူ့အခန်းထဲက ညည်းသံ၊ လိုမ့်သံတွေ ကြားတာနဲ့ ကပျာကယာ ထပြီး အခန်းထဲ ပြေးဝင်သွားတော့ မကြည့်ရက်ပါဘူး နုနုရယ်၊ တစ်ကိုယ်လုံး ချွေးစေးတွေပြန်ပြီး အဝတ်အစားတောင် မကပ်တော့ဘဲ လူးလိုက်၊ လိမ့်လိုက်နဲ့။ မြအေးလားတဲ့၊ မမနွဲ့ကိုသာ ခေါ်ပေးပါတော့ မြအေးရယ်တဲ့။ ငါ မနေရတော့ဘူးဆိုတာနဲ့ ကျွန်မလဲ အမယ်လေးလို့ အော်ငိုပြီး အိမ်သားတွေနှိုး၊ သူ့ဆီမှာ ထားခဲ့ပြီး မမနွဲ့ကို သွားခေါ်ရတာပေါ့'

'သူ… ဘာကို သောက်သလဲ မြအေးရဲ့'

'ကျွန်မ ဝင်သွားတော့ လက်ထဲမှာ ပုလင်းပြာပြာကလေး ကိုင်ထားတာ တွေ့ရတယ်။ နောက်လူတွေ ဝင်သွားတော့ ဘာမှ မတွေ့ရဘူး ပြောတာပဲ။ အဆိပ်ပေါ့ နုနုရယ်။ အဲဒီလိုနဲ့ အားလုံး မကြံတတ်၊ မကယ်တတ်နဲ့ ဆရာဝန်ဆီ ပြေးတဲ့လူကလဲ ပြေး။ လူတွေလဲ ယောက်ယက်ဆန်ခတ်သာ ဖြစ်နေတယ်။ မကယ်နိုင်ကြတော့ဘူး။ ဆရာဝန်ကလဲ အစွမ်းကုန် ကြိုးစားတာပါပဲ နုနုရဲ့။ တဖြည်းဖြည်းနှင့် လူးလိမ့်ရာက နာရီပြန် တစ်ချက်ကျော်လောက် ကျရော ဆုံးတာပါပဲ။ ဆုံးတော့မှပဲ သူ့ဇာတိ လုံးလုံးပေါ်တာကိုး နုနုရဲ့။ ကိုအောင်သင်းလဲ ရှိပါရဲ့။ နားနဲ့မနာ၊ ဖဝါးနဲ့နာပါနော်။ ကိုအောင်သင်းတော့ ပြောဖြစ်အောင် ပြောရတော့မှာမို့ ပြောရဦးမယ်။ ဆရာဝန်က စမ်းသပ်ကြည့်ပြီး မမနွဲ့ကို အပြင်ခေါ်သွားပြီး တိုးတိုးပြောတယ်။ ဒီတော့မှ မမနွဲ့မှာလဲ အံ့အားကြီး သင့်ခြင်းကြီးမက သင့်ပြီး ဖြစ်မှ ဖြစ်ရလေခြင်းလို့ မထွေးနိုင်၊ မအန်နိုင်ကြီးဖြစ်ပြီး နေရာတွင် တက်သွားလိုက်တာ။ ကံကောင်းလို့ ညီအစ်မ နှစ်လောင်းပြိုင် မချရတာကလား နုနုရယ်'

ဟု ပြောသည့်အတွက် အောင်သင်းမှာ အံကြိတ်ကာ မိမိရင်ဘတ်ကို လက်သီးဆုပ်ကြီးဖြင့် တဖုန်းဖုန်း ထုရာက–

'ဖြစ်မှ ဖြစ်ရလေခြင်း လဲ့လဲ့ရယ်၊ ဒီကောင့်ကြောင့်… ဒီကောင့်ကြောင့် … ဒီကောင် မိုက်လွန်းလို့'

ဟု အံတကြိတ်ကြိတ်ဖြင့် မိမိကိုယ်ကို ကြိတ်မနိုင် ခဲမရဖြစ်တိုင်း ဘဟင်းဟင်း... တဟဲဟဲနှင့် ငိုရာက–

'ခက်ပြီး နုနုရယ်၊ ကိုအောင်သင်း ခက်ပြီ။ လဲ့လဲ့ သွားတဲ့လမ်းကို ကိုအောင်သင်း လိုက်ဖို့ပဲ ရှိတော့တယ်'

ဟု တညည်းညည်း ပြုနေသည်နှင့်–

'အို... ကိုအောင်သင်းကလဲ'

ဟူ၍သာ နုနုမှာ မျက်ရည်စက်လက်ဖြင့် အောင်သင်းကို တွန်းလိုက်ရင်း မြအေးဘက်သို့ လှည့်၍–

'ကဲ မမြအေး၊ ပြောစမ်းပါဦး' ဟု မေးမှပင်–

'မမန္တကလဲ ကျွန်မကိုခေါ်ပြီး မေးတယ်။ သူ တတွတ်တွတ် ပြောနေတဲ့ ကိုအောင်သင်းဆိုတာ ဘယ်သူလဲ၊ ဘာလဲနဲ့ မေးတော့ ကျွန်မလဲ သိသမျှတွေ ဖွင့်ပြောရတာပဲ။ ဒီလိုဆိုရင် ညည်းတို့ အစက ငါ့ကို ဖွင့်ပြောပါလားအေ တဲ့။ ငါကိုယ်တိုင် လိုက်ပြီး ခေါင်းနဲ့ ရွက်မခေါ်ရပါလားတဲ့။ အခုတော့ အမိုက်မကြီး အသက်သေတဲ့ဆီတိုင်အောင် သူ့ဇာတ် သူဖုံးသွားပေမဲ့ ငါသိရလို့ ဘယ်နည်းနဲ့မှ ငါ မကျေနပ်နိုင်တော့ဘူးအေ ဆိုပြီး ရင်ထု ငိုတော့တာပါပဲ။ မလဲ့လဲ့ စိတ်ထဲမှာ၊ ဆွေမျိုးတွေရှေ့မှာ အရှက်ကွဲတော့မှာကိုလဲ စိုးရိမ်၊ သူ့မှာလဲ ဒုက္ခိတ ဘဝကြီးနဲ့မို့ ရှေ့ကို ဖြစ်မယ့် ဘေးတွေ တွေးပြီး စိုးရိမ်၊ ဒီရက်ထဲမှာ မမန္တ ကိစ္စကလဲ မပြီးသေးတော့ ပြန်မလာနိုင်တာ၊ အကျိုးအကြောင်း မသိရတာ။ အဲဒါတွေ အကုန်လုံး ရှုပ်ပွေပြီး နောက်ဆုံး သေရင် အေးမှာပဲလို့ ကြံလိုက်တာပါပဲ နုနုရဲ့'

'ကိုအောင်သင်းနဲ့ ပတ်သက်ပြီးတော့ ဘာတွေ မေးသလဲ မြအေးရဲ့'

'သူ့ညီမ သဘောနဲ့ ဒီလိုဖြစ်တာလား၊ မတရား နှိပ်စက်ညှဉ်းပန်းပြီး အရှက်တကွဲ အကျိုးနည်းဖြစ်အောင် လုပ်လို့ ဒီလိုဖြစ်ရတာလားဆိုပြီး ရန်ကုန်လာနေတဲ့ လူတွေအားလုံးကိုပဲ စစ်တာပေါ့။ ဒါပေမဲ့ ကျွန်မတို့ အားလုံးပဲ မျက်မြင်ဖြစ်နေတော့ အရင်းအမြစ်က စပြီး မြင်တာ၊ သိတာတွေ မှန်တဲ့အတိုင်း ဖွင့်ပြောကြတာကလဲ လေးငါးခြောက်ယောက်ဟာ တစ်ပါး

စပ်ပေါက်တည်းကလို ဖြစ်နေတာနဲ့ ဒီအတွက်ဖြင့် ဒါလောက် မိုက်ရသလား ညီမရယ်။ တစ်သက်မှာ တစ်လင် တစ်မယား ယူကြတာ။ ဘယ်သူက ဘာပြောဦးမှာတဲ့လဲ။ အမယ်လေး ကိုယ့်မီး ကိုယ်မွေးပြီး ဘယ်သူမှ အသိ မပေးဘဲနဲ့ ညည်း ရက်ရက်စက်စက် လုပ်ရက်လေခြင်းနော်။ ညည်း ကြံရက် လေခြင်းလို့သာ တဖျစ်တောက်တောက်နဲ့ ကျန်ခဲ့တာပေါ့ နုနုရယ်။

'အလောင်းကို ၃ ရက် ထားတယ် နုနုရဲ့။ မျက်နှာ တစ်ပတ် မညိုး ဘူး။ သေတော့မှ လှလိုက်တာ နုနုရယ်၊ ပြချင်စမ်းလှတယ်။ မီးသငြိုဟ်တဲ့ နေ့မှပဲ နုနုဆီက ကိုအောင်သင်း ရောက်ပြီဆိုတဲ့ သံကြိုးကို ရတာပါပဲ'

စသည်ဖြင့် မြအေးမှာ ဖြစ်သမျှ အကြောင်းအရာ စုံစေ့စွာ ခရေစေ့ တွင်းကျ ပြောဆိုရင်း မိမိမှာ ဤအကြောင်းများကို ပြောကြားရန်နှင့်တကွ ရန်ကုန်ရှိ ပစ္စည်းများ သိမ်းဆည်းရန် လာခဲ့ရကြောင်းများပါ ပြောပြလေရာ နုနု၊ အောင်သင်းနှင့်တကွ မြအေးပါ ဤအိမ်ကြီးတွင် ယခင်က လဲ့လဲ့နေခဲ့ပုံ လက်ရာ ခြေရာများကို တစိမ့်စိမ့် တွေးတောပြောဆိုရင်း ငိုပွဲဆင်နေကြ လေတော့သတည်း။

"အကြင်ယောကျာ်း၊ တပ်သောအားဖြင့်၊ မယားသားဆု၊ ရမှုတောင်း မူ၊ ထိုသသူအား၊ တူမနေဘဲ၊ သေမင်းခွဲသော်၊ ကြေကွဲပူလော၊ ဖြစ်စေသော ဟု၊ သဘောပန်နက်၊ ကျိန်စာရွက်သည်၊ မည်၏လည်းကောင်း "ဟူသော စကားအထပ်ထပ် တောင့်တ ကြံစည်အပ်သော အရာဟူသမျှတို့ပင်လျှင် ယခုအခါ လွှမ်းအောင်ပူဆွေး ဒုက္ခရောက်လေအောင် ဆုတောင်း ဆုယူ ပြုမူခဲ့သည်နှင့်မခြား ပရိဒေဝ မီးပွားမှာ တစ်စတစ်စ ကြီးမား လောင်မြိုက် ခဲ့သည် ဖြစ်သဖြင့်လည်း၊ နာလန်ထဖြစ်သော အောင်သင်းမှာ စိတ္တဇ ဝေဒနာ ပါ တစ်ဖန် ဖိစီးခြင်းကြောင့် အိပ်ရာထဲတွင် ပြန်လဲရသော ဘဝမျိုးသို့ ရောက်ရပြန်လေတော့၏။ အကုသိုလ်မှာ ဆက်ကာဆက်ကာ ဖိစီးခဲ့ချေပြီ။

## အခန်း (၂၂)

'နုနု... နုနု'ဟု အောင်သင်းက အသံလေးလေးကြီးဖြင့် အိပ်ရာထဲမှ ခေါ် သည့်အတွက် ဒေါ်မြတ်မှာ အပြင်ခန်းတွင် ညောင်ရေအိုးများ လဲနေရာမှ မီးဖိုခန်းဘက်သို့ လှည့်၍–

'သမီးရေ၊ ဘာလုပ်နေသလဲ ဟေ့...'

ဟု မေးလိုက်သဖြင့်–

'ဒီမယ် ကိုကို သောက်ဖို့ ရွှေးနို့ ကျိုနေတယ် မေမေ။ ဖေဖေလဲ စောစောစီးစီး သွားမှာမို့ စောစော မနက်စာ စားနိုင်အောင် သမီး လုပ်နေတယ်'

ဟု နုနု၏ အသံစာစာကလေးကို ပြန်ထူးသံ ကြားမှပင်–

'ဒီမယ် မောင်အောင်သင်း ခေါ်နေတယ်'

'ဩော်... ကိုကို၊ ဘာခိုင်းမလို့လဲ ကိုကို'

ဟု ဤတွင်မှ နုနုလည်း ပျာပျာသလဲ လက်ကိုသုတ်ကာ၊ လက်မောင်းရင်းအထိ လိပ်တင်ထားသော အင်္ကျီလက်ကလေးကို ဖြေချရင်း အခန်းတွင်းသို့ ဝင်သွားမှပင် အောင်သင်းမှာ ခုတင်ပေါ်မှ မလှုပ်မရှားနိုင်သော ခန္ဓာကိုယ်ကို အနိုင်နိုင် အားယူလျက် ထကာ၊ နုနုအား လက်ရပ်ခေါ်ကာ မိမိ ခုတင်အနီးရှိ ကုလားထိုင်တစ်လုံးတွင် ထိုင်စေပြီး–

'နုနု... ဒီကနေ့ ကိုကို ရေချိုးရတော့မလား' ဟု မေးသည့်အတွက်–

'အို... မဟုတ်တာ ကိုကိုကလဲ အဖျားဒီဂရီ ၁၀၂ ရှိတယ်။ ရေချိုးလို့ ဖြစ်မတဲ့လား'

'ပြဒါးချိန်က အလကားပါ နုနုရယ်။ ကိုကို ကျန်းမာပါပြီ။ အားရှိပါတယ်'

'ဟော... ကိုကို ပြောရော့မယ်။ ရေချိုးမှားလို့ ခေါက်ခနဲ ဖြစ်သွားမှဖြင့် ပြီးပါလေရော။ ဘာဖြစ်လို့ ဒါလောက် အလောတကြီး ရေချိုးချင်ရတာလဲ'

အောင်သင်းမှာ "ဟင်းခနဲ" သက်ပြင်းချလိုက်ပြီး အားလျော့ဘိသကဲ့သို့ မိမိကိုယ်ကို ခေါင်းအုံးပေါ်သို့ လှန်ချရင်း မျက်ရည်များမှာ ပါးပြင်ပေါ်သို့ အသွယ်သွယ် စီးကျလေရာ နုနုမှာလည်း ကြည့်ရင်းပင် ဓာတ်ကူးလာသည်နှင့် မခြား၊ မျက်ရည်များ လည်လာပြီးမှ အနိုင်နိုင်အားတင်း၍ စိတ်ကို ချုပ်တည်းလိုက်ရင်း–

'ကိုကိုကလဲ သိပ်ဆိုးတာပဲကွယ်။ ဒီစိတ်တွေ ဖျောက်ပါလို့ နုနု

ခဏ ခဏ သတိပေးတာ။ နုနု စကားလည်း နားမထောင်ဘူး။ သိပ်စိတ်ညစ်တာပဲ'

'နု... နု... မင်း မသိဘူးကွယ်။ ကိုကို လူ့ပြည်မှာ ကြာရှည်နေရတော့မယ် မဟုတ်ဘူး'

ဟု ပြောရင်း မျက်လုံးကြီးလည်လည်နှင့် နုနုအား ကြည့်ကာ မျက်ရည်ပေါက်ကြီးများမှာ လိမ့်၍လိမ့်၍ မျက်လုံးအိမ်မှ ထွက်နေလေရာ–

နုနုက– 'ဒို... ဒို... ဒီလိုချည်းပဲ နေ့ရှိသမျှ ငိုနေလိုက်တာ အခုတစ်လပြည့်တော့မယ်။ ဖျားလိုက်တာ အိပ်ရာထဲက မထနိုင်သေးဘူး မဟုတ်လား။ ဘယ်သူမပြု မိမိမှုတဲ့။ ကိုယ့်ကိုယ်ကိုယ် ညှဉ်းဆဲနေတာ။ နုနုကြားထဲက မသနားဘဲ မနေနိုင်လို့ ဝင်ပြောပေမဲ့ အလကားပဲ'

ဟု နုနုတွင်လည်း မျက်ရည်လည်လည်နှင့် စိတ်ဆိုးသလို နှုတ်ခမ်းကလေး စူစူနှင့် ပြောမှ–

'ကိုကို မနေနိုင်တော့ဘူး နုနုရဲ့။ ဖွင့်ပြောတော့မယ်။ ကိုကို ရှမ်းပြည်ကို မသွားလို့ မဖြစ်ဘူး၊ လဲ့လဲ့ဟာ ညတိုင်း ညတိုင်း ကိုကို့ကို အိပ်မက်ပေးပြီး ခေါ်တယ်။ သူ့သချိုင်းကလေးကို အရောက် ကိုကို သွားချင်တယ်ကွယ်၊ သွားရမယ်။ ဟိုကျမှ ဗုန်းခနဲလဲပြီး သေရင်လဲ ဒီဝဋ်က ကျွတ်မှာပါပဲ။ ဒါလောက် ဝဋ်ကြီးလှတာ'

နုနုမှာ အောင်သင်း၏ဆီးသို့ ဝင်ထိုင်ကာ နောက်တစ်ကြိမ် ထမည်ဖြစ်သော အောင်သင်း၏ လက်ကို ဝင်ဆွဲလိုက်မှသာ အောင်သင်း ငြိမ်သွားလေ၏။

ဤသို့လျှင် အောင်သင်းမှာ နုနုတို့အိမ်တွင် တစ်လနည်းပါးခန့် လူမမာကြီး လုံးလုံးဖြစ်ကာ လဲနေလေရာ၊ နုနုတို့မှာလည်း သွေးသား ရင်းနှီးသည်နှင့်မခြား စောင့်ရှောက် ပြုစု ကုသကြလေတော့၏။ ဦးကောင်းနှင့် ဒေါ်မြတ်မှာလည်း အကြောင်းမျိုးစုံ သိပြီးသည့်အလျောက် အောင်သင်းအပေါ်တွင် သနားကရုဏာ သက်ကြလေ၏။

နုနုကား အတွင်းကျကျ အသိဆုံးဖြစ်သဖြင့် အောင်သင်းအပေါ်မှာသာ၍ ကရုဏာ သက်မိလေရာ၊ ဤတွင်လည်း အောင်သင်း၏ မကျန်းမာ

ခြင်းနှင့် ပတ်သက်၍ ပြုစုရာတွင် အထူးအရေးပါ အရာရောက်သော အခန်းမှာ ကိုယ်တိုင် ကျင်လည်စွာ အရာရာ ဆောင်ရွက်ပေးသူကလေး ဖြစ်လာပြန်လေရာ၊ အောင်သင်း အပေါ်ဝယ် နုနု၏ ကရုဏာမှာ အဘယ်မျှ ထုထည်ကြီးမားလာသည်ကိုကား ဇာတ်လမ်းအားဖြင့်သာ ဖော်ပြဖွယ်ရာ ရှိလေတော့၏။

ထိုနေ့ကား ဦးကောင်းနှင့် ဒေါ်မြတ်တို့မှာ ကိစ္စတစ်ခုအတွက် အိမ်မှ ထွက်သွားကြသောအချိန် ဖြစ်လေ၏။ အိမ်တွင်ကား နုနု၊ အောင်သင်းနှင့် ထမင်းချက် မြရှင်တို့သာ ရှိလေ၏။ အောင်သင်းကား အနည်းငယ် ကျန်းမာစပြုပြီ ဖြစ်သောကြောင့် ရေချိုးပြီးဖြစ်လေရာ ရက်ပေါင်းများစွာ သုတ်သင်ရှင်းလင်းခြင်း မပြုရသော ဗိုလ်ဆံထောက်ရှည်ကြီးများ၊ ပါးသိုင်းမွေးများ၊ မုတ်ဆိတ်မွေးများကို အိမ်တွင်ပင် ဆံပင်ညှပ် ကုလားတစ်ဦးအား ခေါ်၍ သုတ်သင်ရှင်းလင်းလေ၏။

ပြီးမှပင် အဝတ်အစားများ လဲလှယ်ကာ ရေမိုးချိုးပြီးနောက်– 'နုနု... နုနု...'ဟု ခေါ်သဖြင့် 'ဘာလဲ ကိုကို' ဟု နုနုမှာ ထူးရင်း အနီးသို့လာ၍ ရပ်လေမှ–

'ကဲ... နုနု ဖွက်ထားတဲ့ ကိုကို့ သေတ္တာကလေးဟာ ပြန်ပေးပါလား ကွယ်'

'အို... ဒါလေး ရရင် ထွက်ပြေးမှာစိုးလို့ ဖွက်ထားတာ။ ဘာဖြစ်လို့ ပြန်ပေးရမှာတဲ့တုံး'

'မဟုတ်ဘူး နုနု၊ နုနုတို့ ကျေးဇူးတွေ ကိုကို့အပေါ်မှာ တစ်ပြုံတစ်ခေါင်းကြီးပါပဲ နုနုရယ်။ ကိုကိုလဲ ကျန်းမာလာပါပြီ။ ဒါကြောင့် နောက်ထပ် ကိုကို ဒုက္ခထပ်ပေးပြီး မနေပါရစေတော့။ တောကို ဒီနေ့ပဲ ပြန်ပါရစေတော့'

'အို... ကိုကိုကလဲ မဟုတ်တာ။ ကောင်းကောင်း မာသေးတာမှ မဟုတ်ဘဲ၊ ဖြစ်မလား။ နုနုတို့မှာလဲ ကိုကို့အတွက် ဘာမှ တာဝန်ကြီးတာ မဟုတ်ဘဲ။ ပြီးတော့လည်း ဖေဖေ၊ မေမေတို့ မရှိတုန်းကြီး'

'နုနု... ကိုကို့ကို ချစ်ရင် ကိုကို့စကား နားထောင်ပါလား'

"ဟင်..."ဟု အောင်သင်းမှာ သက်ပြင်းချလိုက်ပြီးမှ–

'ကိုကို ခဏ ခဏ ပြောနေပါပကော နုနုရယ်၊ ကိုကို မသွားရင် မဖြစ်တော့ဘူး။ ရှမ်းပြည်ကို ကိုကို သွားရမယ်။ ဒါကြောင့် ကိုကို့ အဝတ်အစား သေတ္တာကလေး ထုတ်ပေးရင်လဲ ပေးတော့ နုနုရယ်။ မပေးရင်လဲ ဒီအဝတ်အစားနဲ့ ကိုကို ဖြစ်သလိုပဲ သွားတော့မယ်'

ဟု ပြောသဖြင့် နုနုမှာ တွေဝေစဉ်းစားရာက အောင်သင်းအပေါ်တွင် သနားကရုဏာ သက်လာခြင်းမှာ မထိန်းနိုင်၊ မအုပ်နိုင် ဖြစ်လာသည့်အတွက်–

'ကိုကို အဟုတ် ပြောနေတာလား'

'အဟုတ်ပြောတာပဲ နုနုရဲ့၊ ကိုကို မသွားရင် လောကမှာ ကိုကို့လောက် သစ္စာမဲ့တဲ့ ယောကျ်ားဟာ ရှိပါတော့မလား။ ကုသိုလ်ကံ မမြဲလို့ နောက်ဆုံး ကွဲသွားကြရပေမဲ့ အလောင်းရှိရာ သင်္ချိုင်းကလေးတော့ ရောက်အောင် သွားတော့မယ် နုနုရယ်'

ဟု ပြောသဖြင့် ဤတွင် နုနုမှာ မိမိ အဘယ်မျှပင် တားမြစ်စေခါမူ မရတော့သည်ကို သိရသည့်အတွက်–

'ကိုကို ပြီးတော့ ဘယ်တော့ ပြန်လာမှာလဲ'

'မပြောတတ်တော့ဘူး နုနုရယ်။ ဟိုကျရင် ကိုကို ဘယ်လိုဖြစ်ဦးမယ် မသိသေးဘူး'

'ခက်တာပဲ ကိုကို၊ ကိုကို ပြန်မလာရင်တော့ နုနုလဲ လဲ့လဲ့လို ဖြစ်ရတော့မှာ ထင်ပါရဲ့'

ဟု ပြောပြီးမှ ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်သည့်ပမာ–

'ဒီလိုဖြင့် ကိုကို့ချည်းပဲ နုနု စိတ်ချပြီး မလွှတ်နိုင်ဘူး။ နုနုပါ လိုက်မယ်နော် ကိုကို။ လဲ့လဲ့ဆီကို နုနုပါ လိုက်မယ်'

'ဖြစ်မလား နုနုရယ်။ တော်တော်ကြာ ကိုကို့ကို နုနု မိဘတွေက တစ်မျိုးတစ်မည် ထင်၊ အရပ်က တစ်မျိုးတစ်မည် ပြောနဲ့။ အမှုတွေ ပွေရှုပ်ကြလို့ ဒုက္ခတွေ များတော့မပေါ့ နုနုရဲ့'

'အို... ဘာပဲဖြစ်ဖြစ် နုနု တစ်ခုပဲ မဟုတ်လား ကိုကိုရဲ့။ နုနုကလဲ

ကိုကို့ကို ချစ်တယ်၊ ကိုကိုကလည်း နုနုကို ချစ်တယ်။ ချစ်တာသာ အရင်းခံပဲ။ နုနုမှ မငယ်တော့ပဲ။ ဒီလောကကြီးရဲ့ ဖြစ်မှု ပျက်မှု ဆိုတဲ့ သဘာဝကိစ္စတွေကို နုနု မျက်နှာမူရဲပါပြီ။ နုနု ကလေးမဟုတ်တော့ပါဘူး'

'ခက်တယ်... နုနုရယ်၊ ခက်တယ်၊ သိပ်ခက်တယ်'

'အို... ဘာမှ ခက်မနေနဲ့တော့ ဆရာ။ အခု ခက်တာက သိပ်အရေးမကြီးဘူး။ နောက်ခက်တော့မှ သာပြီး ဆိုးကြမှာ။ နုနုကိုယ်ကို အပ်ဖို့ စိတ်ပိုင်းဖြတ်ပြီးပြီ။ ခဏနေဦး'

ဟု ပြောကာ စာရေးစက္ကူနှင့် စာတစ်စောင်ကို အောက်ပါအတိုင်း ရေးလေ၏။

**ကျေးဇူးရှင် မိဘနှစ်ပါးရှင့်**

ယနေ့တွင် လဲ့လဲ့ သင်္ချိုင်းရှိရာသို့ ကိုကို သွားမည်ဟု တကဲကဲ ပြုလုပ်ကာ အတင်း ထွက်သွားသည့်အတွက် နုနုမှာ ကိုကို၏ အပေါ်တွင် ထားခဲ့မိသော ကရုဏာတရားမှာ ကြီးမားသည်ထက် ကြီးမားလာ၍ တွယ်တာ စွဲလမ်း ချစ်ခင်မိသည့် အတိုင်းလည်း ကိုကို၏ နောင်ရေးကို စိတ်မချနိုင်ဘဲ ကိုကိုနှင့်အတူ လိုက်ပါသွားပါပြီ။

ဤသို့ လိုက်ပါရခြင်းတွင်လည်း မိန်းမပျိုကလေး တစ်ဦးမှာ ယောကျ်ားပျိုကလေး တစ်ဦးနှင့် လိုက်ပါသွားရခြင်းအတွက် အပြစ်တင်ဖွယ်ရာ ဖြစ်ကြောင်း နုနု ရှင်းလင်း အစီရင် ခံခဲ့ပါရစေ။ ဤခရီးတွင် နုနုအား ထိန်းသိမ်းစောင့်ရှောက်ရန် လူလိုနေရာ နုနုကို စောင့်ရှောက်ကြည့်ရှုရမည့် ကိုကိုမှတစ်ပါး အခြားသူ မရှိတော့သဖြင့် နုနုကိုယ်ကို အပြီးအပိုင် ထိန်းသိမ်း စောင့်ရှောက်ရန် ကိုကို့အား ကိုယ်လုံးပုံကာ လွှဲအပ် အုပ်ထိန်းစေသည့် နည်းမှလွဲ၍ အခြားနည်းလမ်း မရှိတော့သည့်အတိုင်း ဘေးရန် အကင်းဆုံးသော ဤနည်းလမ်းကို နုနု ပြုလုပ်လိုက်ပါပြီ။

ဥပဒေအရ နုနုမှာ တရားမဝင်နိုင်သေးသူဟု ဆိုစေခါမူ လူ့လောကအတွင်းသို့ ဆင်းသက်ရန် သဘာဝဓမ္မ ဥပဒေအရ နုနုမှာ တရားဝင်ပြီးဖြစ်ခဲ့ခြင်းကြောင့်လည်း ကျေးဇူးရှင် မိခင်ဖခင် နှစ်ပါးတို့၏ အုပ်ထိန်း

ခြင်းမှ ယနေ့ အုပ်ထိန်းခြင်းအသစ်သို့ လွှဲပြောင်းလိုက်ပါကြောင်း နောက်ဆုံး အစီရင်ခံခဲ့ပါသည်။

ဤမေ့တာ၊ ဤလမ်းမှာလည်း တစ်နေ့နေ့တွင် တွေ့ရမည်မလွဲ ဖြစ်ပါသောကြောင့် တစ်ဦးတည်းသော သမီးကလေးအား အရေးပေးကာ ချစ်မြတ်နိုးသည် ဆိုကြပါလျှင် နုနု၏ ပြုမူချက် အရပ်ရပ်ကို အခွင့်လွှတ်၍ နုနုတို့၏ ကိုယ်ရေးကိုယ်တာကို ကိုယ်ချင်းစာနာတော်မူပါမည့် အကြောင်း။

သမီးရင်း အပေါ်တွင် မချစ်ခင်ဘဲ ဖျက်လိုဖျက်ဆီး ပြုကြမည် ဆိုသော် သမီးတစ်သက်တွင် ကျေးဇူးရှင် မိဘနှစ်ပါးနှင့် ဝေးနိုင်သမျှ ဝေးအောင် ရှောင်ရှားရတော့မည်သာ ဖြစ်၍၊ သမီးနှင့်ပတ်သက်ပြီး သမက် အပေါ်မှာလည်း ကရုဏာထားကာ ကျေနပ်ခွင့်ပြုမည် ဆိုပါက နုနုတို့မှာ လဲ့လဲ့ သင်္ချိုင်းရှိရာတွင် လဲ့လဲ့နှင့် ပတ်သက်၍ နောက်ဆုံး ပြုလုပ်ဆောင် ရွက်ချက်များ ပြီးစီးခဲ့ပါလျှင် မိဘများထံသို့ ကန်တော့ရန် ပြန်လာမည် ဖြစ်ပါကြောင်း။

နုနု

ဟူသော စာရေးသားပြီးနောက် ထိုစာကို အောင်သင်းအား ဖတ်ရန်ပေးခဲ့၍ မိမိမူကား အခန်းတွင်းသို့ ဝင်ကာ အဝတ်အစားများကို သိမ်းဆည်း ထုပ်ပိုး နေလေ၏။

အောင်သင်းမှာကား စာကို ဖတ်ကြည့်ပြီးနောက် ပြုံးပြုံး ပြုံးပြုံးနှင့် နုနုအား စောင့်မျှော်နေလေရာ နုနု တော်တော်နှင့် ထွက်မလာသည့်အတွက်–

'နုနုရေ... ကြာလှချည်ကလားကွ။ တော်တော်ကြာ လူကြီးတွေ ပြန်လာလို့ ခက်နေဦးမယ်'

ဟု ပြောရင်း အခန်းဝသို့ သွားလေရာ၊ နုနုမှာ အလွန်ကြီးကျယ်သော အထုပ်ကြီးတစ်ထုပ်ကို မနိုင့်တနိုင်နှင့် ပွေ့ချီရင်း–

'ကိုကိုရဲ့ လာပါဦး၊ ဒီမှာ နုနုလည်း မနိုင်တော့ဘူး'

ဟု ပြောကာ ခေါ်သည့်အတွက် အောင်သင်းမှာ ဝင်ကြည့်လေရာ၊ ခါးတစ်ဝက်လောက်နီးနီး အထုပ်ကြီးကို တွေ့ရသဖြင့် ရယ်မောပြီး–

'ဒါတွေ များလှချည်ကလား နုနုရဲ့၊ ဘာတွေလဲ'

'အို... စောင်တွေ၊ ခေါင်းအုံးတွေ၊ ခြင်ထောင်တွေ၊ မွေ့ရာတွေ ထည့်ရတာပေါ့တော့။ ပြီးတော့လဲ ကျောက်ပြင်တို့၊ သနပ်ခါးတုံးတို့၊ ပေါင်ဒါဘူးတွေလဲ ပါတယ်။ အဝတ်အစားတွေလဲ အကုန်လုံးပဲ'

ဟု ပြောသဖြင့် အောင်သင်းမှာ ဟက်ဟက်ပက်ပက် ရယ်မောပြီး–

'အားကြီးလှချေကလား နုနုရာ'ဟု ပြောလိုက်မှ–

'အောင်မာ... သူက ဘာသိတာ လိုက်လို့။ ဒါတွေ မပါဘဲ ဖြစ်မလားဆရာ။ ကဲ... ဝမ်းသာလုံးဆို့ပြီး ရယ်မနေနဲ့ဦး။ ဝိုင်ပြီး လုပ်စမ်းပါဦး' ဟု ပြောမှ အောင်သင်းမှာ–

'အင်း... အပျိုပေါက်ကလေး ခိုးရာလိုက်တဲ့ အထုပ်ဟာ အကြီးသားနော်'

ဟု ပြောရင်း ဝင်ရောက်ကာ အိပ်ရာလိပ်ကို အသီးအခြား လိပ်စေ၍ အဝတ်အစား အနည်းငယ်နှင့် ယူတန်သမျှကိုသာ သားရေသေတ္တာဖြင့် ထည့်ပြီးကာ နှစ်ဦးသား ထွက်လာကြပြီးနောက် တက္ကစီကားကို ခေါ်၍ ထွက်ခဲ့လေ၏။

လမ်းတွင် အောင်သင်း၏ နှလုံးသား တစ်ဖက်မှာ ဝမ်းသာနေ၍၊ တစ်ဖက်မှာ ဝမ်းနည်းနေရင်းဖြင့်–

'ဖြစ်ပါ့မလား နုနုရဲ့... ဟင်...'

ဟု နုနု ကိုယ်ကလေးကို ကိုယ်လုံးချင်း တိုးရင်း မေးလိုက်မှ–

'အို... ဖြစ်ပါတယ် ဆရာ၊ အေးအေးနေစမ်းပါ'

ဟု ပြောရင်း လက်တစ်ဖက်ဖြင့် အောင်သင်း၏ပေါင်ကို ဆိတ်ဆွဲကာ ငြိမ်သက်စေပြီးမှ မော်တော်ကားသမားအား–

'ကဲ... ဂါတ်ကိုမောင်း'ဟု ပြောသဖြင့် အောင်သင်းမှာ မျက်လုံးပြူးသွားမိပြီး–

'ဂါတ်ကို ဘာလုပ်မလို့လဲ နုနုရဲ့'

'အမယ်... ကိုယ့်ကိုယ်ကိုယ် မသိဘူးလား၊ နုနုကို အရွယ်မရောက်ဘဲနဲ့ သွေးဆောင် ခိုးယူလာတာလေ'

'ဟာ... အဲဒါ ခွကျတာပဲကွာ' ဟု အောင်သင်းမှာ လေးလေးကြီး ညည်းနေမှ–

'အင်း... ပြောပါဦး ဆရာ၊ ဘာများ ခွကျသလဲလို့'

'သြော်... အကျယ်ချဲ့ရမယ့်ကိစ္စမှာ ကိုကိုက အခုမှ နာလန်ထစ ဆိုတော့ ခက်နေတာပေါ့' ဟု ပြုံးပြုံးကြီး ပြောလိုက်သဖြင့်–

'အောင်မယ် ဆရာ၊ ဘာကို အကျယ်ချဲ့ရမှာလဲ'

'သြော်... သူများသားသမီး ယူတယ်ဆိုတာ အကျဉ်းရုံးပြီး လုပ်လို့ တော်ပါ့မလား နုနုရဲ့။ ခိုးရာလိုက်တယ် ဆိုတော့...'

'ဟင်းနော်... နဂိုတုန်းက သူပြောတာ ဒါ မဟုတ်ဘူး'

ဟု ပြောရင်း ဂါတ်ရှေ့သို့ ရောက်သည်တွင်–

'ကဲ... ကိုကို နေရစ်ခဲ့ဦး'

ဟု ပြောကာ မော်တော်ကားပေါ်မှ မိမိတစ်ယောက်တည်း ဆင်းကာ ဌာနာပေါ်သို့ တက်သွားပြီးနောက်၊ အတော်ကြာလျှင် ဌာနာအုပ်နှင့်အတူ ပြန်ဆင်းလာပြီးနောက်–

'ကိုအောင်သင်းဆိုတာ သူပဲရှင့်။ သွားလိုက်ပါဦးမယ်နော်။ ကျွန်မ လက်မှတ်နဲ့ စာကလေးကိုသာ မပျောက်မပျက်အောင် သိမ်းထားပါတော့'

ဟု ပြောရင်း မော်တော်ကားပေါ်သို့ တက်ကာ–

'ကဲ... ကွမ်းခြံဘူတာရုံကြီးကို မောင်း'ဟု အမိန့်ပေးလေ၏။

'ကဲ ဆရာ... လွဲလွဲ ကရုဏာနဲ့ "ပျို့ကရုဏာ"နဲ့ ချိန်ထိုးကြည့်ပြီးပြီ လား။ ဘယ်ဘက်က အလေးသာသလဲ'

'နုနု ကရုဏာက အတင်း နသားဘယားတဲ့ ကရုဏာဆိုတော့...'

'အောင်မယ် ဆရာ... လူကိုပဲ စွဲချက်တင်ပြီး ပုဒ်မတပ်ဦးတော့ မလိုလို'

'ဟဲ... ဟဲ... ပျို့ကရုဏာက သာပါပေတယ်ဗျာ၊ ကြီးမားပါပေတယ် ဗျာ'

ဟု ပြောရင်း လမ်းကွေ့တစ်ခုသို့ ရောက်သည်တွင် အောင်သင်းမှာ

ဘေးသို့ ငေးစိုက်ကြည့်နေသဖြင့် နုနုမှာ အောင်သင်း၏ပေါင်ကို ဆိတ်ဆွဲရင်း–

'ဆိုက်မင်းသား... ဘာဆိုက်ပေးနေတာလဲ။ နုနုနှင့်ကျတော့ မရဘူး ဆရာ။ လဲ့လဲ့တုန်းကသာ ဟိုက မမြင်လို့ ခံနေတာ'

ဟု ပြောနေသည့်အတွက်–

'နုနု လက်ထဲမှာ ဆိုက်မပေးဝံ့တော့ပါဘူး နုနုရယ်။ ဟိုဘက်က ဖြတ်သွားတာ နုနုတို့ ဖေဖေနဲ့မေမေ မဟုတ်လား'

ဟု ပြလိုက်သဖြင့်–

'ဟုတ်တယ်၊ ဟုတ်တယ်၊ သူတို့ ပြန်လာကြပြီ။ ခေါင်းငုံ့လိုက်လေ'

ဟု ပြောပြောဆိုဆို အောင်သင်း၏ခေါင်းကို ဆွဲငုံ့ကာ မိမိပါ ပြိုင်တူ ငုံ့လိုက်ကြလေရကား၊ မော်တော်ကားသမားမှာ ရှေ့က မှန်ကလေးထဲတွင် ၎င်းတို့ ခေါင်းငုံ့ရင်း ဘာလုပ်နေသည်ကို တွေ့သောကြောင့် ပြုံးလိုက်လေသတည်း။ ။

ပြီးပါပြီ။

**ဆကာကြီးထိပ်တင်**

## ကျွန်ုပ် စာရေးဆရာဘဝ ရောက်ခဲ့ပုံ

ဝတ္ထုရေး ဝါသနာပါသူများအတွက် မည်သည့် မဂ္ဂဇင်း၊ သတင်းစာ၊ ဂျာနယ် များတွင်မှ မပါဖူးသေးသော အကြံဉာဏ်များ ပါရှိသည်။ ဝါသနာပါသူများ ဂရုပြုလေ။

**ဝိနောမယုံ၊ ဇယ်ဒေတု**

အထက်သို့လားသော် မြစ်ကြီးနား၊ ပူတာအို အဆုံး၊ အောက်သို့လား သော် ဝိတိုရိယအငူ အဆုံး၊ အနောက်သို့လားသော် ရခိုင်၊ ချင်းတောင်၊ မဏိပူရ အဆုံး၊ အရှေ့သို့လားသော် ရှမ်းနယ်နိမိတ် အဆုံးရှိသော မြန်မာပြည် တစ်ဝန်းလုံး တွင်သာမက မြန်မာမဂ္ဂဇင်း၊ သတင်းစာ၊ ဂျာနယ် ရောက်လေရာ ကမ္ဘာနယ်တွင် “ထိပ်တင်”ဟူသော အမည်ပညတ်ရှေ့မှာ “ဆကာကြီး”ဟူသော ဒေသအမည် တွဲစပ်၍ စာကြည့်သူတိုင်း အသိအမှတ် ပြုခဲ့သည်ကား ၁၆ နှစ်ခန့် ရှိခဲ့ပေပြီ။

ထို တစ်ဆယ့်ခြောက်နှစ်သော ကာလပတ်လုံး ကျွန်ုပ်တွင် စာပေရေးသား ရုံမျှသာ မဟုတ်။ တတ်နိုင်သမျှ ဗဟုသုတ ရှာဖွေစုဆောင်း ဆရာအပေါင်းနှင့် စာအုပ်ကောင်းမှန်သမျှ ဆည်းကပ်ရ၊ ကြည့်ရှုရဖြင့် အားမရ မတင်းတိမ်နိုင်ခဲ့ သည်မှာ ယနေ့သို့ပင် ကျရောက်ခဲ့ပေ၏။ ကျွန်ုပ်၏ အသက်ကား ၃၂ နှစ် ရှိခဲ့ ပေပြီ။ သက်တမ်းစေ့ နေခဲ့ရသော် နောင် ၄၈ နှစ်ခန့် ပညာ ဆည်းပူးရချေဦး မည်။ ပညာ ဖြန့်ဖြူးရချေဦးတော့မည်။

ယခုအခါ စာရေး၊ စာဖတ် ဝါသနာပါကြကုန်သော တပည့်အများသည် ကြိုးစားလိုသောစိတ် ထက်သန်ကြစေရန် အဘယ်ပုံ ကျွန်ုပ် စာရေးဆရာဘဝ ရောက်လာရခြင်းနှင့်တကွ ဗဟုသုတ ဖြစ်ဖွယ်ရာ “ဝတ္ထုရေးသားနည်း”ကိုပါ

ဖော်ပြပါဦးအံ့။ မာန်မူတက်ကြွ ပလွှားလိုသော ပကာသန ကင်းကြောင်းကို ရှင်းပိမ့်သတည်း။

ကျွန်ုပ်မှာ ငယ်ရွယ်စဉ်အခါက ပန်းချီဆရာ လုပ်လိုခြင်း၊ ဇာတ်ဆရာ လုပ်လိုခြင်း စိတ်များ ထက်သန်ခဲ့သည့်အလျောက် ၇ နှစ်သားခန့်က စ၍ အပေါင်းအဖော်များနှင့် ကစားတိုင်း ဇာတ်ဆရာ လုပ်ခဲ့လေသည်။ ယခုအခါ အိမ်ထောင်ကျ၍ သားသည်မိခင် ဖြစ်နေကြသော အမျိုးသမီး တစ်ဦး၊ နှစ်ဦးနှင့်တကွ အထက်မြန်မာပြည်တွင် သွားရောက်နေထိုင်သော "မောင်ဘသန်း"ဆိုသူပါ ကျွန်ုပ်၏ အကောင်းဆုံး ဇာတ်ကောင်များ ဖြစ်ကြလေသတည်း။

အင်္ကျီ၊ ပဝါ စသည်တို့ကို ဆိုးရန် တစ်ထုပ် တစ်ပြားနှင့်ရောင်းသော စီ–စီ–ဂလီ အရောင်ဆိုးဆေးမှ အပြာ၊ အနီတို့ကို ဝယ်၍ အဝါအတွက် ဆေးဒန်းကို သွေး၍သော်လည်းကောင်း၊ အစိမ်းအတွက် ကြက်ဟင်းခါးရည်ကို ညှစ်၍သော်လည်းကောင်း၊ ဆေးနက်အတွက် ရေနံချေး မီးခိုးမှိုင်းနှင့် ကြက်ဟင်းခါးရည်ကို စပ်၍သော်လည်းကောင်း ရောင်စုံဆေးများနှင့် ရုပ်ပုံများကို ရေးရခြင်း၌လည်း အလွန် ဝါသနာပါလေသည်။

"အတုမြင် အတတ်သင်"ဆိုသည့်အလျောက် ကျွန်ုပ် ၉ နှစ်သား အရွယ်ခန့်တွင် ကျွန်ုပ်တို့ ဆကာကြီးမြို့၌ လူကြီးများ ပထမဆုံး နှီးကြားကာ "သုစရိတယုဝ"စာဖတ်အသင်း တည်ထောင်ကြလျက်၊ ကျွန်ုပ်၏ဖခင် ကျေးဇူးရှင် "ဆရာကြီး ဦးဘတူ"လည်း လူကြီးတစ်ဦးဖြစ်ကာ ကျွန်ုပ်မှာ လိုက်ပါသွားမိရာမှ ကျွန်ုပ်နှင့် စာသင်ဖက်၊ ကစားဖက်များအား "ယုဝ"ဟူသော စာဖတ်အသင်း ဖွဲ့ရန် တိုက်တွန်းကာ၊ ကတ်ပြားငယ်တစ်ခုတွင် "ယုဝ"ဟု ရေးသား၍ ကျွန်ုပ်တို့ ကစားနေကျ နေရာဖြစ်သော ခရမ်းကစော့ပင်တွင် ချိတ်ဆွဲ၍ စာဖတ်အသင်း ဖွင့်လေသည်။

ကျွန်ုပ်တို့ စာဖတ်အသင်းတွင် ထိုအခါက ကျွန်ုပ်က ကမ္ဘာစစ်ကြီး ရုပ်ပုံကားများနှင့် မြန်မာနိုင်ငံတော် ပညာမဂ္ဂဇင်းများ လှူ၍၊ မောင်သိန်းက မောင်ရင်မောင်–မမယ်မ ဝတ္ထု၊ မောင်စိုးမောင်က လူစွမ်းကောင်း မောင်တေလု ဝတ္ထုများ လှူလေသည်။ ကျွန်ုပ်၏ ဖခင်သည် ကျွန်ုပ် အလိုကိုလိုက်လျက် ဝါသနာပါသည်ကို ပြုပြင်ပေးသည်။ ကျွန်ုပ် ပူဆာသဖြင့် ကျွန်ုပ်၏ မိခင်သည် တစ်အုပ် ၆ ပြား ပေးရသော "ဒေါင်းသူတော် လုံ့ထိုး"ဇာတ်စာအုပ်ကို ဝယ်ပေးခဲ့ရာ၌ ကျွန်ုပ်၏ ကျေးဇူးရှင် ဖခင်ကြီးသည် ထိုစာအုပ်တွင် ပါဝင်သော သစ္စာထား သီချင်းတစ်ပုဒ်

ကို သံနေသံထားနှင့် ကျွန်ုပ်အား သင်ပြသည်မှစ၍ ကျွန်ုပ်တွင် ကဗျာတတ်လိုသော စိတ်များ တဖွားဖွား ပေါ်လာလေသည်။

အာရုံအမျိုးမျိုးကို ခံမင်တတ်သည့် ၉ နှစ်သားအရွယ် ဖြစ်သဖြင့် ပန်းချီလည်း ရေးချင်၊ ကဗျာလည်း တတ်ချင် ဖြစ်သည်သာမက တစ်နေ့တွင် ကျွန်ုပ်ဖခင်နှင့်အတူ ဈေးအနီး ဦးတိုး၊ ဒေါ်သယ်တို့၏ အလှူသွားရာ၌ ကျွန်ုပ် ဖခင်သည် အတီးဝိုင်းမှ လက်ဆွဲဘာဂျာကို ကောက်ယူကာ ကျင်လည်စွာ သီချင်းတစ်ပုဒ် တီးသည်ကို မြင်ရပြန်သည်နှင့် အတီးသမား ဖြစ်လိုသောစိတ်လည်း တစ်ဖန် ပေါ်လာပြန်လေတော့သည်။

တစ်စုံတစ်ခုကို စူးစိုက်သည် မဟုတ်ဘဲ အာရုံများနေသည့်အတွက် ကျွန်ုပ်ဘာမျှ မတတ်သေး။ မြန်မာစာတွင်ကား ၆ နှစ်သားက စ၍ သင်သဖြင့် ၉ နှစ်သားတွင် စတုတ္ထတန်းသို့ ရောက်ခဲ့၍ ရေးဖတ်နိုင်ပေပြီ။ အာရုံအမျိုးမျိုးဖြင့်သာ ပွေနောက်လျက်၊ ၁၂ နှစ်သားတွင် ဆဋ္ဌမတန်းကို အောင်မြင်လျက်၊ ထိုနှစ်တွင် ဆဋ္ဌမတန်း ဖြေဆိုသူများ၌ အသက်အငယ်ဆုံး၊ အတော်ဆုံး သူငယ်ကို ခနဲ့ဖြူနယ်မှ ရွေးကောက်ရာ ကျွန်ုပ်သည် ရွေးကောက်ခြင်း ခံရသည့်အလျောက် တစ်လလျှင် ၁၆ ကျပ်နှင့် ခနဲ့ဖြူမြို့ အင်္ဂလိပ်ကျောင်းသို့ စာသင်ကြားရန် "ထရိတ်စကောလားရှစ်"ခေါ် အစိုးရ ပညာတော်သင်အဖြစ် အပို့ခံရပါ၏။

ဤအခါတွင် ကျွန်ုပ်၌ ကဗျာမျိုးစေ့ အနည်းငယ် ပါဝင်ပြီး ဖြစ်၏။ ပါဝင်ပုံမှာ ကျွန်ုပ်ကိုယ်တိုင် ကြိုးစားမှုကြောင့် ဖြစ်၏။ ကနကြီးရွာမှ "ဆရာတင်ကြီး"သည် ထိုအချိန်အခါတွင် ဒီဆူဇာတိုက်မှ ထုတ်ဝေသော သက်စောင့်မဂ္ဂဇင်း၌ ဝတ္ထုရေးဆရာ ဖြစ်ရာ၊ ၎င်းရေး ဝတ္ထုတွင်ပါသည့် တေးထပ်တစ်ပုဒ်ကို နှုတ်ငုံကျက်၍ ထိုတေးထပ်ကို စံယူပြီးလျှင် တေးထပ်များ ရေးစပ်နိုင်သောအခါ ဖြစ်ပေ၏။ ကျွန်ုပ် ကဗျာဝါသနာ ပါသည်ကို သိသော ကျေးဇူးရှင် ဖခင်ကြီးသည် ဒဂုန်မဂ္ဂဇင်း အယ်ဒီတာ "ဆရာဦးဘိုးသစ်" ရေးသားသော၊ ထိုစဉ်က ထိုတစ်မျိုးတည်းသာ ပေါ်သေးသော "ကျောင်းသုံး ကဗျာရေးနည်းကျမ်း"ကို ဝယ်ပေးသည်နှင့် လေ့လာရာ ကျွန်ုပ် တေးထပ်ကို နှုတ်ငုံဆောင်ကာ ရေးစပ်နည်းနှင့် ထိုစာအုပ်တွင် "တေးကိုသာ ရအောင် ကျက်ပါတော့–ခက်လှဘူး မျိုးသိင်္ဂါ–စိုးရိမ်နှင့်ဗျာ" ဟူသော ဦးပုည တေးထပ်ရေးနည်းမှာ ကိုက်ညီနေသည်ကို တွေ့ရတော့၏။

ကျွန်ုပ်ကို ကဗျာဆရာဘဝ ရောက်အောင် ပို့ဆောင်ပေးသော ဆရာ

ဦးတင်ကြီးအား ယနေ့တိုင် မမေ့နိုင် အစဉ် ဦးချမိ၏။ ၎င်းကား နားထိုင်းသူ ဒုက္ခိတစ်ဦးဖြစ်သည်။ သစ်ပင်တွင် ကြိုးဆွဲချ၍ သေဆုံးသွားလေသည်။ ၎င်း အတ္ထုပ္ပတ္တိမှာ ကြေကွဲဖွယ် ကောင်းလှ၏။ နောင် အလျဉ်းသင့်လျှင် ရေးသား ဖော်ပြမည်။ ကျွန်ုပ် နှုတ်ငုံဆောင်ကာ စံနမူနာ ထားရသော တေးထပ်ကို ဤ စာစောင် တစ်နေရာရာတွင် ဖော်ပြထားသည် ဖြစ်၏။

အရာရာတွင် ပဲ့ပြင်နိုစ္စ ဆိုဆုံးမသော ကျေးဇူးရှင် ဖခင်ကြီးကား ကျွန်ုပ် အင်္ဂလိပ်ကျောင်း နေရသည့်နှစ် ၁၂၈၅ ခု သီတင်းကျွတ်လဆန်း ၁၁ ရက်နေ့ တွင် ကွယ်လွန် အနိစ္စရောက်လေရာ၊ ကျွန်ုပ်မှာ ၁၂ နှစ်သား အရွယ်တွင် မှီခို အားထားရာ တောင်ကြီး ပြိုသကဲ့သို့ ဖြစ်ရတော့သည်။ ကျွန်ုပ်မှာ မုဆိုးမသား အဖြစ် ပညာသင်ရတော့မည်သာမက ကလေးပင် ဖြစ်သော်လည်း ကျွန်ုပ်တို့ မိသားတစ်စု၏ ရှေ့ရေးနှင့်တကွ ညီငယ် ညီမငယ်တို့၏ အရေးကို တွေးပူမိကာ စာကိုသာ ကြိုးစားလျက် “ကိုယ့်ထူး ကိုယ်ချွန်တော့အံ့”ဟု ကြုံးဝါး အားတင်း မိလေသည်။

ကျွန်ုပ် ရေးသားသော လက်ရေးကို ပုံနှိပ်စာအဖြစ် ထွက်ပေါ်လာသည် ကား ၁၂၈၆ ခုနှစ်၊ ကျွန်ုပ် ၄ တန်းတွင် ပညာဆည်းပူးဆဲ ဖြစ်၏။ “ထားဝယ်သူ မပြုံးကြည်”အမည်ခံ ဆရာဦးဘ၏ ပဟေဠိပုစ္ဆာတစ်ခုကို “မောင်သန်း၊ လေးတန်း၊ ဓနုဖြူ အေ–ဘီ–အမ်”ဟူသော အမည်နှင့် ကျွန်ုပ် ဖြေလိုက်ခြင်း သည် ဝပ်ဆင်တိုက်က ထုတ်သော ကောဇာသစ်မဂ္ဂဇင်းတွင် ပါဝင်လာသော ကြောင့်တည်း။

ကျွန်ုပ်မှာ ၅ တန်း၊ ၆ တန်း ရောက်သည်တွင် ၁၄ နှစ်၊ ၁၅ နှစ် ဖြစ်ခဲ့ လေပြီ။ လိင်မတူသော မိတ်ဆွေများနှင့် ထားအပ်သော ဗြဟ္မစိုရ်မေတ္တာမှ အချို့ ကညာကလေး တစ်ဦး၊ နှစ်ဦးနှင့် ထောင့်ငါးရာ ဖောက်ပြားလျက် ယောကျ်ား စိတ်ကလေး ဝင်ခဲ့ပေပြီ။ အချစ်ဓာတ်သည် ကျွန်ုပ်အား သတ္တလောက၊ ဩကာသ လောက၏ စာဆိုဘဝသို့ ပင့်တင် မြှောက်ဆွ ပေးလေရကား မယ်ဘွဲ့၊ မောင်ဘွဲ့၊ ရာသီဘွဲ့၊ တောတောင်ဘွဲ့များကို ချစ်သူထံ ရေးသား ပေးပို့စေခဲ့သည်။ ချစ်သူ တစ်ဦးမှာ ပုလိပ်ရောဂါနှင့် သေမင်းနောက်သို့ ကောက်ကောက်ပါအောင် လိုက် သွားလျက် တစ်ဦးမှာ ပုလိပ်အရာရှိတစ်ဦး၏ သမီးဖြစ်ကာ ပြောင်းရွှေ့သွားရသည့် အတွက် သေကွဲ၊ ရှင်ကွဲ၊ အကွဲခံရသော ကျွန်ုပ်အဖို့မှာ သင်္ခါရလောက၏ စာဆို ဘဝ ရောက်ရပြန်လျက် နိဗ္ဗိန္ဒ တေးထပ်များ၊ လေးချိုးများ ရေးသားရင်း အလွမ်း

မင်းသားကြီး ဖြစ်နေရခိုက် မြန်မာကျောင်းတစ်ကျောင်းမှ ပြောင်းရွှေ့လာသူတစ်ဦး နှင့် ကြည်နူးဖွယ်ရာသော လောက၏ အချစ်နယ်သို့ ဝင်ရောက်မိပြန်တော့သည်။

ကဗျာဉာဏ် ပွင့်လင်းလာခြင်း အကြောင်းရင်းမှာ ပြောမကုန်၊ ရေးမကုန်သော ချစ်သူထံ ပြောလိုသော စကားများ၊ တတ်ကျွမ်းကြောင်း ပလွှား လိုသော စိတ်ထားများကြောင့် ကြိုးစားရင်းမှ ဖြစ်ပေါ်လာသည်ဆိုလျှင် မှားမည် မဟုတ်ပေ။ ယေရှုခရစ် မွေးနေ့ ကပွဲတွင် ဇာတ်ဆရာလုပ်ကာ ဝိဇယမင်းသား ဇောင် မျှောခန်းကို ဦးစီး ကပြခဲ့လေရာ၊ ထိုစဉ် ကြည့်ဖူးသူများက ကျွန်ုပ်အား "ဝိဇယ" ဟု ခေါ်ကြသည်။ ကာလပေါ် ပြဇာတ်တစ်ခုကို ခင်းကျင်းခဲ့ရာ၌လည်း ကဗျာ စာပေမှ စ၍ အလုံးစုံ ကျွန်ုပ် ရေးသားကာ ဦးစီးခဲ့လျက်၊ ထိုစဉ်က ကျွန်ုပ်၏ ဇာတ်ကောင်များဖြစ်သော ဒေါ်ဘုမ၊ ဦးရွှေထွန်း စသည်တို့မှာ ယခုအခါ ရာထူး ရာခံနှင့် အရာရှိများ ဖြစ်နေကြလေပြီ။

ချစ်စိတ်သည် ကဗျာဉာဏ်ကို ပွင့်စေ၏။ ပ လွှား လိုသောစိတ်သည် ဗဟုသုတကို ရှာဖွေစူးစမ်းရန် မြောက်ပေးခဲ့၏။ ၁၆ နှစ်သား အရွယ်တွင် ၇ တန်း အောင်ခဲ့ပြီးနောက် အသက်မွေး ပညာအတွက် အစိုးရ အထောက်အပံ့နှင့် ညောင်တုန်းသို့ ပြောင်းရွှေ့ကာ ဆရာဖြစ်သင်ကျောင်း နေခဲ့ရပြန်သည်။

ခနေဖြူကျောင်းကား ယေရှုခရစ်ဘာသာ ဖြစ်လေရာ ကျွန်ုပ်မှာ ထိုဘာသာ ကို အတော်လေ့လာ နားလည်ခဲ့လေသည်။ ကျေးဇူးရှင် ဆရာကြီးနှင့်တကွ ဆရာမ များသည် ကျွန်ုပ်အပေါ်တွင် မေတ္တာထားကာ သခင် ခရစ်တော်၏ တပည့်တော် ဖြစ်စေလိုသော ဆန္ဒရှိကြသည်။ သီချင်းဝိုင်းများ၊ တရားပွဲများတွင် ကျွန်ုပ် ပါဝင် ဆောင်ရွက်ခြင်းများလည်း ပြုခဲ့ရသည်။ ကျွန်ုပ် စာဖြူ မဖြစ်ခဲ့ခြင်းမှာ ဗုဒ္ဓဘာသာ အခြေခံပညာကို ကျွမ်းကျင်၍ မဟုတ်ပေ။ ကျွန်ုပ်သည် ဘာသာရေးကို ဂရုမစိုက် ခဲ့ပေ။ စာရူး၊ ကဗျာရူး၊ အချစ်ရူးသူတစ်ဦး အဖြစ်သာ စိတ်ပါဝင်စားဆဲ ဖြစ်နေ သဖြင့် ဘာသာရေးကို မိရိုးဖလာ ကိုးကွယ်ရာတစ်ရပ် ဟူ၍သာ မှတ်ထင်ခဲ့လေ သည်။

ညောင်တုန်းကျောင်းတွင်ကား ဗုဒ္ဓဘာသာ စာပေကို လေ့လာရလေသည်။ ဤကျောင်းက ထွက်လျှင် ဆရာဖြစ်ရတော့မည်အလျောက် ဆရာတစ်ဦးနှင့် ညီညွတ်အောင် ပညာရေး၊ ဘာသာရေးကို လေ့လာတီးခေါက်ခြင်း၊ တယော၊ မယ်ဒလင် တီးခေါက်ခြင်း၊ ပုံဆွဲခြင်း၊ ကဗျာရေးခြင်းများဖြင့် မွေ့လျော်ခဲ့ရသည်။ ပရိတ်ကြီးတစ်စောင်လုံး လေ့လာခဲ့ရသည်။ သူငယ်ချင်းဖြစ်သူ "ရွှေဒုံးဘီအောင်"

နှင့် ပုံဆွဲပြိုင်ခြင်း၊ အချီအချ စာရေးခြင်း၊ ဓာတ်ပုံပညာ သင်ခြင်းတို့ကို ပြုခဲ့ပြီးနောက် ကျောင်းမှ ထွက်ခဲ့ရပြန်သည်။

ရုတ်တရက် အလုပ်မရသေးသည်တွင် ပုံဆွဲခြင်း၊ တူရိယာပညာ လေ့လာခြင်းများ ပြုခဲ့လေသည်။ ထိုစဉ်က မိတ္ထီလာကျောင်းတိုက် မီးထွန်းပွဲ၊ ကထိန်ပွဲများတွင် ကျွန်ုပ် ရေးဆွဲသောပုံများ ချိတ်ဆွဲခဲ့ရလေသည်။ ဝါတွင်းအခါတွင် သူငယ်ချင်းဖြစ်သူ မောင်သိန်းနှင့် ကွယ်လွန်သူ အပိန်တို့၏ တိုက်တွန်းချက်ဖြင့် "ဝါကျွတ်မှ ယူမယ်" ဟူသော ဝတ္ထုတိုတစ်ပုဒ်ကို ရေးသားကာ ကလောင်အမည်ကို "ဆက်ကာကြီးထိပ်တင်"ဟု ရွေးချယ်ထည့်တပ်၍ ဗန္ဓုလဂျာနယ်သို့ ပို့လိုက်ရာ ဤအခါတွင် စံဖဲအကြောင်းကြောင့် ဗန္ဓုလဂျာနယ်ကလည်း ခေတ်စားဆဲ၊ ကျွန်ုပ်၏ ဝတ္ထုတိုကလေးမှာ အောင်မြင်စွာ ဂျာနယ်တွင် ထည့်သွင်းဖော်ပြလျက် မြန်မာပြည် အရပ်ရပ် နှံ့သွားလေတော့သည်။

ဤသည့် အချိန်ကစ၍ ဝါသနာပါရာ အမျိုးမျိုးကို ဖျောက်တန်သမျှ ဖျောက်လျက် စာရေးဆရာ ဘဝကိုသာ အာရုံရေးရှုခဲ့ကာ သင်၊ အံ၊ ကျက်၊ မှတ်၊ ဖတ်၊ ရေး လုပ်ခဲ့ပေသည်။ အာရုံတစ်ခုခုကိုသာ စူးစိုက်လေ့လာခြင်းသည် အကောင်းဆုံး လက်တွေ့သင်ခန်းစာတစ်ခု ဖြစ်လေသည်။

ကျွန်ုပ် ဖော်ပြခဲ့သည့်အတိုင်း "ဆက်ကာကြီးထိပ်တင်"ဟု အမည် ရွေးချယ်လိုက်မိခြင်းပင်လျှင် ယခုကဲ့သို့သော အချိန်အခါ၌ ဆက်ကာကြီးသူ၊ ဆက်ကာကြီးသားတို့ ဂုဏ်ယူစရာ ဖြစ်ခဲ့ပေသည်။ အကယ်၍ ထိုစဉ်အခါက "မဟာဆွေ"၊ "ဇဝန"၊ "မြမျိုးလွင်"၊ "ဇေယျ"စသည်တို့ကဲ့သို့ ကျွန်ုပ်သည် "သန်းနေနွယ်"အမည်ဖြင့်သာ စတင် ရေးသားထားခဲ့ပါက ယခုကဲ့သို့သော အချိန်အခါတွင် ဆက်ကာကြီးကို အရပ်ရပ်က သိနေကြသကဲ့သို့ သိကြရမည် မဟုတ်ဟု ကျွန်ုပ် ရဲဝံ့စွာ ဆိုနိုင်ပေ၏။

ကျွန်ုပ် လေ့လာဆည်းပူးခဲ့သော ဘာသန္တရများ၊ ဒေသန္တရများ၊ ကျွန်ုပ်ဘဝ၏ တစ်စိတ်တစ်ဒေသ အဖြစ်အပျက်များကို ကောဇာသစ် မဂ္ဂဇင်း၊ သက်စောင့်မဂ္ဂဇင်း၊ သူရိယမဂ္ဂဇင်း၊ ဒဂုန်မဂ္ဂဇင်း၊ မြန်မာ့တာဝန် မဂ္ဂဇင်း၊ တိုးတက်ရေးမဂ္ဂဇင်း၊ ရွှေမေတ္တာ မဂ္ဂဇင်း၊ ကြီးပွားရေးမဂ္ဂဇင်း၊ သုတဝတီပညာ မဂ္ဂဇင်း၊ ဒီးဒုတ်ဂျာနယ်၊ ဘားမားဂျာနယ်၊ ဂျာနယ်ကျော် စသည်တို့၌ ရေးသား ဖော်ပြခဲ့လေပြီ။ ဝတ္ထု၊ ဆောင်းပါး တစ်ရာခန့် ရှိခဲ့ပေပြီ။

ထိုထို မဂ္ဂဇင်း၊ သတင်းစာ၊ ဂျာနယ်တို့၌လည်းကောင်း၊ သီးခြားစာအုပ်

စာတမ်းအဖြစ်လည်းကောင်း ဝတ္ထုရေးနည်း၊ ဆောင်းပါးရေးနည်းများကို သင်ပြပါဟူ၍ မြန်မာပြည် အရပ်ရပ်မှ စာတတန်၊ ပေတတန်နှင့် တောင်းပန်ကြသော်လည်း ကျွန်ုပ် မရေးသား၊ မဖော်ပြခဲ့ဖူးချေ။ ကျွန်ုပ်၏မိတ်ဆွေ "သိပ္ပံကျော်ထင်" အမည်ခံ စာရေးဆရာမှာ "ဝတ္ထုရေးဆရာဖြစ်သင်ကျောင်း"ဖွင့်ကာ သင်ခန်းစာ ထုတ်သဖြင့် အတော် ကျေးဇူးရှိကြောင်းကိုလည်း ကျွန်ုပ် သိ၏။

ယခုမူကား ကျွန်ုပ်၏အရပ်မှ တပည့်အများ၏ ရှေ့ရေးကို မျှော်တွေးအားပေးလိုသော ဆန္ဒဖြင့် ညွှန်ပြ ရေးသားရပေတော့မည်။ ကိုယ့်ထူး ကိုယ်ချွန်ကာ ကျွန်ုပ်၏ ကြိုးပမ်းချက်များတို့ကို ယခု လူငယ်များအတွက် အသာသင့်၍ အသင့် ခူးယူနိုင်သော ပဒေသာပင်ကြီးသဖွယ် ဖြစ်စေသည်ဆိုပါက ကျွန်ုပ်၏ ကြိုးပမ်းခဲ့ရသမျှ ကျေနပ် ဝမ်းမြောက်ရပေတော့သတည်း။

ဝတ္ထုရေးခြင်း အတတ်သည် ပါရမီဉာဏ် ရင့်သန်သူတို့အတွက်သာ ဖြစ်ပေသည်။ ဤစကားကို အရမ်းမဲ့ဆိုသည် မဟုတ်ချေ။ ဝတ္ထုရေးဆရာကြီး အသီးသီးတို့၏ ဇနပ္ပုဒ္ဒိသမိုင်းတွင် ထင်ရှား သိသာနိုင်စိမ့်မည်။ ပါရမီဉာဏ် ရင့်သန်အောင် ဆည်းပူးအားထုတ်မှသာ ဖြစ်နိုင်ပေသည်။ မွေးကတည်းက ကလောင်ကိုင်သူ မရှိချေ။ ထို့ကြောင့် ဝတ္ထုရေးဆရာ၊ စာရေးဆရာ ဖြစ်လိုသူတွင် ပထမဆုံး အရေးကြီးသည်မှာ ပညာဗဟုသုတ အရာ၌ ရင့်သန်လာအောင် စာပေမှန်သမျှ လေ့လာဆည်းပူးရမည်မှာ ပထမဆုံး အချက်တစ်ချက် ဖြစ်ပေ၏။

ပရိတ်ကြီး တစ်စောင်လုံး အကုန်ရထားရမည်ဟု မဆိုလို။ ဓမ္မပဒ၊ ငါးရာ့ငါးဆယ်၊ ပေတဝတ္ထု၊ ဇင်းမယ်ပဏ္ဏာသ၊ မြန်မာရာဇဝင် စသည်တို့ကို နှုတ်ငုံဆောင်ထားရမည်ဟု မဆိုလို။ ထိုထို ဗဟုသုတဖြစ်စေသော စာပေဟူသမျှကို နှံ့စပ်အောင် ကြည့်ရှု၍ မှတ်ဉာဏ်ကောင်းလျှင် အကြမ်းဖျင်း မှတ်သားထားရမည်။ သို့မဟုတ် မှတ်စုစာအုပ် ရေးခြင်းဖြင့် မှတ်သားထား၍ မိမိဉာဏ်ဖြင့် ထိုးထွင်းသိလာသော အကြောင်းအရာတစ်ရပ်ကို အခြေတည်မြဲအောင် ကျင်းအိုင်ဖွဲ့ရာ၌ ဆိုင်ရာ အကိုးအကားသည် မည်သည့်စာအုပ်၊ ရာဇဝင်၊ သမိုင်း၊ ဗုဒ္ဓဝင်၌ ပါသည်ကို သိနိုင်စေရမည်။ ဤသည်မှာလည်း အလေ့အကျင့်သာ အချက်အချာ ဖြစ်လေရာ၊ ကျွန်ုပ်မှာ များစွာ မှတ်ဉာဏ်ကောင်းသူ မဟုတ်သော်လည်း ၉ နှစ်သား အရွယ်က ဖတ်ခဲ့ရသော မောင်ရင်မောင်-မမယ်မ ဝတ္ထုမှစ၍ ယနေ့သို့တိုင် ကြည့်ရှုမှတ်သားခဲ့သမျှတို့မှ အလိုရှိရာ အကြောင်းကို အဘယ်စာအုပ်တွင် ရှာက တွေ့နိုင်မည်ကို သိထားတတ်သော အလေ့အကျင့် ရခဲ့စေသည်။

ဝတ္ထုရေးဆရာ၊ စာရေးဆရာအတွက် ဗဟုသုတ အထူးရှာမှီး စုဆောင်းထားသင့်ကြောင်းကို အမြွက်မျှ ရေးသားခဲ့ပေပြီ။ ရေးသားပုံ၊ ရေးသားနည်းကို ပထမ အမြွက်မျှ ပြပေဦးအံ့။

"တေးထပ်ရေးရာ၌ တေးကိုသာ ရအောင် ကျက်ပါတော့" ဟူသလို ဝတ္ထုရေးသားလိုသူသည် "ဝတ္ထုကို နာနာ ဖတ်ပါတော့" ဟူ၍သာ တိုက်တွန်းမှု ပြုလိုက်သည်။ ဝတ္ထုများကို နာနာဖတ်ပြီးလျှင် မိမိကိုယ်တိုင် ဝတ္ထုမရေးသားမီ ဖတ်ပြီးသောဝတ္ထုကို ဝေဖန်ပိုင်းခြားရမည်။ ဝတ္ထုဖတ်သမားအနေနှင့် ဇာတ်လမ်းကို ဖတ်ပြီးနောက် စာရေးဆရာအနေနှင့် ရေးသားပုံကို ဝေဖန်ရမည်။

ဝေဖန်နည်းမှာ ဖတ်ပြီးသောစာအုပ်ကို ပြန်လှန်စဉ်းစား၍ "ဤဝတ္ထု၏ စာရေးဆရာသည် မည်သည့်အချက်ကို အဓိကထား၍ စာဖတ်သူတို့အား ညွှန်ပြသနည်း။ အဖြစ်အပျက်ကို အစဉ်လိုက် ရေးသလား။ ကျော်လွှားပြီးမှ နောက်ကြောင်းပြန် ရေးသလား။ ဝတ္ထုအစကို ဘာကြောင့် အလယ်က ဖြတ်ဖွင့်သလဲ" စသည်ဖြင့် ထိုဖတ်ပြီးသော ဝတ္ထုတွင် ကွန့်လုံး၊ ညွှန့်လုံး အချက်အလက်တို့ကို သဘောပေါက်အောင် တွေ့လျှင် နည်းသစ် ရလာပေလိမ့်မည်။ ဝတ္ထုရေးခြင်း အတတ်ပညာမှာ "ဤလို စ၊ ဤလို ရေး၊ ဒါပြီးမှ ဒါရေး၊ ဒါကို မြှုပ်ထား" စသည်ဖြင့် ပုံသေကားကျ ဥပဒေများ ရှိသည် မဟုတ်ပေ။ ဉာဏ်ကွန့်တိုင်း ထွင်နိုင်၊ ရေးနိုင်၊ ချဲ့နိုင်လေသည်။ သို့ကြောင့် ဘယ်ဆရာ ဘယ်လို ဉာဏ်ကွန့်သည်၊ ဘယ်ဆရာ ဘယ်လို ထွင်သည်ကို ဝေဖန်ပိုင်းခြားခြင်းဖြင့် မိမိတွင် အသိဉာဏ် ပွင့်လင်းလာနိုင်သော ဝေဖန်တတ်ခြင်းကို ရှေးဦးစွာ လေ့ကျင့်ရာသည်။

ဤသို့ ဝေဖန်မှုများကို များများ လေ့ကျင့်ပေးလေ၊ နည်းအမျိုးမျိုးကို ရနိုင်လေ ဖြစ်လေသည်။ သင် ရသော နည်းများမှ အနှစ်ခြိုက်ဆုံးသော နည်းတစ်ခုကို ရွေးချယ်ကာ စမ်းသပ်၍ရေးလေ။ ဝတ္ထုတိုင်း၏ ရည်ရွယ်ချက်၊ ရေးပုံစနစ်၊ ဝတ္ထုရေးဆရာ၏ အသုံးအနှုန်း စသည်တို့ကို ဝေဖန်မှတ်သားရမည်။ စကားဆန်းကလေးများကို မှတ်သား၍ မိမိဉာဏ်နှင့် ထွင်ရာသည်။ ဥပမာ–

'ရှော့… ဟော့၊ လက်တီးတစ်လုံး မြည်းလိုက်စမ်း' ဟူသော စကား မဆုံးမီ 'ခွပ်' ဟူသောအသံ ပေါ်လာကာ ဘိုးထူးမှာ 'အမယ်လေး' ဟု အော်ရင်း ခွေခနဲ လဲကျသွားလေ၏။

သရုပ်ပေါ်အောင် ဤသို့ ခြံရေးသော အသွားမျိုးကို နည်းယူကာ မိမိ

လည်း ဉာဏ်ကွန့်ရာသည်။ ထိုသူက မခံချင်အောင် ပြော၍ တအားလွဲကာ မျက်နှာကို လက်သီးနှင့် ထိုးခြင်း၊ အသံမြည်ထွက်ခြင်း၊ အထိုးခံရသူ ရှုံ့မဲ့ကာ အော်ဟစ်၍ လဲကျသွားခြင်း၊ တစ်မုဟုတ်ချင်း ဖြစ်သွားခြင်းတို့ကို စာ အနည်းဆုံးဖြင့် အပေါ်လွင်ဆုံး ရေးသားထားခြင်း ဖြစ်သည်။ ဤအရေးအသားမျိုးများစွာကို "ဆရာပီမိုးနင်း"၏ ဝတ္ထုများတွင် တွေ့နိုင်လေသည်။

ရေးသားရာ၌ မိမိက စာဖတ်သူကို ပုံပြောနေသူကဲ့သို့ စိတ်ထဲတွင် တွေးကာ၊ စာဖတ်သူ မြန်မြန် နားလည်နိုင်သော အရေးအသားဖြင့် လိုရင်းကို အပေါ်လွင်ဆုံး ဖော်ပြရမည်။ မိမိ ရေးသားမည့် အချက်သည် စာရေးသူတွင် ကွက်ကွက်ကွင်းကွင်း မြင်လာအောင် ယုတ္တိ ယုတ္တာ သက်သေခံ ပစ္စည်းတို့ဖြင့် ရေးရမည်။ ချဲ့ထွင်နေခြင်း၊ မဆိုင်သည်ကို ဖော်နေခြင်း၊ မိမိ မသိသော စကားလုံးဖြင့် တန်ဆာဆင်နေခြင်း မပြုရာ။

တော၊ တောင်၊ ရေ၊ မြေ၊ သမုဒ္ဒရာအကြောင်း မဖော်ပြလျှင် မဖြစ်မှသာ ရေးရမည်။ ဤတွင်လည်း စာရေးဆရာမှာ တောထဲရောက်နေသလို အစီအစဉ်နှင့် ထင်မြင်လာအောင် ရေးရမည်။ ရာသီ၊ နာရီ၊ အချိန်တို့ကိုလည်း ချဲ့ထွင်သင့်သောနေရာ မဟုတ်လျှင် မချဲ့ထွင်သင့်ပေ။ ဤအကွက်တွင် အရေးအကြီးဆုံး၊ အဆိုင်ဆုံး ကိစ္စများကိုသာ လိုရင်းကို ရောက်အောင် ယုတ္တိယုတ္တာ ရှိစေသော အကြောင်းအချက်များဖြင့်သာ တန်ဆာဆင်ရမည်။ ရာသီဘွဲ့၊ နာရီ၊ တော၊ တောင်၊ ရေ၊ မြေဘွဲ့နှင့် မရှည်သင့်ပေ။ စာဖတ်သူ ငြီးငွေ့ပေလိမ့်မည်။

ဤသို့လျှင် နာမည်ကျော် ဆရာကြီးများ ရေးသားသော ဝတ္ထုကောင်းများကို များများဖတ်ကာ မိမိဉာဏ်နှင့် ဝေဖန်ခြင်းကို လေ့ကျင့်ပေးလျှင် ရေးနည်းရေးပုံ ဗဟုသုတ များလာပေလိမ့်မည်။

ဝတ္ထုရှည်ကြီးများကို စတင် မရေးသားမီ ဝတ္ထုတိုကလေးများကို စတင်ရေးသားရမည်။ အဖွဲ့အနွဲ့ကောင်းသော စာရေးဆရာ ဖြစ်လိုက သဘာဝအလျောက်ဖြစ်တတ်သော ရာသီ၊ ရှုမျှော်ခင်းများ၊ အချိန်များ၊ တောတောင် ရေမြေများကို စာဖတ်သူတွင် ကွင်းကွင်းကွက်ကွက် ပေါ်လာအောင် ပျောင်းနွဲ့သော အဖွဲ့အနွဲ့ဖြင့် ရေးသားမှုကို လေ့ကျင့်ရာသည်။

ဤအဖွဲ့များကား ဝတ္ထုတွင် နေရာတကာ ညှပ်၍ မကောင်းပေ။ ဥပမာ–ဇာတ်ကြောင်းတွင် မိန်းမကလေးအား လင်က အထင်မှား၍ အိမ်မှ နှင်ချလိုက်ရာ၊ ညကြီးမင်းကြီး မိုးရေထဲတွင် သွားရမည့်အခါ ဤအခန်းဖြင့် ပရိသတ်

မျက်ရည်ကို ညှစ်ထုတ်လိုအံ့။ ထိုအခါ ကြောက်မက်ဖွယ်ကောင်းသော ညဥ့်အခါ၏ မှောင်မည်းခြင်း၊ မိုးခြိမ်းသံ၊ လျှပ်စီးပြက်သံ၊ လေကြီးရောသော မိုးသည်းစွာ ရွာလာဟန် စသည့် ရှုမျှော်ခင်းကို ပရိသတ် မြင်လာအောင်၊ ဒုက္ခတွင်းကြီးသဖွယ် အာရုံပြုလာအောင် ဖွဲ့နွဲ့ခြင်း၊ ထိုဒုက္ခတွင်းကြီးထဲသို့ အားနွဲ့သော သနားဖွယ် မိန်းမကလေးကို ထည့်သွင်း ဆက်စပ်ပေးခြင်းအားဖြင့်သာ မျက်ရည်ကို ညှစ်ပေးရမည်ဖြစ်ရာ ဤအခါ ဖွဲ့နွဲ့ပုံမျိုးကို လိုလားအပ်ပေသည်။ သာမန်ကာလျှံကာ မရေးဘဲ သရုပ်ပေါ်လာအောင် ရေးပေးရချေမည်။ ရှည်တိုင်း သရုပ်ပေါ်သည် မဟုတ်ချေ။ အဓိပ္ပာယ် ဆက်စပ်သော ဝါကျတိုများဖြင့် ခြံ၍ ရေးသားနိုင်မှသာ စာရေးကောင်း ဖြစ်ချိမ့်မည်။ ဤရှုမျှော်ခင်းမျိုးလည်း ကိုယ်တိုင် လက်တွေ့ ကြည့်ရှုမှတ်ထားရမည်။

တော၊ တောင်၊ ရာသီ၊ အချိန်နာရီ၊ ကာလ စသည်တို့ကို လိုသည်ထက် ပိုအောင် မဖွဲ့စေရာ။ ဝတ္ထုရေးသားရာ၌ ဇာတ်လိုက်များမှ ပြောစကားသည် လူ တကယ်ပြောသည်နှင့် တူစေ၍ စာရေးသူ၏ ဖော်ပြချက်မှာ သရုပ်သကန်ကို ထင်ရှားစေရာသည်။ ဥပမာအားဖြင့်–

သာထွန်းအေးမှာ ခွေးကတက်ကို ခြေတစ်ဖက် လှမ်းလိုက်ရင်း–
'ကဲ... အမြ၊ ဇာတ်ပုံဆရာ ခေါ်လာတယ်ဟေ့။ အဝတ်အစားတွေ လဲစမ်း။ ငါ့နှမ အပြင်မှာ ဒါလောက် ချောလှတာ၊ ဇာတ်ပုံထဲမှာ ချော မချော သိရအောင်' ဟု ပြောသည့်အတွက်–
'အို... ကိုကြီးအေးကလဲ' ဟု ရှက်သလို ပြုံးစနဲ့နဲ့ဖြင့် သိန်းမြင့်အား ကြည့်ကာ– 'အမြ တစ်ခါမှ ဇာတ်ပုံမရိုက်ဖူးဘူး၊ ရှက်စရာကြီး' ဟု ပြောမှ သိန်းမြင့်လည်း မြ မျက်နှာ ရဲစေရန် ဣန္ဒြေကြီးလှသော မိမိ မျက်နှာကို ပြုံးယောင်ယောင် လုပ်လိုက်ရင်း–
'ကဲပါ... မြရယ်၊ အဝတ်အစား လဲမနေပါနဲ့တော့။ ဒီလို ရိုးရိုးကလေး ရိုက်တာပဲ ကောင်းပါတယ်' ဟု ပြောပြောဆိုဆိုနှင့် အိမ်ခေါင်းရင်းဘက်တွင် ဇာတ်ပုံရိုက်ရန် နေရာ ရွေးချယ်လေ၏။

အထက်ပါ နမူနာတွင် ' ' ဤကဲ့သို့ အမှတ်အသားတွင်းရှိ စာသားများမှာ ဇာတ်လိုက်များ တစ်ဦးကိုတစ်ဦး တိုက်ရိုက်ပြောပုံဖြစ်၍ ကြွင်းသော စကားများမှာ စာရေးသူ၏ ဖော်ပြချက် ဖြစ်လေသည်။ စာရေးသူ၏ ဖော်ပြချက်မှာ တိုတိုနှင့် ထိစေသလို တစ်ဦးကိုတစ်ဦး ပြောစကားများမှာလည်း လိုသော

အဓိပ္ပာယ် ရောက်အောင် တိုတိုနှင့် အချိတ်အဆက် ညီရမည်။ စာရွက်ပေါ်တွင် ရေးပုံမှာလည်း ယခု ကျွန်ုပ် ဖော်ပြသကဲ့သို့ တစ်ပိုဒ်စီ၊ တစ်ကန့်စီ ရေးသား ပေးရမည်။ ကျွန်ုပ် ရေးသားသော "ချစ်ဝတ်မှုန်"ဝတ္ထု လက်ရေးကော်ပီကို နမူနာ ပြလိုက်ခြင်း ဖြစ်၏။

ဖော်ပြခဲ့ပြီးသည့်အတိုင်း– (၁) ဝေဖန်ခြင်း၊ (၂) ဖွဲ့နွဲ့ရေးသားခြင်း၊ (၃) သဘာဝ အဖြစ်အပျက်ကလေးများကို သရုပ်ပေါ်အောင် ရေးသားလေ့ကျင့်ခြင်း၊ (၄) ဇာတ်လိုက် ပြောစကားနှင့် စာရေးဆရာ ဖော်ပြချက် ခွဲခြားခြင်း စသည်တို့ကို ပထမ လေ့ကျင့်ကြစေလိုသည်။ နောင် အလျဉ်းသင့်လျှင် ဇာတ်ကွက် တည်ပုံများ ဆက်လက် ဖော်ပြပါဦးမည်။ ။

**ဆက၁ကြီး ထိပ်တင်**



# ဆကာကြီးထိပ်တင်

# ပျို့ကရဂဏာ

၁၉၄၀ ပြည့်နှစ်တစ်ဝိုက် မြန်မာဝတ္ထုလောကတွင် အပျော်ဖတ်ဝတ္ထုများ အတော်အတန် ကျယ်ပြန့်သော နေရာကို ယူခဲ့သည်။ အချစ်စကား ခပ်ကြမ်းကြမ်းကလေးတွေ သုံး၍။ လူငယ်လူရွယ် စာဖတ်ပရိသတ်တို့ အပျော်ဖတ်ကြ၍။ လူကြိုက် များခဲ့၍။ စာဖတ်ပရိတ်သတ် အများကို စုစည်းနိုင်ခဲ့သည်။ ထို့ကြောင့် မြန်မာဝတ္ထုများကို လေ့လာရာတွင် အပျော်ဖတ် ဝတ္ထုများကိုလည်း ထိုက်သင့်အားလျော်စွာ လေ့လာသင့်ပေသည်။ ထိုဝတ္ထုအမျိုးအစားတွင် 'ပျို့ကရဂဏာ' ဝတ္ထုသည် အထင်ရှားဆုံးနှင့် အကောင်းဆုံး ဖြစ်ပေသည်။

– မလိခ၏ မြန်မာဝတ္ထုအညွှန်းနှင့် မြန်မာစာပေ အဘိဓာန်...မှ။

YP492

9 781995 004921